ကြေးမုံ
The Mirror

၁၃၆၅ ခုနှစ်၊ ဝါဆိုလဆန်း ၅ ရက်၊ ကြာသပတေးနေ့၊ (3-7-2003) (၃၉၂၀)

ကတညုတာ တော် မင်္ဂလ မုတ္တမံ။

သူ့ကျေးဇူးကို သိခြင်းသည် မြတ်သောမင်္ဂလာ မည်၏။

ဘယ်လာရုစ်သမ္မတနိုင်ငံ လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

ရန်ကုန် ဇူလိုင် ၃

၂၀၀၃ခုနှစ် ဇူလိုင် ၃ ရက်တွင် ကျရောက်သော ဘယ်လာရုစ် သမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စု မြန်မာနိုင်ငံတော် – နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ အလက်ဇန္ဒား၊အာရ်၊လူကာရှန်ကိုထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

ကျော–ရေမျက်နီ–ဂန့်ဂေါ၊ ယောနယ်မှပြည်သူများ ရထားစီး၍ မြန်မာပြည်အနှံ့ ခရီးဆန့်နိုင်တော့မည် ပုံညာတောင်ကိုကျော်ဖြတ်၍ နိုင်ငံတကာအဆင့်မီ ရထားလမ်းဖောက်

ကွင်းဆင်းလေ့လာရေးသားသူ – ခရမ်းစိုးမြင့်၊ ဓာတ်ပုံမှတ်တမ်းတင် – ရေချမ်းမြင့်

ရန်ကုန် ဇူလိုင် ၂

၂၀၀၃ ခုနှစ် ဇွန်လ ၁၅ ရက်နေ့ကဖြစ်သည်။ ကြေးမုံသတင်းအဖွဲ့သည် စစ်ကိုင်းတိုင်း ချင်းတွင်းမြစ်၏အနောက်ဘက် မကွေးတိုင်း ယောဒေသဟုခေါ်သည့် ပုံတောင်၊ ပုံညာတောင်တန်းများအပေါ်သို့ ရောက်ရှိနေကြသည်။

ဂုဏ်ပြု

ထိုသို့ရောက်ရှိနေခြင်းမှာ ပခုက္ကူ–ဂန့်ဂေါ–ကလေးသို့ ဆက်သွယ်ဖောက်လုပ်လျက်ရှိသော ရထားလမ်းပိုင်း၌ ပါဝင်သည့် ပုံညာတောင် ဥမင်ရထားလမ်းကြီး အရှေ့မှအနောက် တိုးလျှိုပေါက် ပေါက်သွားပြီး ဥမင်ချဉ်းကပ်ရထားလမ်း ၂၆ မိုင်ကိုလည်း ဖောက်လုပ်လျက်ရှိရာ ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထား၏ အောင်မြင်မှုအကြောင်း သတင်းကောင်းကို ဂုဏ်ပြုသတင်းဆောင်ပါး ရေးသားတင်ပြနိုင်ရန်ဖြစ်သည်။

ဤနေရာတွင် ကြေးမုံသတင်းသမားက အနည်းငယ်ရေးသားတင်ပြလိုပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ဘက်စုံ၊ ကဏ္ဍစုံ၌ ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် တိုင်းရင်းသားစည်းလုံးညီညွတ်မှု **စာမျက်နှာ ၈ ကော်လံ ၁ သို့ ☆**

ပုံညာတောင် ဥမင်အနောက်ဘက်အပိုင်း ဥမင်ချဉ်းကပ်ရထားလမ်းများကို မြန်မာ့မီးရထားက ဖောက်လုပ်လျက်ရှိရာ မျက်မြောင်ဒေသတွင် တောင်ကြားဖြတ်ကျော် သံလမ်းခင်းလုပ်ငန်းများ ပြီးစီးနေသည်ကို ဇွန် ၁၅ ရက်က ဤသို့တွေ့ခဲ့ရသည်။ (ဓာတ်ပုံ–ရေချမ်းမြင့်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✻ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

ယနေ့ထုတ်စောင်ရေ

၂၂၃၉၅၇

(၁၆)ကြိမ်မြောက် ကျောက်မျက်နှင့် ကျောက်စိမ်း ရောင်းချပွဲကျင်းပမည်

ရန်ကုန် ဇူလိုင် ၂

ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်၏ (၁၆)ကြိမ်မြောက် ကျောက်မျက်နှင့် ကျောက်စိမ်းရောင်းချပွဲ(၂၀၀၃)ကို ၂၀၀၃ ခုနှစ် ဩဂုတ် ၅ရက်မှ ၈ရက် အထိ အမှတ်(၆၆) ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာအရောင်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ ဩဂုတ် ၅ရက်မှ ၇ရက်အထိ ကျောက်များကို ကြည့်ရှုစစ်ဆေးခြင်း၊ ဩဂုတ် ၈ရက်တွင် Bargain and Auction စနစ်ဖြင့် ရောင်းချခြင်းများကို ဆောင်ရွက်မည်ဖြစ်သည်။ဝယ်ယူလိုသူများသည် ဩဂုတ်၂ရက်မှစ၍ မှတ်ပုံတင်ကြေး နိုင်ငံသားကျပ် ၄၀၀၀၊ နိုင်ငံခြားသား အမေရိကန်ဒေါ်လာ ၂၀နှင့်အတူ မှတ်ပုံတင်စာရင်း ပေးသွင်းနိုင်သည်။

လာရောက်အပ်နှံ

ပုဂ္ဂလိက ကျောက်မျက်၊ ကျောက်စိမ်းလုပ်ငန်းရှင်များကလည်း မိမိရောင်းချလိုသည့် ကျောက်မျက်၊ ကျောက်စိမ်းနှင့် အချောထည်လက်ဝတ်ရတနာများကို ဇူလိုင် ၁၄ ရက်မှ ၂၄ ရက်အတွင်း လာရောက်အပ်နှံနိုင်ကြောင်းသိရသည်။

ဆက်သွယ်စုံစမ်းနိုင်

ရောင်းချရန်တင်သည့် ရတနာပစ္စည်း၏ တန်ဖိုးပေါ်တွင် သုည ဒသမ ၄ရာခိုင်နှုန်းကို မြန်မာ့စီးပွားရေး ဦးပိုင်လီမိတက်သို့ ပေးဆောင်ရမည်ဖြစ်ပြီး ရောင်းချရပါက ရောင်းရငွေပေါ်တွင် ရတနာခွန်ပေးဆောင်ခြင်းနှင့် ပတ်သက်၍ **စာမျက်နှာ ၈ ကော်လံ ၅ သို့ ☆**

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

၃-၇-၂၀၀၃
(ကြာသပတေးနေ့)

ကုန်ထုတ်လုပ်မှုတိုးတက်မြင့်မားအောင်ဆောင်ရွက် လေလွင့်ပြုန်းတီးမှုမရှိစေရေး ကြပ်မတ်ကွပ်ကဲ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး နိုင်ငံတကာနှင့်ရင်ပေါင်တန်း ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပြည်သူတို့၏ ပါဝင်ဆောင်ရွက်မှုစွမ်းအားဖြင့် ဘက်စုံ၊ကဏ္ဍစုံတွင် ကြိုးပမ်းတည်ဆောက် ဖြည့်ဆည်းပေးလျက်ရှိသည်။

ယခုအခါ နိုင်ငံတော်တွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးနှင့် တိုင်းရင်းသားပြည်သူတို့၏ လိုအပ်ချက်နှင့်အညီ ရေလှောင်တမံစီမံကိန်းများ၊ ရေထိန်းတံခါးများ၊ မြစ်ရေတင်စီမံကိန်းများ၊ စက်ရုံအလုပ်ရုံစီမံကိန်းများ၊ တက္ကသိုလ်၊ ကောလိပ်များနှင့် အထူးကုဆေးရုံကြီးများကို တည်ဆောက်အကောင်အထည် ဖော်ပေးလျက်ရှိသည်။

တိုင်းပြည်၏ ဖွံ့ဖြိုးတိုးတက်မှုလက္ခဏာကို ပြည်သူများ၏ အကျိုးစီးပွားကို အခြေခံသည့် တိုးတက်မှုရလဒ်များဖြင့် အကဲဖြတ်၍ရပေသည်။ ယနေ့ကာလတွင် နိုင်ငံတော်က နယ်စွန်နယ်ဖျားဒေသများအပါအဝင် ပြည်နယ်နှင့်တိုင်းအားလုံးတွင် စီးပွားရေး အခြေခံအဆောက်အအုံ၊ လမ်းပန်းဆက်သွယ်မှု အခြေခံအဆောက်အအုံနှင့် လူ့အရင်းအမြစ်ဖွံ့ဖြိုးရေး အဆောက်အအုံများကို တည်ဆောက်ဖြည့်ဆည်းပေးလျက်ရှိရာ တိုင်းရင်းသားပြည်သူတို့၏ လူနေမှုအဆင့်အတန်းလည်း တိုးတက်မြင့်မားလာလျက်ရှိပေသည်။

အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့၏(၁/၂၀၀၃) ညှိနှိုင်းအစည်းအဝေး ဒုတိယနေ့အစီအစဉ်ကို ဇူလိုင်လ ၁ရက်နေ့က ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စစ်ဆင်ရေးအစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပခဲ့ရာ အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တက်ရောက်၍ အမှာစကားပြောကြားသည်။

အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက အမှာစကားပြောကြားရာတွင် **ကုန်ထုတ်လုပ်မှုတိုးတက်မြင့်မားအောင် တွန်းအားပေးဆောင်ရွက်ကြရင်း တစ်ဖက်မှာလည်း ငွေကြေးသုံးစွဲမှုများကို ဘဏ္ဍာရေး စည်းမျဉ်း စည်းကမ်းများနှင့်အညီ စနစ်တကျသုံးစွဲပြီး မကုန်သင့်သည်များ မကုန်ကျစေရန် အလေးထားစိစစ် ကြပ်မတ်သုံးစွဲရန်၊ အလေအလွင့် အပြုန်းအတီးမရှိရအောင် အဆင့်ဆင့် ကြပ်မတ်ကွပ်ကဲကြရန် အလေးထားမှာကြားလိုကြောင်း** ပြောကြားခဲ့သည်။

နိုင်ငံတော်တွင် စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းအကောင်အထည်ဖော်ရာတွင် နိုင်ငံတော်နှင့်ပြည်သူတို့၏ လိုအပ်ချက်များနှင့်အညီ စက်ရုံအလုပ်ရုံများတည်ဆောက်ခြင်း၊ သွင်းကုန်အစားထိုးစက်ရုံများတည်ဆောက်ခြင်းတို့ကို စီမံဆောင်ရွက်လျက်ရှိသည်။ သာဓကအားဖြင့် ရမည်းသင်းဆေးဆိုးပန်းရိုက်စက်ရုံစီမံကိန်း၊ ကျောက်ဆည် စွပ်ကျယ်စက်ရုံစီမံကိန်းနှင့် အမှတ်(၃) စက္ကူစက်(ပလိပ်) စီမံကိန်းလုပ်ငန်းများမှာ ဆောင်ရွက်ပြီးစီးလျက်ရှိသည်။

စက္ကူထုတ်လုပ်ရေးအတွက် ဧရာဝတီတိုင်း သာပေါင်းမြို့နယ်၌ တစ်နေ့တန် ၂၀၀ ကျ ပျော့ဖတ်စက်ရုံ၊ တန် ၅၀ ကျ အဆင့်မြင့်စက္ကူစက်ရုံ၊ တစ်နေ့တန် ၆၀ ကျ အရောင်ချွတ်ပြီး ဓာတုစက်ကြိတ်ပျော့ဖတ်သတင်းစာစက္ကူစက်ရုံစီမံကိန်းများကိုလည်း ဆက်လက် အကောင်အထည်ဖော်လျက်ရှိသည်။

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးတွင် အရေးပါသည့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနက နည်းပညာတက္ကသိုလ်လေးခု၊ ကွန်ပျူတာတက္ကသိုလ်နှစ်ခု၊ မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်တစ်ခု၊ အစိုးရကွန်ပျူတာကောလိပ် ၂၄ခု၊ အစိုးရနည်းပညာကောလိပ် ၂၆ခု၊ အစိုးရ စက်မှုလက်မှုသိပ္ပံ ကိုးခုတို့ကို အသစ်ဖွဲ့စည်း၊ အဆင့်တိုးမြှင့်ဖွင့်လှစ်နိုင်ခဲ့သည်။

အမျိုးသားပညာရည် မြင့်မားရေးစီမံကိန်းအစီအစဉ်အရ ပညာရေးဝန်ကြီးဌာနအနေဖြင့် ၂၀၀၂ ခုနှစ်နောက်ပိုင်းတွင် တက္ကသိုလ်၊ ဒီဂရီကောလိပ် စုစုပေါင်း ၁၂ခု တိုးချဲ့ဖွဲ့စည်းနိုင်ခဲ့သည်။ ၁၉၈၈ခုနှစ်တွင် တက္ကသိုလ်၊ ကောလိပ်၊ ဒီဂရီကောလိပ် ၂၇ခု တည်ရှိခဲ့ပြီး ယခုအခါ တက္ကသိုလ်၊ ကောလိပ်၊ ဒီဂရီကောလိပ် ၆၄ခု တည်ရှိနေပြီဖြစ်သည်။

အလားတူ ကျန်းမာရေးဝန်ကြီးဌာနကလည်း တည်ရှိပြီး ဆေးတက္ကသိုလ်များ၌ တိုးချဲ့ဆောင်ရွက်ခြင်း၊ ဆေးတက္ကသိုလ်အသစ်များ တည်ဆောက်ဖွင့်လှစ်ခြင်း၊ ဆေးရုံသစ်ကြီးများ တိုးချဲ့တည်ဆောက်ခြင်း၊ သင်ကြားရေးဆေးရုံသစ်များ တည်ဆောက်ခြင်း လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိပေသည်။

သို့ဖြစ်ရာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု၊ တိုင်းရင်းသားပြည်သူများ၏ လူနေမှုအဆင့်မြင့်မားတိုးတက်မှုတို့အတွက် ချမှတ်အကောင်အထည်ဖော်လျက်ရှိသော အထူးစီမံကိန်းလုပ်ငန်းများ သတ်မှတ်ချိန်အမီ ပြီးစီးရေး၊ ကုန်ထုတ်လုပ်မှု တိုးတက်မြင့်မားရေးတို့အတွက် ဆောင်ရွက်ကြရာတွင် ကဏ္ဍတိုင်း၊ လုပ်ငန်းတိုင်း၌ ငွေကြေး၊ အချိန်၊ ပစ္စည်း အလေအလွင့်မရှိစေရေး စနစ်တကျ ကြပ်မတ်ကွပ်ကဲသွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဗြိတိန်ဝန်ကြီးချုပ် တိုနီဘလဲ နောက်ထပ်စိန်ခေါ်မှုနှင့် ရင်ဆိုင်နေရ

ဝါရှင်တန် ဇူလိုင် ၂

ဗြိတိန်နိုင်ငံ လစ်ဘရယ်ဒီမိုကရက်တစ်ပါတီခေါင်းဆောင် ချားလ်စ်ကနေဒီက ဗြိတိသျှဝန်ကြီးချုပ် တိုနီဘလဲအား အီရတ်နိုင်ငံ၏ ပိတ်ပင်တားဆီးထားသော လက်နက်များနှင့်စပ်လျဉ်းသည့် အထောက်အထားများကို ပါလီမန်ကော်မတီရှေ့တွင် ထုတ်ဖော်ပြသရန် တိုက်တွန်းထားရာ ဝန်ကြီးချုပ် တိုနီဘလဲမှာ အတိုက်အခံပါတီ၏ နောက်ထပ်စိန်ခေါ်မှုတစ်ရပ်နှင့် ရင်ဆိုင်တွေ့ကြုံနေရသည်။

လစ်ဘရယ် ဒီမိုကရက်တစ်ပါတီခေါင်းဆောင်ကနေဒီက တိုနီဘလဲအား ဖော်ပြပါကိစ္စနှင့် စပ်လျဉ်း၍ ပါလီမန်ကော်မတီရှေ့မှောက် အရောက်လာရန် ဆက်လက် တိုက်တွန်းထားကြောင်း ဘီဘီစီရေဒီယိုနှင့် တွေ့ဆုံမေးမြန်းရာတွင် ပြောကြားသည်။ အီရတ်နိုင်ငံအား တိုက်ခိုက်နိုင်ရေးအတွက် အီရတ်နိုင်ငံ၏ အဖျက်စွမ်းအားကြီးလက်နက်များကိစ္စအား ခြိမ်းခြောက်မှုတစ်ရပ်အဖြစ် ပုံကြီးချဲ့ကားကာ ဆောင်ရွက်ခဲ့ခြင်း ရှိ၊မရှိ အဆိုပါကော်မတီက စစ်ဆေးနေခြင်းဖြစ်သည်။

အောက်လွှတ်တော်ရှေ့မှောက် လာရောက်၍ စစ်ဆေးခံရန် တိုက်တွန်းမှုများကို ငြင်းဆိုနေချိန်ကြာမြင့်လေလေ လွတ်လပ်စွာဖွဲ့စည်းထားသည့်တရားရေးဆိုင်ရာ စုံစမ်းစစ်ဆေးရန်ကိစ္စသည် ပိုမိုကြီးကျယ်သထက် ကြီးကျယ်လာမည်ဖြစ်ကြောင်း ကနေဒီကပြောကြားသည်။ ယင်းအချက်သည် တိုနီဘလဲဘက်က မှားယွင်းသည်ဟု ထင်မိကြောင်း၊ ယင်းသို့အစစ်ဆေးမခံပါက တိုနီဘလဲ၏ ရုံးအပေါ် ယုံကြည်ကိုးစားနေမှုကို ဖျက်ဆီးရာရောက်ကြောင်း ကနေဒီက ဆက်လက်ပြောကြားသည်။

တိုနီဘလဲ၏ ရုံးခန်းသည် အီရတ်နိုင်ငံ၏ တားမြစ်လက်နက်များနှင့် ပတ်သက်သည့်မှတ်တမ်းများအား မိမိလိုရာဆွဲ၍ ပုံကြီးချဲ့ကားနေကြောင်း စွပ်စွဲထားမှုကိစ္စများနှင့် နပန်းလုံးလျက်ရှိသည်။ ပါလီမန်ကော်မတီနှစ်ရပ်က အီရတ်စစ်ပွဲမဖြစ်ပွားမီကာလတွင် တိုနီဘလဲအနေဖြင့် ဗြိတိသျှပြည်သူများနှင့် ပါလီမန်တို့အား လမ်းမှားရောက်အောင် ပို့ဆောင်ခဲ့မှုနှင့် ပတ်သက်၍လည်း စစ်ဆေးလျက်ရှိသည်။

နိုင်ငံခြားဆက်ဆံရေးကော်မတီက ပြည်သူလူထုနှင့်တွေ့ဆုံကာ ပါလီမန်သို့ အစီရင်ခံရသည့် ကော်မတီဖြစ်သည်။ တိုနီဘလဲက ထောက်လှမ်းရေးနှင့် လုံခြုံရေးကော်မတီ ရွေးချယ်မခန့်ထားမီနှင့် တိုနီဘလဲထံ အစီရင်မခံရမီ ဖော်ပြပါကော်မတီရှေ့မှောက်အစစ်ဆေးခံရန် ကတိပြုထားသည်။

တိုနီဘလဲက အီရတ်တွင် တားမြစ်လက်နက်များ တွေ့ရှိနိုင်ကြောင်း ထပ်တလဲလဲပြောကြားလျက်ရှိပြီး ယင်းကိစ္စကြောင့် အီရတ်တွင် ဖော်ပြပါလက်နက်များ ရှာဖွေမတွေ့ရှိမှုကြောင့် အကြီးအကျယ် ဖိအားပေးမှု ခံနေရကြောင်း ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဇူလိုင် ၁ ရက်က ဘဂ္ဂဒက်မြို့တော်တွင် အမေရိကန် တပ်သားများက ကားတစ်စီးကို စစ်ဆေးစဉ်။
(ဓာတ်ပုံ-အင်တာနက်)

တရုတ်ပြည်၌ ဆားစ်ရောဂါဖြစ်ခဲ့သော်လည်း ရှန်ဟိုင်းမြို့ ပြည်ပရင်းနှီးမြှုပ်နှံမှုတိုးတက်ခဲ့

ရှန်ဟိုင်း ဇူလိုင် ၂

ကူးစက်မြန်ပြင်းထန် အသုတ်ရောင်ရောဂါ(ဆားစ်)ဖြစ်ပွားမှု တရုတ်ပြည်တွင်ဖြစ်ပွားခဲ့သော်လည်း ရှန်ဟိုင်းမြို့သည် ယခုနှစ် ပြည်ပရင်းနှီးမြှုပ်နှံမှု အသုံးချမှု ပမာဏ သိသိသာသာ တိုးတက်လာခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

ဇန်နဝါရီနှင့် မေလအတွင်း ရှန်ဟိုင်းမြို့တွင် ကန်ထရိုက်စာချုပ်များမှ အမေရိကန်ဒေါ်လာ ၂ဒသမ ၉၉ ဘီလျံ ရင်းနှီးမြှုပ်နှံပြီးခဲ့သည့်ပမာဏနှင့်အတူ ကန်ထရိုက်စာချုပ်များမှ ရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၅ ဒသမ ၁၆ ဘီလျံကို ရရှိစေရန် ဆောင်ကြဉ်းပေးနိုင်ခဲ့ပြီး ယမန်နှစ် အလားတူကာလကထက် ၄၀ ရာခိုင်နှုန်း မြင့်တက်လာခြင်းဖြစ်သည်။

ပြည်ပငွေကြေး မတည်ထားသည့် စုစုပေါင်းစီမံကိန်း ၂၀၂၂ ခုကိုလည်း ငါးလအတွင်း အတည်ပြုပေးခဲ့ရာ နှစ်အလိုက် ၇၀ ရာခိုင်နှုန်း တိုးမြင့်လာခြင်းဖြစ်သည်။

ကန်ထရိုက်စာချုပ်များမှ ငွေကြေးရင်းနှီးမြှုပ်နှံမှုတစ်ရပ်လုံး၏ သုံးပုံ၊တစ်ပုံနီးပါးသည် ရှန်ဟိုင်းတွင် ငွေကြေးမတည်သည့် စီမံကိန်းဆောင်ရွက်သောကုမ္ပဏီများထံမှ ရရှိခြင်းဖြစ်သည်။

ဇန်နဝါရီမှ ဧပြီလအတွင်း ဖက်စပ်လုပ်ငန်း ၃၀ နီးပါးသည် နောက်ထပ်ရင်းနှီးမြှုပ်နှံမှုအဖြစ် အမေရိကန်ဒေါ်လာ ၁၀သန်းကျော်စီ ရရှိခဲ့သည်။

ရှန်ဟိုင်း ခေတ်မီ တစ်ပိုင်းလျှပ်ကူးပစ္စည်းကုမ္ပဏီက နှစ်စဉ် ရင်းနှီးမြှုပ်နှံမှုအဖြစ် ၂၀ရာခိုင်နှုန်းကျော် ရရှိခဲ့ကြောင်း ၎င်းကုမ္ပဏီဒုတိယအထွေထွေမန်နေဂျာ လူရှူဟိုင်းက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အိန္ဒိယဆိုင်ရာ ပါကစ္စတန်သံအမတ်ကြီး တာဝန်ထမ်းဆောင်ရန် ကုန်းလမ်းခရီးဖြင့်သွား

ဝါဂါ(ပါကစ္စတန်) ဇူလိုင် ၁

ချူကလီးယားလက်နက်ပိုင်ရှင် ပြိုင်ဘက်နှစ်နိုင်ငံဖြစ်သည့် ပါကစ္စတန်နှင့် အိန္ဒိယနှစ်နိုင်ငံအကြားတင်းမာမှုများ လျော့ပါးသက်သာပြီးခဲ့သည့်နောက် အိန္ဒိယနိုင်ငံဆိုင်ရာ ပါကစ္စတန်သံအမတ်သစ်သည် ၎င်း၏ တာဝန်ဝတ္တရားများ ထမ်းဆောင်နိုင်ရန်အတွက် အိန္ဒိယနိုင်ငံတွင်းသို့ ကုန်းလမ်းခရီးမှ သွားရောက်ခဲ့သည်။

၎င်းသံအမတ်ကြီးသည် အဇစ်အာမက်ခန်းဖြစ်ပြီး ၎င်း၏ဇနီး၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ နှစ်နိုင်ငံအကြား လက်ရှိဖွင့်လှစ်ထားသည့် တစ်ခုတည်းသော တရားဝင်ဖြတ်သန်းရာလမ်းဖြစ်သည့် ဝါဂါမှတစ်ဆင့် ဖြတ်သန်းခဲ့ခြင်းဖြစ်သည်။

ယခင်က ပါကစ္စတန်နိုင်ငံခြားရေးဝန်ကြီးဌာန၏ ပြောရေးဆိုခွင့်ရှိသူတစ်ဦးအဖြစ် လုပ်ကိုင်ဖူးသူ အာမက်ခန်းသည် အာဖဂန်နစ္စတန်ဆိုင်ရာ ပါကစ္စတန်သံအမတ်ကြီးအဖြစ်လည်းကောင်း၊ နယူးဒေလီတွင် အထက်တန်း သံတမန်အဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့သည်။ ၎င်းသည် နိုင်ငံခြားရေးမူဝါဒနှင့် ပတ်သက်၍ အလယ်အလတ် သဘောထားရှိသူအဖြစ် နာမည်ကျော်ကြားသူဖြစ်သည်။

အိန္ဒိယဝန်ကြီးချုပ် ဗာဂျ်ပါယီးက ပါကစ္စတန်နိုင်ငံနှင့် အစဉ်ထာဝရငြိမ်းချမ်းရေးရရှိစေရန် နောက်ဆုံးအားထုတ်ကြိုးပမ်းမည်ဟု ဧပြီလ အတွင်းက ကြေညာခဲ့ပြီးသည့်နောက် ပါကစ္စတန်နှင့် အိန္ဒိယနိုင်ငံတို့သည် သံတမန်ဆက်ဆံရေး ဆက်လက်ထိန်းသိမ်းထားရန် သဘောတူညီကြသည်။

အမ်အင်အေ၊ရိုက်တာ။

အီရတ်ရှေးဟောင်းပစ္စည်းများ ဝယ်ယူခဲ့သူက ပြန်အပ်

ဘဂ္ဂဒက် ဇွန် ၃၀

အမေရိကန်ဦးဆောင်သည့် တပ်များက ဘဂ္ဂဒက်မြို့တော်ကို သိမ်းပိုက်ပြီးနောက် အီရတ်ပြတိုက်မှ လုယက်သွားသော ရှေးနှစ်ပေါင်း ၃၀၀၀ ကျော်က ရှေးဟောင်းပစ္စည်းအချို့ကို ဟိုတယ်ပိုင်ရှင်တစ်ဦးက ဝယ်ယူခဲ့ပြီးနောက် ယခုအခါ သက်ဆိုင်ရာသို့ ပြန်လည်ပေးအပ်သည်။

ဟိုတယ်ပိုင်ရှင်တစ်ဦးက ပြန်အပ်သည့် အီရတ်ရှေးဟောင်း အနုပညာလက်ရာပစ္စည်းပေါင်း ၁၅၇ ခုရှိ သည်ဟု သိရသည်။

အင်တာနက်။

ထုတ်ကုန်နှစ်ဆ တိုးမြှင့်ကြ

လက်နက်တိုက်ပေါက်ကွဲ၍ လုယက်သူ ၃၀သေဆုံး အမေရိကန်စစ်သားများက လူ ၁၈၀ကိုဖမ်းဆီးထား

ဘဂ္ဂဒက် ဇွန် ၃၀

အမေရိကန်စစ်သားများက ၎င်းတို့အား ခုခံတိုက်ခိုက်နေမှုများကို ချေမှုန်းရန်မသင်္ကာဖွယ်နေအိမ်များကို ဝင်စီးပြီး လူပေါင်း ၁၈၀ကို ဖမ်းဆီးလိုက်ကြောင်း အမေရိကန်စစ်ဘက်က တနင်္လာနေ့တွင် ထုတ်ဖော်ကြေညာသည်။

ကြေညာ

လက်နက်တိုက်တစ်ခုတွင် ရက်သတ္တကုန်ပိုင်းက ပေါက်ကွဲမှုတစ်ရပ်ဖြစ်သဖြင့် အနည်းဆုံး လုယက်သူ ၃၀ သေဆုံးကြောင်း ဒေသခံပြည်သူများက ပြောကြားစဉ် အမေရိကန် စစ်တပ်ကအထက်ပါအတိုင်း ကြေညာလိုက်ခြင်းဖြစ်သည်။

သေဆုံး

ဘဂ္ဂဒက်မြို့တော် အရှေ့မြောက်ဘက်မိုင် ၁၆၀ ခန့်အကွာ သဲကန္တာရဒေသမှ လက်နက်တိုက်တစ်ခု၌ စနေနေ့က ပေါက်ကွဲမှုဖြစ်ပွားသဖြင့်လူအချို့သေဆုံးကြောင်း၊ လုယက်သူအချို့ကို အမေရိကန်တပ်များက ဖမ်းဆီးပြီး အီရတ်ရဲများလက်သို့အပ်ကြောင်း ဒေသခံများက ပြောဆိုသည်။

အမေရိကန် တပ်များသည် လုယက်မှုအပါအဝင် အထွေထွေရာဇဝတ်မှုများ ထူပြောလာမှုကို ချေမှုန်းရန် ကြိုးပမ်းလျက်ရှိသည်။ ထို့ပြင် မကြာမီ ရက်သတ္တပတ်များအတွင်းက နေ့စဉ်လို တိုက်ခိုက်ခံနေရသည့် ၎င်းတို့အပေါ် ခြိမ်းခြောက်မှုကိုလည်း ရင်ဆိုင်တိုက်ပွဲဝင်နေရသည်။

ပြောဆိုအပြစ်တင်

၎င်းတို့အားခုခံတိုက်ခိုက်နေသူများမှာ ဆက်ဒမ်ဟူစိန်အား သစ္စာခံသူများဖြစ်သည်ဟု အမေရိကန်တပ်များက ပြောဆိုအပြစ်တင်နေကြသော်လည်း အချို့သောခုခံတိုက်ခိုက်ရေးသမားများမှာဆက်ဒမ်ဟူစိန်နှင့်မပတ်သက်ဘဲအမေရိကန်တပ်များ သိမ်းပိုက်မှုကို ဆန့်ကျင်ခြင်းသာဖြစ်ကြောင်း အီရတ်ပြည်သူတို့က ပြောဆိုနေကြသည်။

ကျူးကျော်သူ အမေရိကန်စစ်သားများသည် အီရတ်ပြည်သူများအား အခြေခံဝန်ဆောင်လုပ်ငန်းများ ဖြည့်ဆည်းမပေးသည့်ပြင် လုံခြုံမှုလည်းမပေးနိုင်၊ ၎င်းတို့အားလည်း လေးစားမှုမရှိဟု ပြည်သူတို့က ယုံကြည်နေကြသည်။

အင်တာနက်။

ဘဂ္ဂဒက်မြို့လယ်၌အမေရိကန်စစ်ယာဉ် ပေါက်ကွဲ အမေရိကန်စစ်သည်လေးဦးဒဏ်ရာရ

ဘဂ္ဂဒက် ဇူလိုင် ၂

အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက် မြို့လယ်ဒေသတွင် အမေရိကန်စစ်ဘက်ဆိုင်ရာယာဉ်တစ်စီး အင်္ဂါနေ့က ပေါက်ကွဲမီးလောင်ကြောင်း၊ ပြင်းထန်စွာဒဏ်ရာရရှိထားသည့် အမေရိကန်စစ်သားလေးဦးကို အခြားစစ်သည်များက ဆွဲထုတ်ခဲ့ကြရကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

မြို့တော် ဘဂ္ဂဒက်ရှိ အယ်လ်-မူစတာဆီနီယာ တက္ကသိုလ်အနီးတွင် စစ်သည်တင်သံချပ်ကာကားတစ်စီး ပေါက်ကွဲမှုဖြစ်ပွားခဲ့ကြောင်း ၎င်းတို့က ပြောကြားကြသည်။

အမေရိကန်စစ်ဘက်ဆိုင်ရာ ယာဉ်တစ်စီးနှင့်အီရတ်လူမျိုးပိုင် ကားတစ်စီးတို့ မီးလောင်ကျွမ်းလျက်ရှိသည်ကို မိမိတွေ့မြင်သည်ဟု ရိုက်တာသတင်းထောက်တစ်ဦးကသတင်းပို့သည်။

မည်သည့်အတွက်ကြောင့် ပေါက်ကွဲမီးလောင်မှု ဖြစ်ပွားသည်ကို လောလောဆယ် မသိရှိရသေးပေ။ အမေရိကန်စစ်ဘက်ဆိုင်ရာကားနှင့်အီရတ်လူမျိုးပိုင်ကားတစ်စီးတို့ အတူယှဉ်တွဲကာ မီးလောင်လျက်ရှိသည်ကို တွေ့မြင်ရကြောင်း၊ ဒုံးကန်အားသုံးဗုံး ဖြင့်တိုက်ခိုက်မှုရှိသည်ဟု ယူဆရကြောင်း မျက်မြင်တွေ့ရှိသူအချို့က ပြောကြားသည်။

အမေရိကန်စစ်သည်များပါရှိသည့် အဆိုပါစစ်ယာဉ်ကို ပေါက်ကွဲစေနိုင်သည့်ပစ္စည်းများအား တင်ဆောင်လာသော ကားတစ်စီးက ဝင်တိုက်ခြင်းဖြစ်သည်ဟု ပြောဆိုမှုများလည်း ပေါ်ထွက်ခဲ့သည်။

ငြင်းဆို

မြို့တော်ဘဂ္ဂဒက် အနောက်ဘက်မိုင် ၃၀ အကွာ ဖော်လူဂျာမြို့တွင် ဇွန် ၃၀ ရက်ညက ဗလီဝတ်ကျောင်း ခြံဝင်းအတွင်း ဧရာမပေါက်ကွဲမှုကြီးတစ်ရပ် ပေါ်ထွက်ခဲ့သည်။ အမေရိကန်စစ်သည်များက ဒုံးကျည်ဖြင့် တိုက်ခိုက်ခြင်းကြောင့် ပေါက်ကွဲမှုဖြစ်ရသည်ဟု အီရတ်လူမျိုးများက ပြောကြားသော်လည်း ယင်းသို့ ပြောကြားချက်ကို အမေရိကန်စစ်ဘက်က ငြင်းဆိုသည်။ ဗလီဝတ်ကျောင်းအတွင်း သိုဝှက်ထားသော လက်နက်များ မတော်တဆပေါက်ကွဲမှု ဖြစ်ပွားခြင်းသာဖြစ်ကြောင်း အမေရိကန်တာဝန်ရှိသူများက ပြောကြားကြသည်။ ***အင်တာနက်။***

အီရတ်မြို့တော်ဘဂ္ဂဒက် အရှေ့မြောက်ဘက် ကီလိုမီတာ ၈၀ အကွာ ရှာရာဝန်ကျေးရွာတွင် အမေရိကန်တပ်ဖွဲ့က လက်နက်ပုန်း ရှာဖွေဖော်ထုတ်ရေးနှင့် ပြောက်ကျားများအဖြစ် သင်္ကာမကင်းခံရသူများအား ရှာဖွေ ဖမ်းဆီးမှု စစ်ဆင်ရေးလုပ်ငန်း ဆောင်ရွက်နေသည့် အမေရိကန်စစ်ယာဉ်တစ်စီးကိုတွေ့မြင်ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

မြို့တော်ဘဂ္ဂဒက်အနောက်ဘက် ဖော်လူဂျာမြို့တွင် ပျက်စီးသွားသော အီရတ်လူမျိုးပိုင်ကားတစ်စီးကို အီရတ်လူမျိုးများက ဝိုင်းအုံကြည့်ရှုနေကြစဉ်။ (ကင်းလှည့်လာသော အမေရိကန်စစ်ယာဉ်တစ်စီးကိုချုံခိုတိုက်ခိုက်သူများကပစ်ခတ်စဉ်ဝင်တိုက်မိရာမှ အဆိုပါကား ပေါက်ကွဲမီးလောင်သွားခဲ့ခြင်းဖြစ်သည်။) (ဓာတ်ပုံ-အင်တာနက်)

အီရတ်သို့တပ်စေလွှတ်ရေး ဂျပန်ဒီမိုကရက်တစ်ပါတီ ဆန့်ကျင်ကန့်ကွက်

တိုကျို ဇူလိုင် ၁

ဂျပန် ဒီမိုကရက်တစ်ပါတီက အီရတ်နိုင်ငံသို့ ကာကွယ်ရေးတပ်ဖွဲ့ဝင်များ စေလွှတ်မှုကို ဆန့်ကျင်ကန့်ကွက်ရန်နှင့်ကာကွယ်ရေးတပ်ဖွဲ့များစေလွှတ်မှု ပါဝင်သော ဥပဒေကို ဖျက်သိမ်းနိုင်မည့် ပြင်ဆင်ချက်ဥပဒေတစ်ရပ်ကိုအစိုးရထံတင်သွင်းရန် ကြိုးစားနေသည်။

အီရတ်နိုင်ငံတွင်းသို့ကာကွယ်ရေးတပ်ဖွဲ့များ စေလွှတ်ခြင်းကို လက်မခံနိုင်ကြောင်း၊ တိုက်ပွဲဖြစ်ပွားသည့်နေရာနှင့် တိုက်ပွဲ မဖြစ်သည့်နေရာကို ခွဲခြားသိမြင်ရန် ခက်ခဲကြောင်း အဆိုပါ ပါတီက ပြောကြားခဲ့သည်။ ***အင်န်အိပ်ချ်ကေ။***

အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အပြုသဘောဆောင်သည့် တိုးတက်မှုများကို ကျေနပ်အားရ

စတော့ဟုမ်း ဇူလိုင် ၁

အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၌ အပြုသဘောဆောင်သည့် တိုးတက်ပြောင်းလဲမှုများကို ကျေနပ်အားရဖြစ်မိကြောင်း ဥရောပတိုက်မြောက်ပိုင်း ငါးနိုင်ငံက တနင်္လာနေ့တွင်ပြောကြားလိုက်ပြီးပါလက်စတိုင်းတို့အား အကူအညီပေးရန်နှင့် ဒေသအတွင်း၌ နောက်ထပ် အကြမ်းဖက်တိုက်ခိုက်မှုများ မဖြစ်ရေးဟန့်တားရန် နိုင်ငံတကာအသိုက်အဝန်းကို တိုက်တွန်းလိုက်သည်။

ဥရောပမြောက်ပိုင်း ငါးနိုင်ငံဖြစ်သည့် ဒိန်းမတ်၊ နော်ဝေ၊ ဆွီဒင်၊ ဖင်လန်နှင့် အိုက်စလန်နိုင်ငံတို့မှ အစိုးရအကြီးအကဲများသည် ဆွီဒင်ဝန်ကြီးချုပ် ဂိုအာရန်ပါဆင်၏ ဖိတ်ကြားချက်အရ စတော့ဟုမ်းမြို့တောင်ဘက် ကီလိုမီတာ ၁၁၀ အကွာရှိ ဟာစပန်မြို့ငယ်လေး၌ တစ်ရက်ကြာအစည်းအဝေး ကျင်းပရာသို့ တက်ရောက်ခဲ့ကြသည်။

အရှေ့အလယ်ပိုင်းဒေသမှ မျှတမှုရှိသည့် အပြုသဘောဆောင်သော အရိပ်လက္ခဏာများရှိသည်ကို ငါးနိုင်ငံခေါင်းဆောင်များက သဘောတူညီကြောင်းနှင့် ယင်းအရိပ်လက္ခဏာများသည် ပါလက်စတိုင်းတို့ဘက်ကသာ ရရှိခဲ့ခြင်းမဟုတ်ကြောင်း အစည်းအဝေးအပြီးပူးတွဲသတင်းစာရှင်းလင်းပွဲတွင် ပါဆင်ကပြောကြားသည်။

အရေးပါသည့် ပါလက်စတိုင်းအုပ်စုသုံးစုသည် အစ္စရေးနိုင်ငံအား တိုက်ခိုက်မှုများကို ယာယီရပ်ဆိုင်းခဲ့ကြောင်း တနင်္ဂနွေနေ့က ထုတ်ပြန်ကြေညာခဲ့ပြီး အစ္စရေး လုံခြုံရေးတပ်ဖွဲ့များသည်လည်း ဂါဇာကမ်းမြောင်တောင်ပိုင်းဒေသသို့ ရုပ်သိမ်းခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

ဘင်္ဂလားဒေ့ရှ်တောင်တန်းခရိုင်တွင် ငှက်ဖျားရောဂါကြောင့် လူ ၁၀၄ ဦး သေဆုံး

ဒါကာ ဇူလိုင် ၁

ဘင်္ဂလားဒေ့ရှ်နိုင်ငံတောင်ပိုင်းရှိ တောင်တန်းခရိုင်များတွင် လွန်ခဲ့သည့်သုံးလအတွင်း ငှက်ဖျားရောဂါကြောင့် အနည်းဆုံး လူ၁၀၄ဦးသေဆုံးခဲ့ကြောင်း အင်ဒီပင်းဒင့် သတင်းစာကတနင်္လာနေ့တွင် ဖော်ပြသည်။ မကြာသေးမီက ငှက်ဖျားရောဂါသည် ကူးစက်ရောဂါအနေဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတောင်ပိုင်း တောင်တန်းခရိုင်များတွင် ဖြစ်ပွားခဲ့ပြီး အနည်းဆုံး ခရိုင်နှစ်ခုတွင် ကျန်းမာရေးပြုစုစောင့်ရှောက်မှု အားနည်းခြင်းကြောင့် ငှက်ဖျားရောဂါဖြင့် လူ ၁၀၀ကျော် သေဆုံးခဲ့ရသည်။

ခါခရက်ရှ်ဟာနီခရိုင်တွင် လွန်ခဲ့သည့်သုံးလအတွင်း ငှက်ဖျားရောဂါဝေဒနာရှင်၃၇၀၀ကို တင်ပို့ကုသခဲ့ရာ ယင်းအနက် ၆၈ဦးသေဆုံးခဲ့ရသည်။ ရန်လာမာတီခရိုင်၌ အလားတူကာလတွင် ငှက်ဖျားရောဂါဝေဒနာရှင်၂၁၂၅ဦးဆေးရုံသို့တက်ရောက်ခဲ့ရာ ယင်းအနက် ၃၆ဦးသေဆုံးသည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်၌ ရေနံထုတ်ကုန် မှောင်ခိုဈေးကွက် အနုတ်အသိမ်းများ ရေနံ၊ ဓာတ်ငွေ့နှင့် ဓာတ်ဆီထုတ်လုပ်မှု ပိုမိုကျဆင်းစေ

ဘဂ္ဂဒက် ဇူလိုင် ၁

အီရတ်နိုင်ငံတွင် ဆက်ဒမ်ဟူစိန် နိုင်ငံရေးအရ ကျဆုံးမှုသည် ရေနံထုတ်ကုန်များ မှောင်ခိုဈေးကွက်တွင် အနုတ်အသိမ်းများသည်အထိ တိုးတက်ခဲ့ပြီး အီရတ်နိုင်ငံ၏ ရေနံ၊ ဓာတ်ငွေ့နှင့် ဓာတ်ဆီထုတ်လုပ်ရေး ကျဆင်းမှုကို ပိုမိုနက်ရှိုင်းစေကြောင်းဖြင့် အီရတ်ရေနံဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များက တနင်္လာနေ့တွင် ပြောကြားလိုက်သည်။

မှောင်ခိုသမားတဖြစ်လဲ စီးပွားရေးလုပ်ငန်းရှင်များက တစ်နေ့လျှင် ရေနံဓာတ်ငွေ့ လစ်တာသုံးသန်းအထိနှင့် တစ်နေ့လျှင် ဓာတ်ဆီလစ်တာနှစ်သန်းတို့ကို ဂျော်ဒန်၊ တူရကီ၊ ဆီးရီးယားနှင့် ပင်လယ်ကွေ့ဒေသသို့ တင်ပို့ခဲ့ကြောင်း အီရတ်အထက်တန်း ရေနံအမှုဆောင်အရာရှိများက ပြောကြားသည်။

ရေနံမှောင်ခိုသမားများသည် ရေနံခိုးထုတ်ရာတွင် သမ္ဘာရင့်ကျွမ်းကျင်သူများဖြစ်ပြီး ကုလသမဂ္ဂက အီရတ်နိုင်ငံအပေါ် အရေးယူကန့်သတ်ချက်များ ချမှတ်စဉ်အတွင်း ဆက်ဒမ်ဟူစိန်နှင့် ၎င်း၏ရောင်းရင်းများအတွက် တစ်နေ့လျှင် ရေနံဓာတ်ငွေ့ လစ်တာနှစ်သန်းခန့်နှင့် တစ်နေ့လျှင် ဓာတ်ဆီလစ်တာတစ်သန်းတို့ကို မှောင်ခို ခိုးထုတ်ခဲ့ကြသည်။

ယခုအခါ မိမိတို့တွင် ဖော်ပြပါပြဿနာမျိုးမရှိတော့ကြောင်း၊ ယင်းအခြေအနေအတိုင်းသာ ဆက်လက်ရှိပါက မိမိတို့၏ ရေနံထုတ်ကုန်အများအပြားကို ပြည်ပမှ ဝယ်ယူတင်သွင်းရမည်ဖြစ်ကြောင်း ရေနံဌာနမှ တာဝန်ရှိပုဂ္ဂိုလ်က ပြောကြားသည်။

အီရတ်နိုင်ငံတွင် လျှပ်စစ်ဓာတ်အားပြတ်တောက်ပြီး ရေနံချက်စက်ရုံများတွင် ဖျက်ဆီးမှုများ ရှိသောကြောင့် ဓာတ်ဆီနှင့် ရေနံဓာတ်ငွေ့ရည်တို့ကို မရမနေပိုမိုထုတ်လုပ်ရမည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ကုလသမဂ္ဂက အီရတ်နိုင်ငံအပေါ် အရေးယူ ကန့်သတ်ချက်များကို ဖယ်ရှားလိုက်ပြီး လုံခြုံရေးအခြေအနေသည်လည်း ပျက်စီးသွားပြီဖြစ်ရာ ရေနံမှောင်ခိုသမားများက ၎င်းတို့အတွက် အမြတ်ထုတ်ရန် တစ်ကျော့ပြန် တစ်စခန်းထလာပြီ ဖြစ်သည်။ ဒီဇယ်ဆီရောင်းဝယ်မှုမှာလည်း ဈေးသာသာထိုးထိုး ရလျက်ရှိသည်။

မိမိတို့တွင် ခြောက်လခန့် ပုံမှန်အသုံးပြုနိုင်မည့် ပမာဏထက်ဝက်ခန့်သိုလှောင်ထားသည့် ရေနံနှင့်ဓာတ်ငွေ့များ အလုံအလောက်ရှိနေကြောင်း အီရတ် ရေနံထိပ်တန်းတာဝန်ရှိပုဂ္ဂိုလ်က ပြောကြားသည်။

ထရပ်ကား၊ ဘတ်စ်ကားနှင့် မီးစက်များအတွက် အသုံးပြုနေကျ ရေနံဓာတ်ငွေ့ကို ရေနံသိုလှောင်ကန်များမှ ထုတ်ယူပြီး ပင်လယ်ကွေ့ဒေသသို့ တင်ပို့လျက်ရှိသည်။

စည်းကမ်းများနှင့်စပ်လျဉ်း၍ ယခုအခါ ဝက်အူရစ် တင်းကျပ်သကဲ့သို့ ရှိကြောင်း၊ သို့ရာတွင် အီရတ်နယ်စပ်တွင် ကင်းလှည့်မှုများ မရှိသေးကြောင်း၊ ယင်းဒေသများ၏ လုံခြုံရေးအခြေအနေမှာ အခက်အခဲများနှင့်ရောပြွမ်းနေလျက်ရှိကြောင်း တာဝန်ရှိပုဂ္ဂိုလ်ကဆက်လက်ပြောကြားသည်။ ***အင်တာနက်။***

အမေရိကန်တပ်ဖွဲ့က အုပ်ချုပ်ရေးရုံး ဖွင့်လှစ်ထားသော သမ္မတနန်းတော်ဟောင်းတစ်လုံး၏ ပြင်ပတွင် ကန့်ကွက်ဆန္ဒပြနေကြသည့် အီရတ်လူမျိုး ရေနံအလုပ်သမားများအား ဇွန် ၃၀ ရက်က တွေ့မြင်ရစဉ်။ (အဆိုပါ အီရတ်ရေနံလုပ်သားဟောင်းများသည် အလုပ်ပြန်လည်ရရှိရန် တောင်းဆို ဆန္ဒပြခဲ့ကြသည်။)

(ဓာတ်ပုံ-အင်တာနက်)

အီရတ်ထုထောင်ရေးလုပ်ငန်းများ၌ ပါဝင်ဆောင်ရွက်ခွင့်ရရှိရေး အစ္စရေးကုမ္ပဏီများနှင့် ပူးပေါင်းရန်ဂျော်ဒန်ကုမ္ပဏီများ ငြင်းဆို

အမ္မန် ဇူလိုင် ၂

အီရတ်နိုင်ငံတွင် ကန်ထရိုက်လုပ်ငန်းများ ရရှိလာစေရေးအတွက် ဂျော်ဒန်ကုမ္ပဏီများအနေဖြင့် အစ္စရေးကုမ္ပဏီများနှင့် ပူးပေါင်းဆောင်ရွက်ပါရန် အမေရိကန်ကုမ္ပဏီများ၏ ကမ်းလှမ်းချက်များကို ဂျော်ဒန်ကုမ္ပဏီများက ပယ်ချလိုက်ကြောင်း အာရပ်သတင်းစာတစ်စောင်က တနင်္လာနေ့တွင် ရေးသားဖော်ပြသည်။

ပါဝင်နိုင်

ဂျော်ဒန်ကုမ္ပဏီများသည် ၎င်းတို့၏ အတွေ့အကြုံများအရလည်းကောင်း၊ အီရတ်နိုင်ငံ၏ ပုဂ္ဂလိကပိုင်ကဏ္ဍတွင် ပူးပေါင်းလုပ်ကိုင်လာခဲ့သည့် စီးပွားရေးဆက်ဆံမှုအနေအထားအရလည်းကောင်း အီရတ်နိုင်ငံ၏ ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နိုင်ကြောင်း အမည်မဖော်သော ဂျော်ဒန် စီးပွားရေးလုပ်ငန်းရှင်တစ်ဦးက အယ်လ်-အာရပ်အယ်လ်-ယော် သတင်းစာသို့ ပြောကြားသည်။

ရေးသားဖော်ပြ

အီရတ်နိုင်ငံ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွင် အစ္စရေးကုမ္ပဏီများက အခန်းကဏ္ဍ တစ်ရပ်မှပါဝင်လာဖွယ်ရှိမှုအတွက် ဆွေးနွေးရန် အမေရိကန်နှင့် တူရကီကုမ္ပဏီများမှ ကိုယ်စားလှယ်များသည် အစ္စရေးနိုင်ငံသို့ သွားရောက်ခဲ့ကြကြောင်း သတင်းစာက ရေးသားဖော်ပြသည်။

ဆွေးနွေးပွဲကျင်းပဖွယ်

စစ်ပြီးခေတ်လွန်ကာလ အီရတ်နိုင်ငံ၏ စီမံကိန်းလုပ်ငန်းများ၌ ပါဝင်လုပ်ကိုင်နိုင်ရေးအတွက် လေ့လာသုံးသပ်မှုများပြုလုပ်နိုင်ရန် အမေရိကန်၊ တူရကီနှင့် အစ္စရေးကုမ္ပဏီများသည် လာမည့်လတွင် ဆွေးနွေးပွဲတစ်ရပ် ကျင်းပမည်ဟု မျှော်လင့်ရကြောင်း၊ အဆိုပါ ဆွေးနွေးပွဲကို အစ္စရေးပို့ကုန်လုပ်ငန်းဆိုင်ရာ အဖွဲ့အစည်းတစ်ရပ်က ကမကထပြု၍ ကျင်းပမည်ဖြစ်ကြောင်း အာရပ်သတင်းစာက ရေးသားဖော်ပြသည်။

ကမ်းလှမ်းမည်

အီရတ်နိုင်ငံပြန်လည်ထူထောင်ရေး လုပ်ငန်းတွင် ပါဝင်ဆောင်ရွက်ရန် အဆင့်မြင့်နည်း ပညာပိုင်းဆိုင်သော အစ္စရေးကုမ္ပဏီများကို ကမ်းလှမ်းမည်ဟု အမေရိကန်အထက်တန်း တာဝန်ရှိသူတစ်ဦးက လွန်ခဲ့သည့်လက ပြောကြားခဲ့သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

လက်နက်ရှာဖွေရေးထက် စစ်တိုက်ချင်မှုက အဓိကအချက်ဟုဆို

နယူးယောက် ဇူလိုင် ၁

တာဝန်မှအနားယူတော့မည့် ကုလသမဂ္ဂလက်နက်စစ်ဆေးရေးမှူး ဟန်းဘလစ်ဇ်က အမေရိကန်နိုင်ငံသည့် အစုအပြုံလိုက်သေစေနိုင်သော လက်နက်များ ရှာဖွေရေးထက် အီရတ်နိုင်ငံကို စစ်တိုက်ချင်မှုသည် ၎င်း၏ အဓိကအချက်ဖြစ်ကြောင်းဝေဖန် ပြောကြားခဲ့သည်။

မစ္စတာဘလစ်ဇ်သည် ၎င်း၏ ရာထူးသက်တမ်းကုန်ဆုံးသည့် ယမန်နေ့က အင်န်အိပ်ချ်ကေ သတင်းဌာနနှင့် တွေ့ဆုံမေးမြန်းခန်း ပြုလုပ်ရန် သဘောတူညီခဲ့သည်။ စစ်ဒဏ်ကြောင့် ပျက်စီးလျက်ရှိသည့် အီရတ်နိုင်ငံတွင် အစုအလိုက်အပြုံလိုက် သေစေနိုင်သော လက်နက်များ ရှာဖွေမတွေ့ရှိသည့် လတ်တလောအခြေအနေကို ၎င်းက ကိုးကားပြောဆိုခြင်းဖြစ်သည်။ ***အင်န်အိပ်ချ်ကေ။***

နာဂျက်ဖ်မြို့တော်ဝန်အား အမေရိကန်တပ်ဖွဲ့ ဖမ်းဆီး မြို့တော်ဝန်အသစ် အစားထိုးခန့်အပ်တာဝန်ပေး

နာဂျက်ဖ် ဇွန် ၃၀

အမေရိကန်တပ်များသည် ရှီးယားမွတ်စလင်တို့၏ အထွတ်အမြတ်မြို့ဖြစ်သော နာဂျက်ဖ်မြို့တွင်းသို့ တနင်္လာနေ့က ဝင်ရောက်ပြီး အမေရိကန်တပ်များခန့်အပ်သည့် မြို့တော်ဝန်ကို ပြန်ပေးဆွဲမှု၊ အဂတိလိုက်စားမှုတို့ဖြင့် ရာထူးမှ ဖယ်ရှားဖမ်းဆီးပြီး ၎င်း၏လက်ထောက် ၆၂ဦးကိုပါ ဖမ်းဆီးလိုက်ကြောင်း အရာရှိများက ပြောဆိုသည်။

အမေရိကန်စစ်တပ်က ဆင်နွှဲနေသော ဆိုက်ဝင်းဒါးစစ်ဆင်ရေး ဒုတိယမြောက်နေ့တွင် အမေရိကန်တပ်များက နာဂျက်ဖ်မြို့တော်ဝန်ကို ယင်းကဲ့သို့ အရေးယူလိုက်ခြင်းဖြစ်သည်။

ဧပြီလက နာဂျက်ဖ်မြို့သို့ အမေရိကန်တပ်များဝင်ရောက်၍ အဗ္ဗဒူမန်အင်းအား နာဂျက်ဖ်မြို့တော်ဝန်ခန့်အပ်ခဲ့သည်။ သုံးလမပြည့်မီမှာပင် မစ္စတာအဗ္ဗဒူမန်အင်းမှာ မြို့တော်ဝန်ရာထူးမှ ပြုတ်ခဲ့ရပြီဖြစ်သည်။ မြို့တော်ဝန်မန်အင်းသည် ပြန်ပေးဆွဲမှု၊ ဓားစာခံများအဖြစ် ဖမ်းဆီးထားမှု၊ ငွေကြေးဆိုင်ရာ ပြစ်မှုကျူးလွန်အောင် အစိုးရဝန်ထမ်းများအား ဖိအားပေးမှုနှင့် ဘဏ်အရာရှိတစ်ဦးအား တိုက်ခိုက်မှုတို့ဖြင့် စွဲချက်တင်ခံရသည်။ မြို့တော်ဝန်ရာထူးကို ဟောဒါမဒီမက်တာရယ်မာယာလီအား အစားထိုးခန့်အပ်လိုက်သည်။ ***အင်တာနက်။***

ဝင်ဘယ်လ်ဒန် တင်းနစ်ပြိုင်ပွဲ၏ သတ္တမမြောက်နေ့ဖြစ်သော ဇွန် ၃၀ ရက်က အမျိုးသမီးတစ်ဦးချင်း စတုတ္ထ အကျော့ပွဲတွင် အမေရိကန်ပြည်ထောင်စုမှ ဂျင်နီဖာကာပရီယာတီက ရုရှားနိုင်ငံမှ အင်နာစတာဆီးဟားမိုင်စကင်နာထံ စပေးဘောရိုက်စဉ်။ (အဆိုပါပွဲတွင် ကာပရီယာတီက ၆-၂၊ ၆-၃ဖြင့် အနိုင်ရရှိခဲ့သည်။)

(ဓာတ်ပုံ-အင်တာနက်)



အာဆီယံဒေသစွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု စဉ်ဆက်မပြတ်တိုးမြှင့်ရန် မလေးရှားတိုက်တွန်း

ကွာလာလမ်ပူ ဇူလိုင် ၁

ဒေသအတွင်း၌ စွမ်းအင်ကဏ္ဍ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု တိုးမြှင့်ရန် အရှေ့တောင်အာရှ နိုင်ငံများအသင်း(အာဆီယံ)ဝင် နိုင်ငံများအား တိုက်တွန်းထားကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

ကြိုဆိုနှုတ်ဆက်

မလေးရှားနိုင်ငံ မြောက်ပိုင်း လန်ကာဝီတွင် တနင်္လာနေ့က စတင်ကျင်းပသည့် နှစ်ရက်ကြာ အစည်းအဝေးဖွင့်ပွဲ၌ ကြိုဆိုနှုတ်ဆက်မိန့်ခွန်းပြောကြားရာတွင် စွမ်းအင်ဆိုင်ရာ အာဆီယံ ဝါရင့်တာဝန်ရှိပုဂ္ဂိုလ်များ အစည်းအဝေး (အက်စ်အိုအမ်အီး)ဥက္ကဋ္ဌ ဟာလမ်ရာဖီက ယင်းသို့ တိုက်တွန်းလိုက်ခြင်းဖြစ်သည်။

ကြိုတင်ကျင်းပ

အာဆီယံ ၁၀ နိုင်ငံမှ ၁၂၀ ဦး တက်ရောက်မည့် အဆိုပါအစည်းအဝေးသည် ကြာသပတေးနေ့တွင် စတင်ကျင်းပမည့် (၂၁)ကြိမ်မြောက် အာဆီယံ စွမ်းအင်ဝန်ကြီးများအစည်းအဝေး (အေအမ်အီးအမ်) မတိုင်မီ ကြိုတင်ကျင်းပခြင်းဖြစ်သည်။ အစည်းအဝေး၏ ရည်ရွယ်ချက်သည် ၁၉၉၉-၂၀၀၄ ခုနှစ် စွမ်းအင်ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အာဆီယံလုပ်ရှားမှု အစီအစဉ်အောက်မှ စီမံကိန်းများချမှတ်ဆောင်ရွက်မှုဖြစ်ကြောင်း ဟာလမ်က ပြောကြားသည်။ ၎င်းသည် မလေးရှား စွမ်းအင်၊ ဆက်သွယ်ရေးနှင့် မာတီလ်မီဒီယာဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်လည်းဖြစ်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အမေရိကန်တို့ ရင်ဆိုင်နေရသည့် ပြောက်ကျားတိုက်ပွဲများ ဗီယက်နမ်တို့၏ ပြောက်ကျားစနစ်နှင့် ဆင်တူဟုဆို

ပင်တဂွန် ဇူလိုင် ၁

အမေရိကန်စစ်ဌာနချုပ် ပင်တဂွန်တွင် ယမန်နေ့က သတင်းစာရှင်းလင်းပွဲတစ်ရပ်ပြုလုပ်ရာ အီရတ်၌ အမေရိကန်တပ်ဖွဲ့များ တိုက်ခိုက်ခံနေရမှုနှင့် ပတ်သက်၍ယခင်ဗီယက်နမ်စစ်ပွဲနှင့် ဆင်တူကြောင်း သတင်းထောက်များအား ပြောကြားခဲ့သည်။

သို့ရာတွင် အမေရိကန်တို့ရင်ဆိုင်နေရသော ပြောက်ကျားတိုက်ပွဲများသည် ဗီယက်နမ်တို့၏ ပြောက်ကျားစနစ်နှင့် ဆင်တူကြောင်း ပြောကြားချက်ကို အမေရိကန်ကာကွယ်ရေးဝန်ကြီး ဒေါ်နယ်လ်ရမ်းစဖဲလ်က ပယ်ချခဲ့သည်။ ထိုအတောအတွင်းအီရတ်တွင် ဆက်ဒမ်ဟူစိန်နှင့် ၎င်း၏သားနှစ်ဦးကို လိုက်လံရှာဖွေလျက်ရှိပြီး၎င်းတို့ကိုဖမ်းဆီးရမိမှသာ ခုခံတိုက်ခိုက်မှုများ ရပ်တန့်သွားလိမ့်မည်ဟု အမေရိကန်တို့က ယူဆထားသည်။ ပင်တဂွန်အရာရှိတစ်ဦးကမူ လွန်ခဲ့သည့် သီတင်းနှစ်ပတ်က ယာဉ်တန်းကို တိုက်ခိုက်မှုမှာ ဆက်ဒမ်ဟူစိန်နှင့် ၎င်း၏သားများ ပါဝင်ဖွယ်မရှိကြောင်းနှင့် ထိပ်တန်းအရာရှိအချို့သည် နယ်စပ်ကိုဖြတ်ကျော်ပြီး ဆီးရီးယားသို့ ဝင်ရောက်သွားနိုင်ကြောင်း ပြောကြားခဲ့သည်။ ***စီအင်န်အင်န်။***

ဒဏ်ရာရ ဆီးရီးယားနယ်ခြားစောင့်ငါးဦး အမေရိကန်တပ်က ဆီးရီးယားသို့ ပြန်လွှဲအပ်

ဒမတ်စကတ် ဇွန် ၃၀

ဇွန် ၁၉ရက်က အီရတ်နယ်စပ်၌ မော်တော်ယာဉ်တန်းကို အမေရိကန်တပ်များက တိုက်ခိုက်စဉ် ဒဏ်ရာရသွားသော ဆီးရီးယားနယ်ခြားစောင့်တပ်သားငါးဦးကို အမေရိကန်တပ်များက ဆီးရီးယားသို့ ပြန်လည်လွှဲအပ်လိုက်ကြောင်း ဆီးရီးယားနိုင်ငံမှ ဆာနာသတင်းဌာနက ကြေညာသည်။

ဆီးရီးယား-အီရတ်နယ်စပ်တွင် ယင်းသို့တိုက်ခိုက်မှုဖြစ်ပွားပြီးနောက် ဆီးရီးယားနိုင်ငံခြားရေးဝန်ကြီးဌာန၏ ကန့်ကွက်မှုကို တုံ့ပြန့်သည့်အနေဖြင့် အမေရိကန်တို့က ဒဏ်ရာရဆီးရီးယားနယ်ခြား အစောင့်တပ်သားငါးဦးကို ပြန်လွှဲပေးခြင်းဖြစ်သည်ဟုပြောရေးဆိုခွင့်ရှိသူ၏ ပြောကြားချက်ကို ကိုးကားပြီး သတင်းဌာနက ကြေညာခြင်းဖြစ်သည်။

ပြန်လည်လွှဲပြောင်းပေးအပ်သည့် ဆီးရီးယားနယ်ခြားစောင့်တပ်သားငါးဦးကို ဆေးရုံသို့ တင်ပို့လိုက်သည်။

ပြုတ်ကျသွားသော ဆက်ဒမ်ဟူစိန်အစိုးရ၏ ထိပ်တန်းအဖွဲ့ဝင်များကို လိုက်လံချေမှုန်းရန် ဖွဲ့စည်းထားသည့် အမှတ်(၂၀) အထူးတပ်ဖွဲ့က နယ်စပ်အနီးတွင် တိုက်ခိုက်ပြီးနောက် အဆိုပါ ငါးဦးကိုအမေရိကန်တပ်များက ဇွန် ၁၉ရက်တွင် ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။ ***အင်တာနက်။***

တရုတ်ပြည်မကြီးနှင့် ဟောင်ကောင်ကျွန်း ပြန်လည်ပေါင်းစည်းမှု ဆဋ္ဌမမြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် အခမ်းအနားတစ်ရပ်ကို ဟောင်ကောင်ရှိ ညီလာခံနှင့်ပြပွဲများခန်းမတွင် ဇူလိုင် ၁ ရက်က ကျင်းပစဉ်။ (အဆိုပါအခမ်းအနားသို့ တရုတ်ဝန်ကြီးချုပ် ဝမ်ကျားပေါင် တက်ရောက်ချီးမြှင့်ခဲ့သည်။) (ဓာတ်ပုံ-အင်တာနက်)

ရေနံတင်ကား မီးလောင်

အီရတ်နိုင်ငံတောင်ပိုင်း ဘာဆရာမြို့တွင် ဇူလိုင် ၁ ရက်က မီးလောင်ကျွမ်းလျက်ရှိသော ရေနံတင်ကားတစ်စီးကို မီးငြိမ်းသတ်လျက်ရှိစဉ်။ (အီရတ်နိုင်ငံသည် ပြည်ပသို့ရေနံတင်ပို့မှုလုပ်ငန်းကို လုပ်ကိုင်နေပြီဖြစ်သော်လည်း အဖျက်အမှောင့်ပြုလုပ်သူများက ရေနံပိုက်လိုင်းများကို ပစ်မှတ်ထား၍ တိုက်ခိုက်မှုများဖြစ်ပွားခဲ့သည်။) (ဓာတ်ပုံ-အင်တာနက်)

အီရတ်ပြည်သူ ၂၇ သန်းစလုံး စားနပ်ရိက္ခာအကူအညီပေါ်၌ မှီခိုနေရ စစ်ပွဲမတိုင်မီကာလက စားနပ်ရိက္ခာပြတ်လပ်မှုအခြေအနေ ဆိုးရွားခြင်းမရှိခဲ့

ရောမ ဇူလိုင် ၁

အီရတ်နိုင်ငံတွင် စစ်ပွဲဖြစ်ပွားခြင်းကြောင့် ယင်းနိုင်ငံ၏ လူဦးရေ ၂၇သန်းစလုံးသည် စားနပ်ရိက္ခာအကူအညီများပေါ်တွင် မှီခိုအားထားလာရကြောင်း ကုလသမဂ္ဂအကူအညီပေးရေး အစီအစဉ်များမှ အကြီးအကဲများက တနင်္လာနေ့တွင် ပြောကြားကြသည်။

မတ်လ ၂၀ ရက်တွင် စတင်ခဲ့သော အီရတ်စစ်ပွဲ မတိုင်မီကာလက အီရတ်နိုင်ငံလူဦးရေ၏ ၆၀ ရာခိုင်နှုန်း စားနပ်ရိက္ခာ အကူအညီများပေါ်တွင် မှီခိုအားထားခဲ့ကြရသော်လည်း ယနေ့ကာလတွင်မူ လူဦးရေ၏ ရာခိုင်နှုန်းပြည့်မှာ လစဉ်ဝေငှပေးသော စားနပ်ရိက္ခာခွဲတမ်းများပေါ်တွင် မှီတည်နေရကြောင်း ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့၏အီရတ်ဆိုင်ရာ ကိုယ်စားလှယ် ကားလ်ဒီဂွိုင်းက ပြောကြားသည်။

အီရတ်နိုင်ငံတွင် ပြည်သူလူထုတွေ့ကြုံနေရသော လူမှုရေးဆိုင်ရာ အခြေအနေဆိုးရွားနေမှုမှာ ယခင်က အစဉ်အလာမရှိခဲ့ဖူးကြောင်း ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်၏ အီရတ်ဆိုင်ရာ ကိုယ်စားလှယ် ဘန်ဂျူးက ပြောကြားသည်။

အထူးလုပ်ငန်း

မိမိတို့ ကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ်၏ နှစ်ပေါင်း ၄၀ကြာသမိုင်းတွင် အကြီးအကျယ်ဆုံးသော အထူးလုပ်ငန်းတစ်ရပ်အဖြစ် အီရတ်နိုင်ငံရှိ ပြည်သူလူထုအား စားနပ်ရိက္ခာအကူအညီပေးနိုင်ရန် လုပ်ဆောင်နေရကြောင်း မိမိတို့အနေဖြင့် အီရတ်ပြည်သူလူထုကို အကူအညီမပေးနိုင်ပါက ယင်းနိုင်ငံတွင် စားနပ်ရိက္ခာ အကျပ်အတည်းဆိုက်ရောက်မှုဖြစ်ပေါ်မည် ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

အီရတ်ပြည်သူလူထု၏ စားနပ်ရိက္ခာပြတ်လပ်မှုအခြေအနေမှာ စစ်ပွဲမတိုင်မီကာလက ဆိုးရွားခဲ့ခြင်းမရှိကြောင်း ၎င်းက ပြောကြားသည်။ ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်က ပြုလုပ်သော စစ်တမ်းတစ်ရပ်အရ စစ်ပွဲမတိုင်မီကအီရတ်ပြည်သူ ၆၀ ရာခိုင်နှုန်းသည် စားနပ်ရိက္ခာခွဲတမ်းအပေါ် မှီတည်ခဲ့ရကြောင်း၊ အီရတ်ပြည်သူ ငါးဦးလျှင် တစ်ဦးမှာ ကာလရှည်ဆင်းရဲမွဲတေမှုပြဿနာများနှင့် ရင်ဆိုင်ခဲ့ရကြောင်းသိရှိရသည်။ ***အင်တာနက်။***

တရုတ်ပြည်သူများ သိပ္ပံပညာပိုမိုသိရှိရန် အစီအစဉ်သစ်များ ချမှတ်ဆောင်ရွက်မည်

ဘေဂျင်း ဇူလိုင် ၁

တရုတ်အစိုးရက ပြည်သူလူထုအား သိပ္ပံပညာအကြောင်းနားလည်မှုပိုမိုရရှိရန်နှင့် ၎င်းတို့၏ ရုပ်ပိုင်းဆိုင်ရာ ကျန်းမာရေးမြှင့်တင်ရန်အတွက် အစီအစဉ်သစ်များ ချမှတ်ဖော်ဆောင်မည်ဖြစ်ကြောင်း တရုတ်နေ့စဉ်သတင်းစာက တနင်္လာနေ့တွင် ရေးသားလိုက်သည်။

အစီအစဉ်သစ်များ

တရုတ်ပြည်သူလူထုတစ်ရပ်လုံးအတွင်းသိပ္ပံဗဟုသုတများ တိုးမြှင့်စေရန် ရည်ရွယ်၍ အစီအစဉ်သစ်များကို လာမည့် နှစ်အနည်းငယ်အတွင်း ဆောင်ရွက်မည်ဖြစ်သည်။

ကူးစက်မြန်ပြင်းထန် အဆုတ်ရောင်ရောဂါ(ဆားစ်)တိုက်ဖျက်ရေးအတွက် အမျိုးသား အထူးပညာရှင်အဖွဲ့လက်အောက်ရှိ သိပ္ပံနှင့်နည်းပညာဌာနမှ သိပ္ပံပညာရှင်များက အနာဂတ်ကာလတွင် ကူးစက်ရောဂါများ မည်သို့မည်ပုံ ကာကွယ်မည်ဆိုသည်နှင့် ပတ်သက်၍ပြည်သူလူထုတစ်ရပ်လုံးအား အသိပညာပေးရန်အလေးထားအပ်ကြောင်းပြသလိုက်သည်။

မူကြမ်းရေးဆွဲ

ကျန်းမာရေးဌာန၊ သိပ္ပံပညာနှင့်နည်းပညာဌာနတို့က ဆားစ်၊ အသည်းရောင်နှင့် အခြားကူးစက်ရောဂါများ ပြည်သူတစ်ရပ်လုံးအတွင်း မည်သို့မည်ပုံကာကွယ်မည်ဟူသည့် ဗဟုသုတကို လူတကာသိစေမည့် အစီအစဉ်မူကြမ်းကို ရေးဆွဲလျက်ရှိသည်။ ပြည်သူလူထုတစ်ရပ်လုံးအတွင်း သိပ္ပံဗဟုသုတတိုးမြှင့်ရေး ဆောင်ရွက်ရန်အတွက် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် အခြားဆက်နွှယ်လျက်ရှိသည့်ဌာနများအား ဦးစားပေးအခွန်ကောက်မှုဝါဒကို ဖော်ဆောင်လျက်ရှိသည်။

ပြည်သူလူထုအတွင်းဖွင့်လှစ်ထားသော သိပ္ပံပြတိုက်များ၊နက္ခတ်တာရာပြခန်း၊ အာကာသလေ့လာရေး အဆောက်အအုံများနှင့် သုတေသနဌာနများကဲ့သို့သော အထူးကျော်ကြားသည့် သိပ္ပံဌာနများကို အခွန်အကောက်ခြင်းမှ ကင်းလွတ်ရမည်ဖြစ်သည်ဟု ဆိုသည်။ ***အင်တာနက်။***

နျူကလီးယား ပူးပေါင်းဆောင်ရွက်မှု နိုင်ငံတကာဥပဒေနှင့် လိုက်လျောညီထွေရှိ

မော်စကို ဇူလိုင် ၁

ရုရှားနှင့် အီရန်နိုင်ငံတို့၏ နျူကလီးယားပူးပေါင်းဆောင်ရွက်ရေးသည် နိုင်ငံတကာဥပဒေနှင့် လိုက်လျောညီထွေမှုရှိကြောင်း ပြောကြားကာ အမေရိကန်တို့၏ ပြစ်တင်ကန့်ကွက်မှုများကို ပြောင်ပြောင်တင်းတင်း ပယ်ချထားသည့် အီရန် အဏုမြူစွမ်းအင်အစီအစဉ်အကြီးအကဲ အဂါဇာဒီက ခုခံကာကွယ်ပြောကြားလိုက်သည်။

အဏုမြူကဏ္ဍ၌ အီရန်နှင့်ရုရှားတို့၏ ပူးပေါင်းဆောင်ရွက်မှုသည် အနာဂတ်အလားအလာအလွန်ကောင်းမွန်ကြောင်း မော်စကိုမြို့သို့ အလည်အပတ် ရောက်ရှိပြီး မကြာခင်ပင် ၎င်းကပြောကြားသည်ဟု အင်တာဖက်စ်သတင်းဌာနက ဖော်ပြသည်။

နှစ်နိုင်ငံနျူကလီးယားပူးပေါင်းဆောင်ရွက်မှုသည် ရိုးသားပွင့်လင်းမှုရှိပြီး နိုင်ငံတကာမူဘောင်အတွင်းမှ ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အဂါဇာဒီသည် ငါးရက်ကြာ ရုရှားနိုင်ငံအလည်အပတ်ခရီးစဉ်အတွင်း ဝါရင့်တာဝန်ရှိပုဂ္ဂိုလ်များနှင့် တွေ့ဆုံဆွေးနွေးမည်ဖြစ်ပြီး ရုရှား၏ နျူကလီးယားအဆောက်အအုံအချို့ကို သွားရောက်ကြည့်ရှုလေ့လာမည်ဖြစ်ရာ အမေရိကန်က အနီးကပ်စောင့်ကြပ်မည်မှာ သေချာသည်။ ***အမ်အင်အေ၊ရိုက်တာ။***

သာသနပဟိတစာသင်တိုက် ဝါဆိုသင်္ကန်းကပ်လှူပွဲ

ရန်ကုန် ဇူလိုင် ၂

ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ် အမှတ်(၁၁)ရပ်ကွက် အနော်ရထာလမ်းမကြီးပေါ်ရှိ သာသနပဟိတပရိယတ္တိစာသင်တိုက်၌ ဝါဆိုဝါကပ်တော်မူကြမည့် ဆရာတော် ဘဒ္ဒန္တပဏ္ဍိတ(ဓမ္မာစရိယ B.A)နှင့် စာချစာသင်သံဃာတော်အပါး ၉၀ တို့အား (၁၃)ကြိမ်မြောက် စုပေါင်းဝါဆိုသင်္ကန်းကပ်လှူပွဲကို (ဝါဆိုလပြည့်) ဇူလိုင် ၁၃ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် အထက်ပါ ကျောင်းတိုက်၌ ကျင်းပမည်ဟုသိရသည်။ (က-ပ)

မြို့ခြံ ဗျော့တော၊ ထိန်းပါလေလှုပ်၊ ထုတ်ကုန်မြင့်

မူးယစ်ဆေးဝါးအကြောင်း ဆွေးနွေးကြရအောင် (Let's talk about drugs)

ကိုခမ်း

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးစွဲမှုနှင့် တရားမဝင်ရောင်းဝယ်မှု ဆန့်ကျင်တိုက်ဖျက်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသည့် အထိမ်းအမှတ်အဖြစ် ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများကို မီးရှို့ဖျက်ဆီးသည့် အခမ်းအနားကို ရန်ကုန်မြို့၌ ဇွန်လ ၂၆ ရက်နေ့က ကျင်းပပြီးစီးခဲ့သည်။ ယခုလိုနှစ်စဉ် ဇွန်လ ၂၆ ရက်နေ့တွင် ကျင်းပခဲ့သည်မှာလည်း (၁၇) ကြိမ်မြောက်ရှိသွားပြီဖြစ်သည်။ ၎င်းအပြင် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးစွဲမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ကို ကြိုဆိုသော အနေဖြင့် ကာတွန်း၊ ပန်းချီ၊ ပိုစတာ၊ ဝတ္ထု၊ ဆောင်းပါး၊ ကဗျာနှင့် တေးသီချင်းပြိုင်ပွဲများကို အသက်အရွယ်အလိုက် ခွဲခြားပြီး တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကျင်းပခဲ့ပြီး ဆုရရှိသူများကို ဆုချီးမြှင့်သည့် အခမ်းအနားတစ်ရပ်ကို သီးခြား ကျင်းပခဲ့သည်။

ဤအထိမ်းအမှတ်နေ့အား ရန်ကုန်မြို့တွင်သာမကဘဲ တစ်နိုင်ငံလုံးရှိ တိုင်းနှင့်ပြည်နယ် အသီးသီးတွင်လည်း လူထုလှုပ်ရှားမှုအသွင်ဖြင့် ခမ်းနားစွာ ကျင်းပခဲ့ကြသည်။ အလားတူ ကမ္ဘာ့နိုင်ငံအသီးသီးတွင်လည်း တစ်ပြိုင်တည်း ကျင်းပခဲ့ကြသည်။

ယခုနှစ်တွင် ကုလသမဂ္ဂမှ ချမှတ်ထားသည့် ဦးတည်ချက်သည် **"မူးယစ်ဆေးဝါးအကြောင်း ပြောဆိုဆွေးနွေးကြပါစို့"** (Let's talk about drugs)ဟူသော ဆောင်ပုဒ်ဖြစ်သည်။ မူးယစ်ဆေးဝါးသည် နိုင်ငံအားလုံး၏ လူထုလူတန်းစားအလွှာအသီးသီးကို ထိုးဖောက်ဝင်ရောက်နေသည့် ပြဿနာဆိုးကြီးတစ်ခုဖြစ်သည်။ ဤပြဿနာဆိုးကြီးကို မသိကျိုးကျွန်ပြုနေ၍ မရပါ။ မျက်နှာလွှဲထား၍ မရပါ။ မိမိတို့ပြဿနာမဟုတ်၊ အခြားနိုင်ငံများတွင်ဖြစ်ပေါ်နေသော ပြဿနာဟု ပေါ့ပေါ့နေ၍မရပါ။ ဤပြဿနာသည် နိုင်ငံတိုင်း၌ လူ့အလွှာအသီးသီး၊ လူကြီးလူငယ်မရွေးဘဲ လိုက်စားနေသော ပြဿနာဖြစ်သည်။ ထို့ကြောင့် အချိန်တန်လျှင် ပြီးငြိမ်းသွားမည့် ပြဿနာမျိုးမဟုတ်ပါ။ ဤပြဿနာကို ချောင်ထိုးပြီး လျစ်လျူရှုနေ၍ မရဘဲ ရင်ဆိုင်ဖြေရှင်းရန် လိုအပ်နေပြီဖြစ်ကြောင်း ကုလသမဂ္ဂက ဤဆောင်ပုဒ်ဖြင့် နှိုးဆော်လိုက်ခြင်း ဖြစ်သည်။

ဤဆောင်ပုဒ်နှင့်အညီ မူးယစ်ဆေးဝါးပြဿနာနှင့် ပတ်သက်၍ မြန်မာနိုင်ငံသည် အတိတ်သမိုင်းကြောင်းတစ်လျှောက်လုံး၌ မည်သည့်အခါကမှ လက်ရှောင်ခဲ့ခြင်း မရှိကြောင်းကို တွေ့ရမည်ဖြစ်သည်။ ကိုလိုနီအမွေဆိုးအဖြစ် ဆက်ခံခဲ့ရသည့် မူးယစ်ဆေးဝါးပြဿနာကို မိမိတို့နိုင်ငံမှ လုံးဝပပျောက် ကင်းငြိမ်းသွားရန် ခေတ်အဆက်ဆက် အသက်၊ သွေး၊ ချွေး၊ ကိုယ်လက်အင်္ဂါများစွန့်လွှတ်ပြီး တိုက်ဖျက်ခဲ့သည်မှာ သမိုင်း၌ အထင်အရှားကျန်ရစ်လျက်ရှိသည်။ မိမိတို့နိုင်ငံရှိ တရားမဝင်ဘိန်းစိုက်ပျိုး ထုတ်လုပ်မှုကိုလည်း မည်သည့်အခါကမှ ဖုံးကွယ်၊ ငြင်းကွယ်ခြင်းမရှိခဲ့ဘဲ ဤကိုလိုနီအမွေဆိုး၏ ဒဏ်ကို တိုက်ရိုက်ဆက်ခံခဲ့ရပြီး ဒုက္ခပင်လယ်တွင် နစ်မြုပ်နေကြရသည့် နယ်စပ်ဒေသ တောင်ပေါ်တိုင်းရင်းသားများအား ဘိန်းအစားထိုး စိုက်ပျိုးရေး၊ ဘိန်းအစားထိုးဝင်ငွေရရှိရေးနှင့် လူနေမှုဘဝမြင့်မားလာပြီး ဘိန်းစိုက်ပျိုးမှုဖြင့် အသက်မွေးဝမ်းကျောင်းမှု ပြုနေရသည့်ဘဝမှ လွတ်မြောက်သွားစေရေးကို နိုင်ငံတော်မှ (၁၅)နှစ်စီမံကိန်း၊ ပန်းတိုင်သစ် စီမံကိန်းများဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိသည်။ ဤသို့ ဆောင်ရွက်ရာတွင်လည်း နိုင်ငံတကာအကူအညီကို မျှော်ကိုးထိုင်စောင့်မနေဘဲ မည်သူ ကူကူ၊ မကူကူ တစိုက်မတ်မတ် မိမိ၏ အရင်းအမြစ်များနှင့်သာ ရည်မှန်းချက်အောင်မြင်ရမည်ဟူသော သန္နိဋ္ဌာန်ဖြင့် တာဝန်ကိုကျေပွန်စွာ ထမ်းဆောင်လျက်ရှိသည်။

မူးယစ်ဆေးဝါးပြဿနာသည် နိုင်ငံတစ်နိုင်ငံတည်း၏ ပြဿနာမဟုတ်ဘဲ ကမ္ဘာ့လူသားအားလုံး ပြဿနာဖြစ်ခြင်းကြောင့် ကမ္ဘာ့နိုင်ငံအသီးသီးရှိ လူသားအားလုံးပူးပေါင်းဆောင်ရွက်ခြင်းဖြင့်သာ ဤပြဿနာကို ကျော်လွှားနိုင်မည် ဖြစ်ပေသည်။ ဤသို့ ယုံကြည်သည့်အတိုင်း မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါးပြဿနာ ဖြေရှင်းရေးတွင် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှုကိုလည်း အလေးအနက်ထား ဦးစားပေးဆောင်ရွက်လျက်ရှိသည်။

၁၉၉၈ ခုနှစ် ကုလသမဂ္ဂအထွေထွေညီလာခံ မူးယစ်ဆေးဝါးဆိုင်ရာ အထူးအစည်းအဝေး၌ နိုင်ငံအသီးသီးမှ ခေါင်းဆောင်ကြီးများ၏ မိန့်ခွန်းများတွင် မူးယစ်ဆေးဝါးပြဿနာအား နိုင်ငံတကာက ပူးပေါင်းပါဝင် ဆန့်ကျင်တိုက်ဖျက်ကြရန် တညီတညွတ်တည်းဖော်ညွှန်းကြသည်နှင့်အညီ ထုတ်ပြန်ခဲ့သည့် နိုင်ငံရေး ကြေညာစာတမ်း (Political Declaration) တွင်လည်း နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးကဏ္ဍကို အလေးထားပြီး တိတိပပ ထည့်သွင်းဖော်ပြထားခဲ့သည်။ အလားတူ ၂၀၀၃ ခုနှစ် ဧပြီလက ဩစတြီးယားနိုင်ငံ ဗီယန်နာ၌ ကျင်းပခဲ့သော ဝန်ကြီးအဆင့် မူးယစ်ဆေးဝါးကော်မရှင် (၄၆)ကြိမ်မြောက် အစည်းအဝေးတွင်လည်း နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေး အခန်းကဏ္ဍ အရေးကြီးပုံကို ကိုယ်စားလှယ်အားလုံးက ထပ်လောင်း အားဖြည့်တိုက်တွန်းခဲ့ကြသည်။

ကျင်းပခဲ့သည့် မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် သယ်ဆောင်ရောင်းဝယ်မှု ဆန့်ကျင်တိုက်ဖျက်ရေးနေ့ အခမ်းအနားများတွင် မူးယစ်ဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးနှင့် မူးယစ်ဗဟိုအဖွဲ့ အတွင်းရေးမှူး ရဲချုပ်တို့ တင်ပြသွားသည့် ရှင်းလင်းတင်ပြချက်များသည် မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါးပပျောက်ရေး ကြိုးပမ်းမှုရလဒ်များနှင့် အတိုင်းအတာတစ်ခုအထိ အားရကျေနပ်စရာ အောင်မြင်နေမှုများကို မိမိတို့ တိုင်းရင်းသားပြည်သူများ သိရှိနားလည်စေရန် တင်ပြနေခြင်းမျှသာမကဘဲ နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးကို ရည်စူး၍ နိုင်ငံတကာမှလည်း သိရှိစေရန် တင်ပြခဲ့ခြင်းဖြစ်ပါသည်။

တစ်ဖက်ကလည်း ဤကြိုးပမ်းဆောင်ရွက်မှုများနှင့် အောင်မြင်မှုများသည် မိမိတို့နိုင်ငံအတွက်သာမက လူသားအားလုံးအတွက်ပါ အကျိုးရှိစေသည့် ဆောင်ရွက်နေမှုဖြစ်သည်ကို ငြင်းကွယ်၍မရနိုင်ပါ။

ယခုကဲ့သို့ ကမ္ဘာ့လူသားအားလုံးအကျိုးအတွက် ဆောင်ရွက်ခဲ့မှုများကို ရှင်းလင်းတင်ပြသည့် အခမ်းအနားသို့ ရန်ကုန်မြို့ရှိ သံတမန်များအားလုံး၊ ကုလသမဂ္ဂအဖွဲ့အစည်းအားလုံး၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများအားလုံး နိုင်ငံတကာသတင်းစာဆရာကြီးများနှင့် အထူးဧည့်သည်တော်များကို အမြဲတစေ ဖိတ်ကြားပါဝင်တက်ရောက်စေခဲ့သည်နှင့်အညီ ဖိတ်ကြားသူအားလုံးကလည်း နှစ်စဉ် စိတ်ဝင်တစား အားပေးတက်ရောက်ခဲ့ကြသည်။ သို့သော် ယခုနှစ်တွင်မူ သံရုံးအချို့မှ တက်ရောက်မှုမရှိသည်ကို သတိပြုမိသည်။ သံအမတ်ကြီးများ အကြောင်းအမျိုးမျိုးကြောင့် မအားလပ်သဖြင့် အချို့သံရုံးများမှ သံမှူးကြီးများ၊ အတွင်းဝန်များစေလွှတ် တက်ရောက်စေခြင်းကိုတွေ့ရသော်လည်း ကိုယ်စားလှယ်စေလွှတ်တက်ရောက်ခြင်းပင် လုံးဝမရှိသည့်သံရုံးများကိုလည်း စိတ်မကောင်းစွာ သတိပြုမိခဲ့သည်။

ဤအခမ်းအနားသည် ကမ္ဘာ့နိုင်ငံအသီးသီးရှိ လူသားအားလုံးနှင့်သက်ဆိုင်သည့် အခမ်းအနားဖြစ်သည်ဟု ခံယူမိသည့်အပြင် ကုလသမဂ္ဂကကြီးမှူးသည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားလည်းဖြစ်သည်ဟု နားလည်သဘောပေါက်မိပါသည်။ မိမိတို့ တစ်နိုင်ငံတည်းတွင်သာ မဟုတ်ဘဲ နိုင်ငံအသီးသီးတွင်လည်း ကျင်းပနေခြင်းဖြစ်ပါသည်။

ယခုကဲ့သို့သော အရေးကြီးသည့် မူးယစ်ဆေးဝါးဆိုင်ရာ နိုင်ငံတကာအခမ်းအနားမျိုးကို မည်သည့် အကြောင်းပြချက်မျိုးဖြင့်ဖြစ်စေ တမင်ရှောင်၍ မတက်ရောက်ခဲ့ခြင်းသည် ကုလသမဂ္ဂ၏ တိုက်တွန်းချက်ဖြစ်သော မူးယစ်ဆေးဝါးတိုက်ဖျက်ရေး၊ နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးတွင် နိုင်ငံရေး၊ လူမျိုးရေး၊ ဘာသာရေး၊ ယဉ်ကျေးမှု စသည့်မတူညီမှုများ ခွဲခြားမှုများကို ကျော်လွှားပြီး ပူးပေါင်းဆောင်ရွက်ကြပါစို့ဟု ဟစ်ကြွေးသန္နိဋ္ဌာန်ချမှတ်ချက်များအား အလေးမထား၊ ဥပေက္ခာပြုနေကြောင်းဖော်ပြနေသည်ဟု ယူဆရပေသည်။

တစ်နည်းအားဖြင့်မူ မူးယစ်ဆေးဝါးပြဿနာကို လူမှုရေးပြဿနာအဖြစ် သဘောမထားနိုင်ဘဲ နိုင်ငံရေးအတွက် အသုံးချနေသမျှ ကမ္ဘာပေါ်၌ မူးယစ်ဆေးဝါးပြဿနာ ဆက်လက်သက်ဆိုးရှည်နေဦးမည်မှာ မလွဲဖြစ်သည်။

ထို့ကြောင့် ကုလသမဂ္ဂ၏ ယခုနှစ် ဦးတည်ချက် ဆောင်ပုဒ်နှင့်အညီ မူးယစ်ဆေးဝါး ပြဿနာနှင့် ပတ်သက်လာလျှင် မျက်နှာလွှဲ ခေါင်းရှောင်၍ မသိကျိုးကျွန်မပြုသင့်ပါ။ တွေဝေမနေသင့်ပါ။ နိုင်ငံရေး၊ လူမျိုးရေး၊ ဘာသာရေးစသည့်ပြဿနာများနှင့် ခွဲခြားပြီး ပူးပေါင်းရင်ဆိုင်ဖြေရှင်းကြရန် အချိန်တန်ပြီဟု သုံးသပ်မိပါသည်။

မြန်မာနိုင်ငံအနေဖြင့်လည်း မိမိတို့ချမှတ်ထားသော မူးယစ်ဆေးဝါးပပျောက်ရေး ၁၅ နှစ်စီမံကိန်းပါ လုပ်ငန်းစဉ်များအတိုင်း မဆုတ်မနစ်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပြီး နိုင်ငံတကာအသိုင်းအဝိုင်းမှလည်း အသိမှန် အမြင်မှန်ဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်လာလိမ့်မည်ဟု မျှော်လင့်မိပါကြောင်း ဖော်ပြအပ်ပါသည်။ ။

မဟာသတင်းဂျာနယ် အတွဲ(၁)၊ အမှတ်(၉၂) ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဇူလိုင် ၂

မဟာသတင်းဂျာနယ် အတွဲ(၁) အမှတ်(၉၂)တွင် မြန်မာလူငယ်ဘောလုံးအသင်းအား တံခွန်ဘောလုံးအသင်းက ဂုဏ်ပြုသည့် မျက်နှာဖုံးသတင်းနှင့်အတူ ရာဇာနေဝင်းနှင့်စကားပြောကြမလား၊ ရင်ဂိုတစ်ကိုယ်တော် သီဆိုထားသည့် နေနဲ့လ၊ အရှေ့နဲ့အနောက်' သီချင်းစီးရီး၊ စီဒီ၊ ဗီစီဒီ ဖြန့်ချိမည့် သတင်းတို့အပြင် စွန်ရဲ၏ တွေ့ကြုံခဲ့ရ လူ့ဘဝ(၂၆)၊ ဒေါက်တာမတင်ဝင်း (ပညာရေးတက္ကသိုလ်)၊ ညိုဝင်းရှင်၊ နတ်မောက်ထွန်းရှိန်၊ ခင်ဇော်(ကေသီပန်)၊ ခင်ပန်နှင်းတို့၏ ဆောင်းပါးများအပြင် အပတ်စဉ်ပါနေကျ ဟိန်းလတ်၏ မဟာဗေဒင်၊ မြတ်ခိုင်၏ မေးခွန်း၁၀၀၀၊ ငြိမ်းအေးအိမ်၏ အခန်းဆက် ဝတ္ထုရှည်နှင့်အတူ ပြည်တွင်း၊ ပြည်ပ အနုပညာသတင်းများ၊ ပရိသတ်အကြိုက် 3D တို့ဖြင့် ထုတ်ဝေဖြန့်ချိလိုက်ကြောင်း သိရသည်။ **(အပေါ်ယာပုံ)** (က-ပ)

ရွှေမင်းဝံ မဟာသတိပဋ္ဌာန် စာသင်တိုက် ဝါတွင်း (ဥပုသ်နေ့တိုင်း) တရားပွဲ

ရန်ကုန် ဇူလိုင် ၂

မြောက်ဥက္ကလာပမြို့နယ် (ဈ) ရပ်ကွက် ဇမ္ဗူအေးကျောင်းတိုက်အတွင်းရှိ ရွှေမင်းဝံ မဟာသတိပဋ္ဌာန်ပရိယတ္တိစာသင်တိုက်တွင် ပဓာနနာယက ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တပညာလင်္ကာရဆရာတော်က (ဥပုသ်နေ့တိုင်း) နံနက်၉နာရီမှစ၍ မဂ္ဂင်ရှစ်ပါး အလုပ်ပေးတရားတော်များကို ဟောကြားပြီး မွန်းတည့် ၁၂နာရီမှစ၍ မွန်းလွဲ ၁နာရီခွဲထိ အနန္တဂုဏ်ရောင် ဦးဘမြင့်က ပဋ္ဌိစ္စသမုပ္ပါဒ်နှင့် သစ္စာလေးပါး ဗောဓိပက္ခိယတရား ၃၇ပါး တရားတော်များကို ဟောကြားပြသမည် ဖြစ်ကြောင်းသိရသည်။ (က-ပ)

ကျိုက်အင်း မဟာစည်အထူးတရားစခန်းပွဲ

ရန်ကုန် ဇူလိုင် ၂

သန်လျင်မြို့ ကျိုက်အင်း မဟာစည်သာသနာ့ရိပ်သာ ဓမ္မရက္ခိတကျောင်းတိုက်တွင် ဗုဒ္ဓ၏ သတိပဋ္ဌာန်ကျင့်စဉ်၊ ဗုဒ္ဓနည်းကျ ပါဠိတော်ဟောစဉ်အတိုင်း နိဗ္ဗာန်ရောက်ရေး အလေးပေးကာ ကျင့်စဉ်နှင့်ဟောစဉ် တရားတော်များကို ပဓာနနာယက ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တခေမာစာရ(ရေတာရှည်) ဆရာတော်အရှင်သူမြတ်က ၁၁မိုးငြိမ်းရန်၊ ၁၁ရက်တရားစခန်းပွဲ (၁၅)ကြိမ်မြောက် ဟောကြားပြသမည်ဖြစ်သည်။

တရားအားထုတ်ကြမည့် ယောဂီများ ဝါဆိုလဆန်း ၁၄ ရက် (ဇူလိုင် ၁၂ ရက်) ညနေ ၄နာရီ အရောက်လာရောက်ကြရန် နှိုးဆော်ထားကြောင်း သိရသည်။ (က-ပ)

ဝါဆိုသင်္ကန်းများ ဝယ်ယူလှူဒါန်းနိုင်

ရန်ကုန် ဇူလိုင် ၂

အလျားအနံပြည့် ပိတ်အုပ်အသစ်များဖြင့် ဝိနည်းညီ အထူးချုပ်လုပ်ထားသော သမ္မတဝါဆိုသင်္ကန်းများကို ပစ္စည်းမှန်၊ ဈေးနှုန်းမှန် ရောင်းချလျက်ရှိရာ ဝါဆိုသင်္ကန်း ဝယ်ယူလှူဒါန်းလိုသူများ သမ္မတသင်္ကန်းတိုက် အမှတ် ၁၁၈(စီ) ရေတာရှည်လမ်းဟောင်း ဗဟန်းမြို့နယ် ဖုန်း-၅၄၅၃၉၅၊ ၅၄၅၃၉၆၊ အမှတ် ၂၃(ဘီ) ရေတာရှည်လမ်းဟောင်း ဗဟန်းမြို့နယ် ဖုန်း-၅၄၄၉၅၄ သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရသည်။ (က-ပ)

အသံမစဲ မဟာပဋ္ဌာန်း ပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဇူလိုင် ၂

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန အကောက်ခွန်ဦးစီးဌာန၏ ဒုတိယအကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်း ပူဇော်ပွဲအခမ်းအနားကိုယမန်နေ့ နံနက် ၉ နာရီက ရွှေတိဂုံဘုရားလမ်းရှိ အကောက်ခွန်ဓမ္မသုခရိပ်သာဓမ္မာရုံ၌ ကျင်းပရာ အောင်ဆန်းတောရ တပ်ဦးကျောင်းတိုက် မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာ ပဓာန နာယက ဆရာတော် မဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ သဒ္ဓမ္မကိတ္တိသာရအရှင်သူမြတ် အမှူးပြုသော သံဃာတော်များက မဟာပဋ္ဌာန်း ဒေသနာတော်ကြီးကို ရွတ်ဖတ်ပူဇော်ကြသည်။

အခမ်းအနားသို့ အကောက်ခွန် ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီး ခင်မောင်လင်းနှင့် ဇနီး၊ ညွှန်ကြားရေးမှူးများနှင့် ဝန်ထမ်းများ တက်ရောက်ကြည်ညို ပူဇော်ကြပြီး ဇူလိုင် ၅ ရက်အထိ ပူဇော်ပွဲ ကျင်းပမည်ဖြစ်သည်။ (ကြေးမုံ)

မိုးကုတ်ဝိပဿနာ ခုနစ်ရက်တရားစခန်းပွဲ

ရန်ကုန် ဇူလိုင် ၂

အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း အင်းစိန်မြို့နယ် ကြို့ကုန်းအနောက်ရပ်ကွက် ခဝဲခြံ(၂)လမ်း ပေါ်တော်မူကျောင်းတိုက် မိုးကုတ်ဝိပဿနာ အဖွဲ့ခွဲ(၁၃၃)တွင် ကမ္မဋ္ဌာနာစရိယ သာသနာပြုနယ်လှည့်ဓမ္မကထိက ဓမ္မိကာရာမ ပေါက်တောကျောင်း ပဓာနနာယက ဆရာတော် ဦးစန္ဒဝံသ(သာသနဓဇဓမ္မာစရိယ)သည် တရားစခန်းဝင်ယောဂီများအား ဇူလိုင် ၁၈ ရက်မှ ၂၄ ရက်အထိ ပဋိစ္စသမုပ္ပါဒ် တရားဒေသနာများကို ခန္ဓာဉာဏ်ရောက် ဟောကြားမည်ဖြစ်သည်။

တရားစခန်းဝင်ယောဂီများသည် ဇူလိုင် ၁၇ ရက် ညနေ ၅ နာရီတွင် မိမိတို့ အသုံးအဆောင်ပစ္စည်းများယူဆောင်လာရောက်ကြရန်နှင့် ဖုန်း-၆၅၂၁၇၃ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က-ပ)

အုတ်ဖိုမြို့နယ်အသင်း(ရန်ကုန်) ဝါဆိုသင်္ကန်းဆက်ကပ်မည်

ရန်ကုန်   ဇူလိုင် ၂

အုတ်ဖိုမြို့နယ်အသင်း၏ တတိယအကြိမ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၂၇ ရက် နံနက် ၁၀ နာရီတွင် အသင်းတိုက်တည်ရာ အမှတ်(၅၅) (L)ရန်ကုန်–အင်းစိန်လမ်းမကြီး (၁၃) ရပ်ကွက် လှိုင်မြို့နယ်၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်များနှင့် မြို့နယ်သူ၊ မြို့နယ်သားများ ကြွရောက်ပူဇော်နိုင်ပြီး ဒုတိယဗိုလ်မှူးကြီး အေးသန်းထွန်း(ငြိမ်း) ဖုန်း–၆၆၂၅၁၈၊ ဒုတိယဗိုလ်မှူးကြီးတင်ကြိုင် ဖုန်း–၆၈၀၉၁၃၊ ၇၂၄၇၈၉ နှင့် ဦးညိုမြင့်မောင် ဖုန်း–၇၂၇၉၅၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က–ပ)

စက်မှုစွမ်းအား ခေတ်ကျော်လွှား

ပြည်သူ့အကျိုးပြု သမဝါယမ

ကမ္ဘာ့သမဝါယမစနစ်သည် ၁၈၄၄ ခုနှစ်တွင် သန္ဓေတည်ပေါက်ဖွားခဲ့ရာ ယခုအခါ နှစ်ပေါင်း ၁၅၀ ကျော်လွန်ခဲ့ပြီး ဖြစ်သကဲ့သို့ မြန်မာ့သမဝါယမသည်လည်း ၁၉၀၅ ခုနှစ် ဇန်နဝါရီလ ၃ ရက်နေ့တွင် စတင်ခဲ့ရာ မကြာမီကာလတွင် နှစ်တစ်ရာ ပြည့်မီတော့မည်ဖြစ်သည်။

သမဝါယမ၏ သဘောသဘာဝမှာ ဆန္ဒတူသူများက မိမိတို့ရင်ဆိုင်ကြုံတွေ့ရသည့် စီးပွားရေး၊ လူမှုရေး အခက်အခဲ အကျပ်အတည်းများကို လွတ်မြောက်ကျော်လွှားသွားနိုင်ရန် အတူတကွ ပူးပေါင်းဆောင်ရွက် ရုန်းကန်လှုပ်ရှားကြခြင်းပင်ဖြစ်သည်။

သမဝါယမအနေဖြင့် ကမ္ဘာတွင်ရော မြန်မာမှာပါ နှစ်တစ်ရာ နှစ်ရာကျော်ထိ ရှင်သန်ရပ်တည်နိုင်ခဲ့ခြင်းမှာ သမဝါယမ၏ အခြေခံမူ၊ အနှစ်သာရနှင့် အခြေခံကျင့်ဝတ်များကြောင့်ပင် ဖြစ်သည်။ သမဝါယမ အခြေခံမူများမှာ ၁၈၄၄ ခုနှစ်မှစ၍ ခေတ်စနစ် အချိန်ကာလအနေအထားများ၏ ပြောင်းလဲလာနေသည့် လိုအပ်ချက်များနှင့်အညီ အစဉ်တစိုက် ပြောင်းလဲကျင့်သုံးခဲ့သည်နှင့်အမျှ ခေတ်မီလျက်ရှိနေသည်။

ခေတ်စနစ်နှင့်အညီ သမဝါယမအခြေခံမူများ ပြောင်းလဲသကဲ့သို့ ပြည်သူအများ၏ လိုအပ်ချက်များကလည်း ခေတ်နှင့်တစ်ပြေးညီ တိုးတက်ပြောင်းလဲလျက်ရှိသည်။ ထိုတိုးတက်ပြောင်းလဲနေသည့် လိုအပ်ချက်များနှင့် ညီညွတ်အောင် သမဝါယမများက ဖြည့်ဆည်းပေးနိုင်ရေး အစဉ်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ထို့ကြောင့် သမဝါယမစနစ်သည် အနာဂတ်တွင် တွေ့ကြုံလာရမည့် စိန်ခေါ်မှုများကို ကြံ့ကြံ့ခံရပ်တည်နိုင်စွမ်းရှိသော စနစ်ဖြစ်သည်။

ကျော်မြင့်ကျော်

ကမ္ဘာနှင့်အဝန်း ဆက်စပ်ယှက်နွယ်မှုဖြစ်စဉ် (Globalization) စီးပွားရေးစနစ်တစ်ရပ် တည်ဆောက်နေချိန်တွင် လူတန်းစားကွာဟမှု ကြီးထွားလာသကဲ့သို့ လူမှုရေးတွင် မညီမျှမှုများ ဖြစ်ပေါ်လာလျက်ရှိကြောင်း တွေ့နေရသည်။ ဤကဲ့သို့သော အခြေအနေမျိုးတွင် မညီမျှမှုကို ကာကွယ်ပေးသည့် ချိန်ညှိပေးမည့် စနစ်မှာ သမဝါယမ စနစ်ပင်ဖြစ်သည်။ ထို့ပြင် သမဝါယမ များသည် ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်၍ ညီညွတ်မျှတသည့် လူမှုစီးပွားရေးစနစ်ကို တည်ဆောက်ပေးသော အဖွဲ့ အစည်းဖြစ်သည်။

ထို့အတူ သမဝါယမများသည် ကိုယ့်အားကိုယ်ကိုးမှု၊ အများဆန္ဒနှင့်အညီ ကျင့်သုံးမှု၊ သာတူညီမျှမှု၊ ကြံ့ခိုင်မှုစသည့် အခြေခံအနှစ်သာရများနှင့် ပြည့်ဝအောင်ကြိုးပမ်းလျက်ရှိသည်။

ထို့မျှမက လူ့ကျင့်ဝတ်နီတိများဖြစ်သည့် ရိုးသားမှု၊ ပွင့်လင်းမှု၊ လူမှုရေးစိတ်ဓာတ်ရှိမှု၊ အများအကျိုး သယ်ပိုးဆောင်ရွက်မှုများကိုလည်း လိုက်နာဆောင်ရွက်သည့် အဖွဲ့အစည်းဖြစ်သည်။

ယနေ့ကာလ မြန်မာ့သမဝါယမကိုကြည့်လျှင် အောက်တွင်ဖော်ပြထားသည့် **“မြန်မာ့သမဝါယမ မျှော်မှန်းချက်”**ကို ပေါက်မြောက်အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

“နိုင်ငံတော်၏ အမျိုးသားလူမှုရေး၊ စီးပွားရေးတည်ဆောက်မှုလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ရန်နှင့် ညီညွတ်မျှတသည့်လူမှုစီးပွားတည်ဆောက်မှု၊ သမဝါယမရုပ်ပုံလွှာကို ထိန်းသိမ်းကာကွယ်ရင်း ဖွံ့ဖြိုးတိုးတက်စေရန်”

ဤမျှော်မှန်းချက်အရ မြန်မာ့သမဝါယမများက ရေရှည်ဆောင်ရွက်သွားမည့် အစီအစဉ်များတွင် အများပြည်သူ၏ အခြေခံလိုအပ်ချက်များ (Basicnecessities) ဖြစ်သည့် စားဝတ်နေရေးကိစ္စ၊ သဘာဝလိုအပ် ချက်များ (Conventional Necessities) ဖြစ်သည့် ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးနှင့် အဆင့်မြင့်လူမှုရေးလိုအပ်ချက်များ (Social Amenities)ဖြစ်သည့် စာကြည့်တိုက်၊ အားကစား၊ အပန်းဖြေစခန်းစသည့် စီးပွားရေး၊ လူမှုရေးလိုအပ်ချက်များ ဖြည့်ဆည်းပေးရန် ဦးတည်မျှော်မှန်း ဆောင်ရွက်နေကြောင်း သိရှိရပါသည်။

လတ်တလော မြန်မာ့သမဝါယမ ဆောင်ရွက်ချက်များကိုကြည့်လျှင် မြန်မာနိုင်ငံလူဦးရေ ၅၂ သန်းကျော်တွင် ၇၀ ရာခိုင်နှုန်းမျှရှိသည့် လူဦးရေ ၃၆ သန်းကျော်သည် ကျေးလက်ဒေသတွင် နေထိုင်လျက်ရှိရာ ကျေးလက်ဒေသနေရာအနှံ့ ဖွဲ့စည်းထားသည့် စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းများ၊ လယ်ယာနှင့် အထွေထွေ သမဝါယမအသင်းများအနေဖြင့် တစ်ထောင့်တစ်နေရာမှ လယ်ယာကဏ္ဍကို အကျိုးပြုဆောင်ရွက်လျက် ရှိနေပေသည်။ ထို့အတူ မြို့ပေါ်ရောင်းဝယ်ရေး သမဝါယမအသင်းများက စားသောက်ရေးကိစ္စတွင် တစ်စတစ်စ ပြန်လည်နေရာယူလာနေပြီလည်းဖြစ်သည်။ ထို့ပြင် ကုန်ထုတ်သမဝါယမအသင်းအမျိုးမျိုးတို့က သက်ဆိုင်ရာ စီးပွားရေးလုပ်ငန်းရှင်များအား အကျိုးပြုဆောင်ရွက်လျက်ရှိသည်။ ဂျီအီးစီသမဝါယမအသင်းများအနေဖြင့်လည်း ဌာနဆိုင်ရာအလိုက် အကျိုးပြုဆောင်ရွက်လျက် ရှိနေပေသည်။ သမဝါယမအသင်းများသည် အများပြည်သူ တစ်စိတ်တစ်ပိုင်းပါဝင်လျက်ရှိရာ သမဝါယမအနေဖြင့် ပြည်သူ့အကျိုးပြုလုပ်ငန်းကို ကဏ္ဍအလိုက် တစ်ထောင့်တစ်နေရာမှ ပါဝင်ဆောင်ရွက်နေကြပြီဖြစ်ပေသည်။

သမဝါယမ သဘောသဘာဝကိုကြည့်လျှင် တစ်ဦးချင်း၊ တစ်ယောက်ချင်းစီအနေဖြင့် စီးပွားရေး၊ လူမှုရေး စွမ်းအားများ အားနည်းကြသော်လည်း သမဝါယမအသင်းတစ်သင်းအသွင် ဖွဲ့စည်းဆောင်ရွက်လာသည်နှင့် တစ်ပြိုင်နက်မူလရှိနေသည့်–

- စွမ်းအား (Energy)မှ
- ကိုယ်တိုင်ကိုယ်ကျ ပါဝင်ဆောင်ရွက်မှု (Member Involements)
- အတူတကွ ဆန်းသစ်တီထွင်မှု (Joint Innovation)
- ကာကွယ်မှုနှင့် ကိုယ်စားပြုမှု (Protection and Representative)
- စီးပွားရေးအရွယ်အစား (Economics of Scale)
- ဆွေးနွေးညှိနှိုင်းမှုစွမ်းအား (Bargaining Power)
- တည်ငြိမ်မှုအပါအဝင် (Stability)
- ဆင့်ပွားစွမ်းအား (Synergy)

အသွင်ဖြစ်ပေါ်လာသည့် စနစ်တစ်ခုဖြစ်ပေသည်။

ကမ္ဘာပေါ်ရှိ သမဝါယမများအားလုံးတို့၏ ကြိုးပမ်းစွမ်းဆောင်နိုင်မှုများကို ဖော်ကျူးသည့်အနေဖြင့် ကမ္ဘာ့နိုင်ငံအသီးသီးတို့တွင် နှစ်စဉ် ဇူလိုင်လ ပထမစနေနေ့ကို အပြည်ပြည်ဆိုင်ရာ သမဝါယမ နေ့အဖြစ် ကျင်းပပြုလုပ်ရန် (၄၉)ကြိမ်မြောက် ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေညီလာခံ၏ ဆုံးဖြတ် ချက်နှင့် အညီ ပြည်ထောင်စုမြန်မာနိုင်ငံအနေဖြင့် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ကို နှစ်စဉ်ကျင်းပပြုလုပ်လျက်ရှိပေသည်။ ၂၀၀၂ ခုနှစ်တွင် အပြည်ပြည်ဆိုင်ရာ သမဝါယမအဖွဲ့ချုပ်က ကမ္ဘာတစ်ဝန်း သမဝါယမများအားလုံးသို့ **လူမှုအဖွဲ့အစည်းအကျိုးကို အလေးထားခြင်း** (Concerned for Community)အဖြစ် သတ်မှတ်ဆောင်ရွက်ကြရန် တိုက်တွန်းနှိုးဆော်ခဲ့ပေသည်။

အလားတူပင် ယခုနှစ်အတွက်လည်း **“သမဝါယမသည် လူသားတို့ ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နိုင်စွမ်းရှိသောစနစ်”** (Co-Operatives Make Development Happen)အဖြစ် ဆောင်ရွက်အောင် တိုက်တွန်းနှိုးဆော်ထားကြောင်း သိရှိရပေသည်။

ထို့ပြင် ၂၀၀၃ ခုနှစ်၊ “ကမ္ဘာ့ကုလသမဂ္ဂ၏ ထောင်စုနှစ် ဖွံ့ဖြိုးတိုးတက်ရေး ပန်းတိုင်များ” (United Nations Millenium Development Goals) (MDG)ကို သမဝါယမများက တက်ကြွစွာ ပါဝင်ဆောင်ရွက်သွားကြရန် တိုက်တွန်းထားပေသည်။ အဆိုပါ ပန်းတိုင်များကို ဖော်ပြရလျှင် ဆင်းရဲနွမ်းပါးမှု ပပျောက်စေရေး၊ လူတိုင်းအခြေခံပညာ သင်ကြားနိုင်ရေး၊ ကျားမခွဲခြားမှု မညီ မျှမှုပပျောက်၍ အမျိုးသမီးများ၏ စွမ်းအားမြှင့်တင်ပေးရေး၊ ကလေးအသေအပျောက်နှုန်း လျှော့ချရေး၊ မိခင်များကျန်းမာမှုတိုးတက်ရေး၊ သဘာဝပတ်ဝန်းကျင် ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုထိန်းသိမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကမ္ဘာလုံးဆိုင်ရာ ပူးပေါင်းပါဝင်ဆောင်ရွက်မှု ဖွံ့ဖြိုးတိုးတက်ရေးတို့တွင် ပါဝင်ဆောင်ရွက်ကြရန်ဖြစ်၍ ၎င်းတို့ကို တွန်းအားပေး တိုက်တွန်းနှိုးဆော်ဆောင်ရွက်လျက်ရှိပေသည်။

အထက်ဖော်ပြချက်များအရ အစဉ်အမြဲခေတ်မီနေသည့် သမဝါယမအခြေခံမူ၊ အနှစ်သာရ အခြေခံကျင့်ဝတ်များကြောင့်ပင် နှစ်ပေါင်း ၁၅၀ ကျော် ရှင်သန်ရပ်တည်နိုင်ခဲ့သည်ဖြစ်ရာ အများပြည်သူအကျိုးကို သမဝါယမများက ဆတက်ထမ်းပိုး ကြိုးပမ်းဖြည့်ဆည်းသွားနိုင်သည်နှင့်အမျှ မြန်မာ့သမဝါယမအနေဖြင့်လည်း ရေရှည်တွင် ဆက်လက်ရှင်သန် တိုးတက်မှုနေမည်သာဖြစ်ပေသည်။

ထို့ကြောင့် သမဝါယမများအနေဖြင့် သမဝါယမခွန်အားနှင့် ပြည်သူ့အကျိုးပြု သမဝါယမအဖြစ် တည်ဆောက်သွားကြရလိမ့်မည်။ သမဝါယမခွန်အားဆိုသည်မှာ လူမှုတန်ဖိုးနှင့်အခြေခံမူများပင်ဖြစ်ပေသည်။ တစ်နည်းအားဖြင့် သမဝါယမအရည်အသွေးပင်ဖြစ်ပေသည်။ သမဝါယမအရည်အသွေးများ တောက်ပြောင်လာသည်နှင့်အမျှ ပြည်သူ့အကျိုးပြု သမဝါယမများအဖြစ် အများပြည်သူ၏အကျိုးကို ဆတက်ထမ်းပိုး တိုးတက်ဆောင်ရွက်သွားနိုင်မည်ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။

ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် စာအောင်သံဃာပူဇော်ပွဲ

ရန်ကုန်   ဇူလိုင် ၂

ကျေးဇူးတော်ရှင် တိပိဋကရေမ္မဘဏ္ဍာဂါရိက ပဓာနနာယက(ယော) ဆရာတော်ကြီး စီမံအုပ်ချုပ်လျက်ရှိသော မဟာဝိသုဒ္ဓါရုံ ကျောင်းတိုက်၏ (၃၅)ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် ပိဋကတ္တယပါရဂူဘွဲ့ရ အရှင်သီရိကဥ္စန၊ သကျသီဟနှင့် စေတိယင်္ဂဏ စာသင်တန်းအောင် အရှင်ဝဇီရပါဏီလင်္ကာရ၊ ငါးဘွဲ့ရသာမဏေကျော် အရှင်မြတ်သုံးပါးနှင့် စာအောင်သံဃာပူဇော်ပွဲကို ၁၃၆၅ ခု ဝါဆိုလပြည့် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် အဆိုပါကျောင်းတိုက်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။
(က–ပ)

ဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန်   ဇူလိုင် ၂

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်၊ ရှစ်မိုင် မစိုးရိမ်(ရွှေကျင်)တိုက်သစ်၊ ကျေးဇူးရှင် ဆရာတော်ကြီး၏ (၁၂) ကြိမ်မြောက် အထိမ်းအမှတ်ပူဇော်ပွဲနှင့် သံဃာတော် ၁၁၅ ပါးတို့အား ဝါဆိုသင်္ကန်းကပ်လှူပွဲကို ၁၃၆၅ ခုနှစ် ဇူလိုင် ၂၀ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်ရာ သင်္ကန်း၊ ဆွမ်းစသည်တို့ ကြိုတင်လှူဒါန်းလိုပါက ဖုန်း–၆၆၂၂၁၃ သို့ ကြိုတင်ဆက်သွယ်လှူဒါန်း နိုင်ကြောင်းနှင့် အချိန်မီကြွရောက်ကြပါရန် အကျိုးဆောင်အဖွဲ့က နှိုးဆော်ထားကြောင်း သိရသည်။ (က–ပ)

ရန်ကင်းပဥ္စနိကာယ် ဝါဆိုသင်္ကန်းကပ်လှူပွဲ

ရန်ကုန်   ဇူလိုင် ၂

ရန်ကင်းမြို့နယ် ပဥ္စနိကာယ် သာသနာ့ဗိမာန် ကျောင်းတိုက်ကြီး၏ ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာ ဂန္ထဝါစက ပဏ္ဍိတ နိုင်ငံတော်ဗဟို သံဃာ့ဝန်ဆောင် ဆရာတော် ဘဒ္ဒန္တ တေဇောဘာသ အမှူးရှိသော စာချစာသင် အရှင်မြတ် ၃၁၅ ပါးတို့အား ၁၃၆၅ ခုနှစ် ဝါဆိုလပြည့်ကျော် ၁ ရက်၊ ဇူလိုင် ၁၄ ရက် (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် ပဥ္စနိကာယ်ဓမ္မသဘင်ခန်းမ၌ (၂၇)ကြိမ်မြောက် ဝါဆိုသင်္ကန်း ကပ်လှူပူဇော်ကြမည်ဖြစ်ရာ စေတနာရှင် ကုသိုလ်ရှင်များအနေဖြင့် လာရောက်ကြည်ညို ကုသိုလ်ယူလှူဒါန်းနိုင်ကြောင်း သိရသည်။

(က–ပ)

ပရိတ်ချည်မျှင်ဆရာတော် ဝိဇာတမွေးနေ့မင်္ဂလာ

ရန်ကုန်   ဇူလိုင် ၂

ပဲခူးတိုင်း ကျောက်တံခါးမြို့နယ် ပဲနွယ်ကုန်းမြို့ ကြို့ပင်ရိုးရွာ ရန်ပြေအေးတောရ ကမ္မဋ္ဌာန်းကျောင်းတိုက်တွင် စေတီတစ်ထောင်ကျော်နှင့် မြန်မာပြည်အနှံ့ စေတီများတည်ခြင်း၊ ပရိတ်ချည်မျှင်ဖြင့် ထီးတော်တင်လှူခြင်း၊ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောပြောပြသဆုံးမခြင်းတို့ဖြင့် သာသနာပြုလျက်ရှိသည့် ပရိတ်ချည်မျှင် ရေဆူဆရာတော် အရှင်အာဒိစ္စ (အရိယဓမ္မကမ္မဋ္ဌာနာစရိယ)၏ ဝိဇာတမွေးနေ့အလှူမင်္ဂလာနှင့် တပည့်ဒါယကာ၊ ဒါယိကာမတို့၏ စုပေါင်းဝါဆိုသင်္ကန်း၊ အရဏ်ဆွမ်းနှင့် လှူဖွယ်ဝတ္ထု အစုစုတို့ ဆက်ကပ်လှူဒါန်းပွဲကို ဆရာတော် ဝါဆိုသီတင်းသုံးရာ ရန်ပြေအေး သာသနာ့ ဗိမာန်ရွှေကျောင်း ဓမ္မရိပ်သာကျောင်းတိုက် မြစ်ပယ်လမ်း ပုလဲ (၃) ရပ်ကွက် မင်္ဂလာဒုံမြို့နယ် ရန်ကုန်၌ ၁၃၆၅ ခုနှစ် ဝါဆိုလဆန်း ၈ ရက် (ဇူလိုင် ၆ ရက်) တနင်္ဂနွေနေ့ နံနက် ၈ နာရီမှ မွန်းလွဲ ၁ နာရီအတွင်း ကျင်းပမည်ဟု သိရသည်။ (က–ပ)

မဟာသန္တိသုခကျောင်းအဘိဓမ္မာသင်တန်းဖွင့်မည်

ရန်ကုန်   ဇူလိုင် ၂

မဟာသန္တိသုခ ဗုဒ္ဓသာသနာပြုကျောင်းတော်ကြီး၌ အဘိဓမ္မာသင်တန်း အမှတ်စဉ်(၂) ဖွင့်ပွဲအခမ်းအနားကို လာမည့် ဇူလိုင် ၅ ရက် (စနေနေ့) ညနေ ၅ နာရီတွင် ကျောင်းတော်ကြီး၏ အဓိပတိခန်းမဆောင်တွင် ကျင်းပမည်ဖြစ်၍ သင်တန်းတက်ရန် စာရင်းပေးသွင်းထားသောပုဂ္ဂိုလ်များအားလုံး တက်ရောက်ကြရန်နှင့် သင်တန်းတက်ရောက်လိုသူများပြားသဖြင့် တစ်နေ့နှစ်ကြိမ်ခွဲ၍ သင်တန်းပို့ချမည်ဖြစ်ပြီး မည်သူ/မည်သည့်အချိန် တက်ရောက်ရမည်ကို ဖွင့်ပွဲတွင် ကြေညာမည်ဟု သိရသည်။ (က–ပ)

စစ်ကိုင်းရွှေဟင်္သာစံကျောင်း(ရန်ကင်း) ဝါဆိုသင်္ကန်းကပ်လှူပွဲ

ရန်ကုန် ဇူလိုင် ၂

ရန်ကင်းမြို့နယ် သုခဝတီလမ်းရှိ ကျေးဇူးတော်ရှင် ဒွါဒသမရွှေကျင်သာသနာပိုင် ရွှေဟင်္သာ ဆရာတော်ကြီး၏ စံကျောင်းဖြစ်သော စစ်ကိုင်းရွှေဟင်္သာစံကျောင်းတွင် (၁၁)ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ် လှူပူဇော်ပွဲကို ဇူလိုင် ၅ ရက် (စနေနေ့)တွင် ကျင်းပမည်ဖြစ်၍ သင်္ကန်း၊ ဆွမ်းစသည် လှူဒါန်းလိုပါက ဥပါသကာအဖွဲ့ (ရွှေဟင်္သာစံကျောင်း) ဖုန်း–၅၆၁၀၅၀ သို့ ကြိုတင် ဆက်သွယ်လှူဒါန်းနိုင် ပါကြောင်း သိရသည်။
(က–ပ)

☆ **ရှေ့ဖုံးမှ**

တိုးတက်ဖြစ်ထွန်းရေးကို အထောက်အကူဖြစ်စေသည့် ပြည်ထောင်စုကြီး၏ နယ်မြေအစိတ်အပိုင်းအားလုံး မျှတစွာ ဖွံ့ဖြိုးတိုးတက်ပြီး တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ လူမှုရေး၊ စီးပွားရေးတို့၌ အဆင့်အတန်းမြင့်မားရေးကို အလေးထားလျက် လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးတို့၏ အခြေခံအဆောက်အအုံများကို တည်ဆောက်ဖြည့်ဆည်းပေးလျက်ရှိပေသည်။

အားထုတ်ကြိုးပမ်း

ထိုသို့ဆောင်ရွက်ရာတွင် နိုင်ငံတွင်းရှိ ကိုယ်ပိုင်အမျိုးသားရေး စွမ်းအားစုများ၏ စုစည်းညီညွတ်သော စွမ်းပကားကိုသာ အလေးထားဆောင်ရွက်နေခြင်းဖြစ်ပေသည်။ ယနေ့ နိုင်ငံတကာနှင့် နှိုင်းယှဉ်ကြည့်လျှင် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံတစ်ခုအနေဖြင့် ကမ္ဘာ့နိုင်ငံများအကြား ဓနအင်အားကွာဟမှု၊ နည်းပညာကွာဟမှု၊ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေကွာဟမှုများကြောင့် မိမိတို့၏ အမျိုးသားရေးအကျိုးစီးပွားများ နစ်နာဆုံးရှုံးမှု မရှိစေရန်အတွက် အားထုတ်ကြိုးပမ်းနေရသော အချိန်ကာလလည်း ဖြစ်ပေသည်။

တစ်ချိန်တည်းတွင် ဖွံ့ဖြိုးပြီးနိုင်ငံအချို့က နိုင်ငံရေးပယောဂနှင့်ဆက်နွှယ်ပြီး မိမိတို့မြန်မာနိုင်ငံအပေါ် ပိတ်ဆို့ဟန့်တားမှုများ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများကို အသုံးပြုပြီး ဖိအားပေးအကျပ်ကိုင်မှုများ ပြုလုပ်နေကြသည်။ ယင်းသို့သောအချိန်အခါတွင် အခြေအနေအရပ်ရပ်ကို ရင်ဆိုင်တွန်းလှန်ပြီး မိမိတို့နိုင်ငံသူ၊ မိမိနိုင်ငံသား၊ မိမိလူမျိုး တိုးတက်ကြီးပွားစေရန်အတွက် အဘက်ဘက်က ဘက်စုံထောင့်စုံကြိုးပမ်း အားထုတ်လျက်လည်းရှိနေသည်။

ချဉ်းကပ်လမ်း

ထိုနေ့က ပုံညာတောင် ဥမင်ရထားလမ်းဖောက်လုပ်နေမှုကို ဥမင်အပြင်နှင့်အတွင်းပါ ဝင်ရောက်လေ့လာပြီးနောက် ဥမင်အရှေ့အနောက် ချဉ်းကပ်ရထားလမ်း ၂၆မိုင် ဖောက်လုပ်နေမှုကို ဆက်လက်လေ့လာရန် စီမံကိန်းအမှုဆောင် အင်ဂျင်နီယာနှင့် လက်ထောက်အထွေထွေမန်နေဂျာဖြစ်သူ ဦးမောင်မောင်သွင်နှင့်အတူ ခရီးဆက်ကြရပြန်သည်။

ကြေးမုံသတင်းအဖွဲ့သည် ထိုဒေသ၌ ရထားလမ်းဖောက်လုပ်နေမှုသတင်းအား ကွင်းဆင်းလေ့လာရေး မသွားရောက်မီ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးထံ သွားရောက်တွေ့ဆုံသည်။ ထိုသို့သွားရောက်တွေ့ဆုံစဉ် ရထားပို့ဆောင်ရေးဝန်ကြီး ဗိုလ်ချုပ်အောင်မင်းက **"မြန်မာနိုင်ငံတော်ကြီး ယခင်နယ်ချဲ့တို့ အုပ်စိုးထားစဉ်က ရထားလမ်းဆိုတာ သူတို့အတွက်အကျိုးရှိမှ ဖောက်လုပ်ပေးတာဖြစ်ကြောင်း၊ ယခုအခါမှာ နိုင်ငံတော်ကြီးကို တာဝန်ယူအုပ်ချုပ်နေသည့် နိုင်ငံတော်အစိုးရက မိမိအတွက် အကျိုးအမြတ်ကို တွက်မနေဘဲ တိုင်းရင်းသားပြည်သူများ သွားလာရေး လွယ်ကူရန်အတွက် ရထားလမ်း၊ ကားလမ်းနှင့် မြစ်ကူးတံတားများပါ ဖောက်လုပ်ပေးလျက်ရှိနေကြောင်း၊ ကျော–ရေမျက်နီ–ဂန့်ဂေါ အစရှိသည့် ပုံတောင်၊ ပုံညာဒေသများသည် ယခင်အလံနီ ကွန်မြူနစ်များက ဗိုလ်ကျစိုးမိုးထား၍ ပြည်သူတို့ဘဝ မတိုးတက်ဘဲ နောက်ကျကျန်နေခဲ့ရကြောင်း၊ ယခုအခါတွင် အေးချမ်းနေပြီဖြစ်၍ ထိုဒေသအား ကွက်လပ်မကျန်ရစ်စေဘဲ အခြားဒေသများနည်းတူ ဖွံ့ဖြိုးတိုးတက်လာရန် ဆောင်ရွက်ခြင်းဖြစ်ကြောင်း။**

တမူး–ကလေး–ဂန့်ဂေါအစရှိသည့် နယ်စပ်ဒေသများမှ တိုင်းရင်းသားပြည်သူများသည် ရထားဖြင့် မန္တလေးသို့ဝင်ပြီး မန္တလေးမှ ပြည်ထောင်စုလမ်းမကြီးအတိုင်း ရထား၊ ကားတို့ဖြင့် ကြိုက်နှစ်သက်ရာစီး၍ မြန်မာနိုင်ငံ၏ မြို့တော်ရန်ကုန် အပါအဝင် မည်သည့်ဒေသမဆို သွားနိုင်ကြတော့မည်ဖြစ်ကြောင်း၊ ခေတ်နောက်ကျနေသည့် နယ်မြေကို နိုင်ငံတော်အကြီးအကဲက ချီးမြှောက်သည့် အစီအစဉ်ဖြင့် ရထားလမ်းများ ဖောက်ပေးနေသည်ဖြစ်၍ ကြေးမုံသတင်းအဖွဲ့ သွားရောက်လေ့လာနိုင်ရန် မိမိစီစဉ်ပေးမည်ဖြစ်ကြောင်း" ပြောကြားလိုက်သည်။

မကွေးတိုင်းနှင့် စစ်ကိုင်းတိုင်း တိုင်းနှစ်တိုင်းအတွင်းတည်ရှိနေသော ပုံတောင်၊ ပုံညာ ဒေသကို ယောဒေသဟုလည်းခေါ်ကြသည်။ အမှန်တကယ်ပင် ယခင်အခါက အလံနီကွန်မြူနစ်များ ဗိုလ်ကျစိုးမိုးမှုအောက်တွင် ဒေသတွင်းပြည်သူတို့ နှစ်ပေါင်းများစွာ အလူးအလဲခံခဲ့ကြရသည်။

ရထားကူး တံတား

ပေ ၁၀၀ကျော်အထက်ရှိပြီး ဥမင်ချဉ်းကပ်လမ်းအရှေ့ပိုင်းတွင် ပါဝင်သည့် ကျော်ချောင်းပေါ်မှ ရထားကူးတံတားတစ်စင်း တည်ဆောက်ပြီးစီးနေသည်ကို ဇွန် ၁၅ရက်က ဤသို့တွေ့ခဲ့ရသည်။

(ဓာတ်ပုံ–ရေချမ်းမြင့်)

ပခုက္ကူ–ဂန့်ဂေါ–ကလေးရထားလမ်း ဖောက်လုပ်ရေးစီမံကိန်း ပုံညာတောင်ဥမင်အဝင်လမ်း ဖောက်လုပ်ခြင်း၌ ပါဝင်သည့် ပိတောက်အိုင်ဒေသတွင် မြေသားလမ်းသတ်မှတ်ချက် ၁း၈၀အနိမ့်အတိုင်း ရရှိရေးအတွက် မြန်မာ့မီးရထားနှင့် T.W.Pကုမ္ပဏီတို့ ပူးပေါင်း၍ စက်ယန္တရားကြီးများဖြင့် မြေတူးမြေသယ်ဆောင်ရွက်လျက်ရှိသည်ကို ဇွန် ၁၅ရက်က ကြေးမုံသတင်းအဖွဲ့ ဤသို့ တွေ့ခဲ့ရသည်။ (ဓာတ်ပုံ–ရေချမ်းမြင့်)

ပခုက္ကူ–ဂန့်ဂေါ–ကလေးရထားလမ်းပိုင်း၏ ကျန်ရှိနေသော ကျော–ရေမျက်နီ ဥမင်ချဉ်းကပ်ရထားလမ်း ဖောက်လုပ်ရေးတွင် ကျောရွာဘက်ချမ်း မြေသားလမ်း ၉ ဒသမ ၃မိုင်ကို မြန်မာ့မီးရထားအဖွဲ့က စက်ကြီးများဖြင့် ဖို့မြေအမြင့်ရရှိရေးအတွက် ဤသို့ဆောင်ရွက်နေသည်။ (ဓာတ်ပုံ–ရေချမ်းမြင့်)

ရထားပြေးဆွဲနေ

ယခုမူ ယခင်ကလို မဟုတ်တော့ပြီ။ ဒေသတွင်းဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံတော်အစိုးရက မိုင် ၂၆၀ ရှိသော ချောင်းဦး–ပခုက္ကူ–ဂန့်ဂေါ–ကလေးရထားလမ်းပိုင်းကို အဆင့်ဆင့်ဖောက်လုပ်ခဲ့ရာ ရေမျက်နီ–ကျောအပိုင်းသာ ဖောက်လုပ်ဆောင်ရွက်ဆဲဖြစ်ပြီး ကျန်အပိုင်းများ၌ ရထားပြေးဆွဲနေပြီဖြစ်သည်။

ရေမျက်နီ–ကျောရထားလမ်းပိုင်းသည် ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၃၂၅၀ရှိ ပုံညာတောင်တန်းကြီးအား ကျော်ဖြတ်ရသည်ဖြစ်ရာ ဆောင်ရွက်ရသည့် လုပ်ငန်းပမာဏ များပြားပြီး ခက်ခဲစွာဖောက်လုပ်ရသည့်အပိုင်းဖြစ်သည်။ သို့ဖြစ်၍ အဆိုပါရေမျက်နီ–ကျောအပိုင်းကို လုပ်ငန်းများဆောင်ရွက်ရန် လမ်းကြောင်းများတိုင်းတာခဲ့ရာ လမ်းအူကြောင်းလေးမျိုးတိုင်းတာခဲ့ရပြီး ၎င်းလမ်းကြောင်းလေးခုမှာ မြန်မာ့မီးရထား၏ စံချိန်စံညွှန်းများဖြင့် တိုင်းတာခဲ့သော ပုံညာတောင်ဥမင်ပါဝင်သည့် လမ်းအူကြောင်း၊ မြန်မာ့မီးရထား၏ စံချိန်စံညွှန်းများနှင့်ပင် တိုင်းတာခဲ့သော လွန်းထိုးများပါဝင်သည့် လမ်းအူကြောင်းသုံးခုတို့ဖြစ်သည်။

အားနည်းချက်ရှိ

လမ်းအူကြောင်းလေးမျိုးအနက် ဥမင်ပါဝင်သည့် လမ်းကြောင်းသည်လည်းကောင်း၊ လွန်းထိုးများ ပါဝင်သည့် အရန်လမ်းကြောင်းများသည်လည်းကောင်း နှစ်ပေါင်းများစွာကပင် အသုံးပြုခဲ့သော မြန်မာ့မီးရထား၏ စံချိန်စံညွှန်းများဖြင့် တိုင်းတာဖောက်လုပ်ခဲ့သည်ဖြစ်သော်လည်း အတက်အဆင်း ဆင်ခြေလျှောများ မတ်စောက်ခြင်း၊ မပြေပြစ်ခြင်း စသော အားနည်းချက်များပါရှိနေသည်။

သို့ဖြစ်၍ ရေမျက်နီ–ကျောရထားလမ်းပိုင်းကို ပြေပြစ်သောလမ်းကြောင်းရရှိရန် နိုင်ငံတကာစံချိန်စံညွှန်းဖြစ်သော Trans Asian Railway Standard (TAR Standard) ဖြင့်လည်းကောင်း၊ ASEAN Standard ဖြင့်လည်းကောင်း ပြောင်းလဲတိုင်းတာခဲ့ကြောင်း သိရသည်။ သို့ဖြစ်၍ ဥမင်မပါဝင်သော ဥမင်ရှောင်လမ်းကို SUNTAC ကုမ္ပဏီသို့ အပ်နှံ၍လည်းကောင်း၊ ဥမင်ပါဝင်သော လမ်းကြောင်းကို မြန်မာ့မီးရထားအဖွဲ့ဖြင့်လည်းကောင်း တိုင်းတာခဲ့ကြသည်ဟုဆိုသည်။ ***(ဆက်လက်ဖော်ပြပါမည်။)***

(ဆက်လက်ဖော်ပြပါမည်။)

☆ **(၁၆)ကြိမ်မြောက်မှ**

သတ္တုတွင်းဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော မြန်မာ့ကျောက်မျက်ရတနာဥပဒေ/နည်းဥပဒေများအတိုင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် အသေးစိတ် မေးမြန်းစုံစမ်းလိုသူများသည် မြန်မာရူဘီအင်တာပရိုက်(စ်) အမှတ်၂၄/၂၆ (ယခင်မြန်မာနိုင်ငံတော်ဗဟိုဘဏ်အဆောက်အအုံ) ဆူးလေဘုရားလမ်း ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း–၃၇၁၀၅၃၊ ၃၇၀၅၆၁ သို့လည်းကောင်း၊ မြန်မာအင်ပီရီရယ်(လ်)ဂျိတ် အမှတ် ၂၄/၂၆ (ယခင်မြန်မာနိုင်ငံတော် ဗဟိုဘဏ်အဆောက်အအုံ) ဆူးလေဘုရားလမ်း ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း–၃၇၁၀၂၇နှင့် ၃၇၀၅၆၄ တို့သို့ လည်းကောင်း ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်သည်။ (သတင်းစဉ်)

သစ်တောဦးစီးဌာန မိုးရာသီသစ်ပင်စိုက်ပျိုး

ရန်ကုန် ဇူလိုင် ၂

သစ်တောရေးရာ ဝန်ကြီးဌာန သစ်တောဦးစီးဌာန၏ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ယနေ့နံနက် ၉နာရီခွဲတွင် အင်းစိန်မြို့နယ်အနောက်ကြို့ကုန်းရှိ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံးဝင်း၌ ကျင်းပသည်။

အခမ်းအနားတွင် သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရွှေကျော်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြားရေးမှူးများ၊ အရာထမ်း၊ အမှုထမ်းများက ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ မဟော်ဂနီ၊ ခရေ၊ သဘောတယ်၊ စိန်ပန်း၊ ဆီသပြေ၊ ပျဉ်းမ၊ ငုရွှေ၊ သက်န်း စသည့်အပင်ပေါင်း ၈၃၀ကို စိုက်ပျိုးကြသည်။

(သတင်းစဉ်)

ရှမ်းပြည်နယ်(မြောက်ပိုင်း) တစ်ခွင်လုံး ဘိန်းစိုက်ပျိုးခြင်း လုံးဝမရှိစေရေးဟူသည့် ခိုင်မာသော သန္နိဋ္ဌာန်ချမှတ်ပြီး မူးယစ်ဆေးဝါးပပျောက်ရေး အစွမ်းကုန်ကြိုးပမ်း

ရန်ကုန် ဇူလိုင် ၂

မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့က ဘိန်းစိုက်ပျိုးမှု လုံးဝ (လုံးဝ)ပပျောက်အောင် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ ဒေသခံတိုင်းရင်းသားများအား ဘိန်းအစားထိုးသီးနှံ ကော်ဖီပင်၊အစေ့ထုတ်ပြောင်း၊ အထူးအထွက်တိုး ယာစပါး၊ ဟင်းသီးဟင်းရွက်မျိုးစေ့များနှင့် ရိက္ခာဆန်နှင့် ဆားများ ထောက်ပံ့ပေးအပ်သည့် အခမ်းအနားကို ဇွန် ၂၇ရက် နံနက် ၉နာရီခွဲတွင် လားရှိုးမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ရှမ်းပြည်နယ်(မြောက်ပိုင်း)မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း)ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင် တက်ရောက်၍ အမှာစကားပြောကြားသည်။

တက်ရောက်

အခမ်းအနားသို့ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့-အဖွဲ့ဝင်များဖြစ်ကြသော လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ခင်မောင်၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းထွန်းနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သိန်း၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ကိုးကန့်၊ 'ဝ'နှင့် မန်ပန်ဒေသ၊ ဖောင်းဆိုင်၊ မန်တုံနှင့် ကောင်းခါးဒေသတို့မှ တိုင်းရင်းသားခေါင်းဆောင်များနှင့် ဒေသခံတိုင်းရင်းသားများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

အခမ်းအနားတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း)ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်က အမှာစကားပြောကြားရာတွင် ယခုကျင်းပသည့် အခမ်းအနားသည် ရှမ်းပြည်နယ်(မြောက်ပိုင်း) နယ်မြေအတွင်း ဘိန်းစိုက်ပျိုးမှု လုံးဝ (လုံးဝ) ပပျောက်ရန် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသော ဒေသခံတိုင်းရင်းသားများအတွက် မျိုးစေ့များ၊ ရိက္ခာဆန်နှင့် ဆားများကို သက်ဆိုင်ရာ တောင်သူများလက်ဝယ်သို့ မူးယစ်ဗဟိုအဖွဲ့က ပေးအပ်ထောက်ပံ့ခြင်း အခမ်းအနားပင်ဖြစ်ကြောင်း၊ မူးယစ်ဆေးဝါးပပျောက်ရေးနှင့် ပတ်သက်ပြီး ၁၅နှစ်စီမံကိန်းချမှတ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့်အပြင် ၁၅နှစ်စီမံကိန်း၏ အစိတ်အပိုင်းတစ်ရပ်အနေဖြင့် ဘိန်းအများဆုံး စိုက်ပျိုးရာဒေသဖြစ်သည့် ပြည်နယ်ဒေသငါးခုတွင် ဘိန်းစိုက်ပျိုးမှုပပျောက်ရေးဆိုင်ရာ စီမံချက် New Destiny Project ကို၂၀၀၂ခုနှစ် ဧပြီလကစပြီး အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်း။

ထိုကဲ့သို့စီမံချက်များနှင့် ဆောင်ရွက်သည့်နေရာတွင် မူးယစ်ဆေးဝါး ပပျောက်ရေးနှင့် ပတ်သက်ပြီး တားဆီးနှိမ်နင်းရေးလုပ်ငန်းတစ်နည်းအားဖြင့် ဥပဒေအရ ရှာဖွေဖမ်းဆီးတရားစွဲဆိုပြစ်ဒဏ်ပေးသော နည်းလမ်းတစ်မျိုးတည်းနှင့် ဆောင်ရွက်ခြင်းမျိုးမဟုတ်ဘဲ ဘိန်းစိုက်ပျိုးလေ့ရှိသည့် နယ်မြေဒေသခံ တိုင်းရင်းသားများ၏ စိတ်ဓာတ်ရေးရာ တိုးတက်ပြောင်းလဲလာစေရေး၊ စီးပွားရေးနှင့် လူနေမှုဘဝ တိုးတက်မြင့်မားလာစေရေး၊ အစားထိုးဝင်ငွေရရှိရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အခြားတစ်ဖက်ကနေ ဖြည့်ဆည်းစီမံ ဆောင်ရွက်ပေးရမည်ဆိုသည့် နိုင်ငံတော်အကြီးအကဲကိုယ်တိုင် ချမှတ်ပေးသည့် မဟာဗျူဟာ၊ နည်းဗျူဟာ၊ နည်းနာနိဿယများနှင့်အညီ ကျင့်သုံးဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း။

ဟောပြောစည်းရုံး

ထို့ကြောင့်လည်း ပန်းတိုင်သစ်စီမံကိန်းအရ ဘိန်းစိုက်ပျိုးမှု ပပျောက်အောင် ဆောင်ရွက်သည့်နေရာတွင် ဘိန်းစိုက်တောင်သူများကို ဘိန်းအစားထိုးသီးနှံ စိုက်ပျိုးလာအောင် ပညာပေးဟောပြော စည်းရုံးခြင်း၊ တစ်ဖက်ကလည်း ဒေသနှင့်ကိုက်ညီမည့် သီးနှံမျိုးစေ့များ ဖြန့်ဝေခြင်း၊ မွေးမြူရေးအတွက် မျိုးတိရစ္ဆာန် ဖြန့်ဝေပေးခြင်း၊ ငွေကြေးနှင့် အခြေခံ စားနပ်ရိက္ခာ ထောက်ပံ့ခြင်း စသည့်လုပ်ငန်းများနှင့် ပံ့ပိုးကူညီ ဆောင်ရွက်ပေးခဲ့ကြောင်း၊ ထိုသို့ ဆောင်ရွက်ပေးခဲ့သည့်အတွက် ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် ရှိကြသော တောင်သူများအနေဖြင့် နိုင်ငံတော်အစိုးရ၏ စေတနာမှန်ကိုသဘောပေါက် နားလည်ပြီး စုဆောင်းထားသော ဘိန်းမျိုးစေ့များကို အသိစိတ်ဓာတ်နှင့် အပ်နှံလာခဲ့ကြကြောင်း၊ ထိုကဲ့သို့ အပ်နှံသည့် ဘိန်းမျိုးစေ့များကို လားရှိုးမြို့၌ သုံးကြိမ်၊ လောက်ကိုင်၌ တစ်ကြိမ်၊ စုစုပေါင်း မီးရှို့ဖျက်ဆီးမှု လေးကြိမ် ပြုလုပ်ခဲ့ပြီး ဖျက်ဆီးခဲ့သော ဘိန်းမျိုးစေ့ အရေအတွက် စုစုပေါင်း ၈၂၆၂၉ ဒသမ ၇၅ပြည်၊ ကီလိုအားဖြင့် ၁၃၄၉၃၄ဒသမ ၃၈ကီလိုရှိခဲ့ကြောင်း။

ဘိန်းစိုက်ပျိုးမှု ထက်ဝက်ခန့် လျော့နည်း ပပျောက်သွားခြင်းသည် သက်ဆိုင်ရာ နယ်မြေဒေသ အာဏာပိုင် အဖွဲ့အစည်း အဆင့်ဆင့်နှင့် ဒေသခံတိုင်းရင်းသားခေါင်းဆောင်များ၊ ငြိမ်းချမ်းရေး အဖွဲ့အစည်းများ တောင်သူများအားလုံး တက်ညီလက်ညီ ဝိုင်းဝန်းပူးပေါင်း လက်တွဲဆောင်ရွက်ခဲ့ကြ၍ ဖြစ်ကြောင်း။

ယနေ့ အချိန်အခါတွင် နိုင်ငံတော်အစိုးရအနေဖြင့် မူးယစ်ဆေးဝါး ပပျောက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် အလေးထားတိုက်ဖျက်နေခြင်း၊ တောင်သူများကိုယ်တိုင်ကလည်း ကမ္ဘာ့လူသားတစ်ရပ်လုံး၏ ဘုံရန်သူဖြစ်သည့် မူးယစ်ဆေးဝါး၏ ဆိုးကျိုးအန္တရာယ်ကို ကောင်းစွာသဘောပေါက်နားလည်လာကြခြင်းတို့ကြောင့် ဘိန်းစိုက်ပျိုးမှုဓလေ့ကို စွန့်လွှတ်ပြီး ဒေသခံတောင်သူများကိုယ်တိုင် မူးယစ်ဆေးဝါး တိုက်ဖျက်ရေးလုပ်ငန်းတွင် အစိုးရနှင့်လက်တွဲပူးပေါင်း ဆောင်ရွက်လာကြ၍ အောင်မြင်မှုများ ရရှိနေခြင်းဖြစ်ကြောင်း။

လုံးဝစွန့်လွှတ်

ယခုလာမည့် ၂၀၀၃-၂၀၀၄ခုနှစ်အတွင်းမှာလည်း ဘိန်းစိုက်ပျိုးခြင်း မပြုတော့သော တောင်သူများအတွက် ယခုကဲ့သို့ ထောက်ပံ့မှုများပေးသွားနိုင်ရန် စီစဉ်ဆောင်ရွက်သွားမှာဖြစ်ကြောင်းကို အသိပေးရှင်းလင်းပြောကြားလိုကြောင်း၊ ဘိန်းစိုက်ပျိုးခြင်း မပြုတော့သည့် တောင်သူများအပေါ် နိုင်ငံတော်အစိုးရအနေဖြင့်ထားရှိသည့် စိတ်ရင်းစေတနာအမှန်ကို ကောင်းစွာ သဘောပေါက်ပြီး နားလည်မှုရှိသည်နှင့်အညီ တောင်သူများဘက်ကလည်း ဘိန်းစိုက်ပျိုးမှုလုပ်ငန်းကို လုံးဝစွန့်လွှတ်ပြီး မိမိတို့ဒေသဖွံ့ဖြိုးရေး၊ပြန်လည်တည်ဆောက်ရေးလုပ်ငန်းနှင့် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး လုပ်ငန်းများတွင် နိုင်ငံတော်အစိုးရနှင့်အတူ စဉ်ဆက်မပြတ် ပူးပေါင်းလက်တွဲ ပါဝင်ဆောင်ရွက်သွားကြရန် လိုကြောင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) နယ်မြေတစ်ခွင်လုံး၌ ဘိန်းစိုက်ပျိုးခြင်း လုံးဝမရှိစေရဆိုသည့် ခိုင်မာသော သန္နိဋ္ဌာန်ချမှတ်ပြီး မူးယစ်ဆေးဝါး ပပျောက်ရေးကို အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်သွားကြပါဟု အလေးအနက်တိုက်တွန်းကြောင်းဖြင့် ပြောကြားသည်။

ရှင်းလင်းပြောကြား

ထို့နောက် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အဖွဲ့ဝင်၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ခင်မောင်က ဒေသခံတိုင်းရင်းသားများအား မူးယစ်ဗဟိုက ထောက်ပံ့ပေးအပ်ရသည့်အကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ - အဖွဲ့ဝင်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းထွန်းက တစ်မျိုးသားလုံး လူညွန့်တုံးစေနိုင်သည့် မူးယစ်ဆေးဝါးအန္တရာယ်ကို မြန်မာနိုင်ငံ၌ နိုင်ငံတော်အစိုးရက ဦးဆောင်ပြီး အမျိုးသားရေးအသွင်ဖြင့် တိုင်းရင်းသား ပြည်သူများနှင့် လက်တွဲကာ မူးယစ်ဆေးဝါး ပပျောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ရှင်းလင်းပြောကြားသည်။

ပေးအပ်

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်က အထူးဒေသ(၅) တိုင်းရင်းသား ခေါင်းဆောင် ဦးမထုနော်အား အစေ့ထုတ်ပြောင်း ဧက ၅၀နှင့် အထူးအထွက်တိုး ယာစပါး ငါးဧကအတွက် မျိုးစေ့များကိုလည်းကောင်း၊ အထူးဒေသ(၇) တိုင်းရင်းသား ခေါင်းဆောင် ဦးအိုက်မုန်းအား ကာတီမိုးကော်ဖီပင် အပင်တစ်သောင်းနှင့် အထူးအထွက်တိုး ယာစပါး ငါးဧကအတွက် မျိုးစေ့များကိုလည်းကောင်း၊ မန်ပန်ဒေသမှ ဦးစိုင်းမွန်အား ကာတီမိုးကော်ဖီပင် အပင်တစ်သောင်းနှင့် အစေ့ထုတ်ပြောင်း ဧက ၅၀ အတွက် မျိုးစေ့များကို လည်းကောင်း၊ ဖောင်းဆိုင်ဒေသမှ ဒူဝါခေါင်ဂျေအား ကာတီမိုးကော်ဖီပင် အပင်တစ်သောင်းနှင့် အစေ့ထုတ်ပြောင်း ဧက ၅၀ အတွက် မျိုးစေ့များကိုလည်းကောင်း တစ်ဦးချင်းပေးအပ်သည်။

ထို့နောက် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ခင်မောင်က တိုင်းရင်းသားခေါင်းဆောင်လေးဦးတို့အား ဟင်းသီး၊ ဟင်းရွက်မျိုးစေ့များကို ပေးအပ်ပြီး ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်က မန်ပန်ဒေသမှ ဦးစိုင်းမွန်အား ဆန်အိတ် ၆၀၀နှင့် ဆားအိတ် ၃၀တို့ကိုလည်းကောင်း၊ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းထွန်းက ဖောင်းဆိုင်ဒေသမှ ဒူဝါခေါင်ဂျေအား ဆန်အိတ် ၄၀၀နှင့် ဆားအိတ် ၂၀တို့ကို လည်းကောင်း ပေးအပ်သည်။

ယင်းနောက် ဒေသခံတိုင်းရင်းသားများ ကိုယ်စား ဖောင်းဆိုင်ဒေသမှ ဒူဝါခေါင်ဂျေက ကျေးဇူးတင်စကား ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

လားရှိုးမြို့၌ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့က ဘိန်းစိုက်ပျိုးမှု လုံးဝ (လုံးဝ)ပပျောက်အောင် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် ဒေသခံတိုင်းရင်းသားများအား ဘိန်းအစားထိုးသီးနှံနှင့် ရိက္ခာ၊ ဆန်၊ ဆား ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း)ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်က အထူးဒေသ(၇) တိုင်းရင်းသားခေါင်းဆောင် ဦးအိုက်မုန်းအား ကာတီမိုးကော်ဖီပင်နှင့် အထူးအထွက်တိုး ယာစပါးမျိုးစေ့များပေးအပ်စဉ်။ (သတင်းစဉ်)

ကြည့်ရှု

အခမ်းအနားအပြီးတွင် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများ၊ တိုင်းရင်းသား ခေါင်းဆောင်များနှင့် ဒေသခံ တိုင်းရင်းသားများသည် လားရှိုးမြို့ မြို့တော်ခန်းမအတွင်း ခင်းကျင်းပြသထားသော မူးယစ်ဆေးဝါး ပပျောက်ရေးပညာပေးပြခန်းကို လှည့်လည်ကြည့်ရှုကြသည်။

ထိုမှတစ်ဆင့် အရှေ့မြောက်တိုင်း စစ်ဌာနချုပ်၏ ကာတီမိုးကော်ဖီပင် ခြောက်သိန်း ပျိုးဥယျာဉ်၊ ဘိန်းအစားထိုး မွေးမြူရေး စံပြဗဟိုခြံ၊ ဘိန်းအစားထိုး သီးနှံမျိုးထုတ်လုပ်ငန်း၊ သီးနှံမျိုးစေ့ထုတ်လုပ်ငန်း အထွက်တိုးစပါး၊ မြေပဲ၊ ပဲပုပ်၊ နေကြာ၊ ပဲစင်းငုံ၊ ကော်ဖီဧက ၁၀၀၀ စံပြစိုက်ခင်း ကုန်းမြင့်စိုက်ပျိုးရေး လုပ်ငန်းများကို သွားရောက် ကြည့်ရှုလေ့လာကြရာ သက်ဆိုင်ရာ တာဝန်ခံများက မိမိတို့ တာဝန်ယူ ဆောင်ရွက်နေသည့် ကဏ္ဍအလိုက် ရှင်းလင်းပြောကြားကြပြီး တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်က ဒေသခံတိုင်းရင်းသား တောင်သူများအား စိုက်ပျိုးရေး၊ မွေးမြူရေးအတွက် ပျိုးပင်၊ မျိုးစေ့နှင့် သားပေါက်များကို ကူညီပံ့ပိုးသွားနိုင်ရန် ယခုကဲ့သို့ စိုက်ပျိုး၊ မွေးမြူထားရကြောင်းနှင့် ပံ့ပိုးသွားမည့် အစီအမံများကို ဖြည့်စွက်ရှင်းလင်း ပြောကြားသည်။ (သတင်းစဉ်)

စီးပွားကူးသန်း ရှေ့သို့လှမ်း

လုပ်နေကျအတိုင်း

※ မူးယစ်ထိုဆေး၊ ပပျောက်ရေးကား
လူသားအရေး၊ ကမ္ဘာ့ရေးပဲ
စိတ်ဝယ်စွဲပြီး၊ ကိုယ်လည်းဝင်ပါ
သူလည်းပါမည်၊ မျှော်မှန်းရည်ကာ
တို့မြန်မာသည်၊ သေချာအားထုတ်
ကြိုးကုတ်နေတာ၊ မျက်မြင်ပါ။

※ မြန်မာ့ရပ်ခွင်၊ မူးယစ်စင်က
ပြစ်တင်စွပ်စွဲ၊ အရှက်ခွဲကာ
အကြောင်းရှာ၍၊ လိုရာဖိအား
ပေးသွားဖို့ရာ၊ မရှိမှာကို
တွေးကာစိုးရွံ့၊ နောက်တွန့်ရှောင်ကြဉ်
မမြင်ချင်သူ၊ ဘယ်သူတွေလဲ
သဲကွဲသေချာ၊ မြင်နိုင်ပါ၏။

※ ဩော်-လူ့အခွင့်အရေး
ဟစ်ကာကြွေးပြီး၊ သူ့ရေးကိုယ့်ရေး
လူသားရေးတွက်၊ ဆေးဝါးမူးယစ်
ဖျက်ဆီးပစ်တာ၊ မုဒိတာမပွား
ရှောင်ကာရှားနေ၊ သူတို့တွေဟာ
တော်နေကြာလျှင်၊ ရှေးယခင်က
ဆိုနေကျတေး၊ လူ့အခွင့်ရေးကို
ဟစ်ကြွေးနေကြဦးမှာပါတကား။ ။

ဖိုးဝ

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၃-၇-၂၀၀၃ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ **အဘိဓေ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၅ ၅။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၈:၁၅ ၆။ မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုအစီအစဉ်
- ၈:၃၀ ၇။ International News.
- ၈:၄၅ ၈။ Say it in English.
- ၉:၀၀ ၉။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ English for Everyday Use.
- ၄:၄၅ ၄။ တေးဂီတအစီအစဉ်
- ၅:၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ် (သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ အထူးပြုများ) (သင်္ချာ)
- ၅:၁၅ ၆။ အတီးပြိုင်ပွဲ
- ၅:၃၀ ၇။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၅:၄၅ ၈။ သက်တံရောင်သံစဉ်
- ၆:၀၀ ၉။ တေးဂီတအစီအစဉ်
- ၆:၁၅ ၁၀။ စွမ်းအားစုံညီ မြန်မာအမျိုးသမီးဂုဏ်ရည်
- ၆:၃၀ ၁၁။ ညနေခင်းသတင်း
- ၇:၀၀ ၁၂။ မိုးလေဝသအခြေအနေ
- ၇:၀၅ ၁၃။ မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုအစီအစဉ်
- ၇:၂၀ ၁၄။ တိုင်းကျိုးပြည်ပြု တည်ထောင်မှု
- ၇:၄၀ ၁၅။ ဒို့မြန်မာနိုင်ငံပြီ (အပိုင်း-၃)
- ၈:၀၀ ၁၆။ ပြည်တွင်းသတင်း
- ၁၇။ နိုင်ငံတကာသတင်းများ
- ၁၈။ မိုးလေဝသအခြေအနေ
- ၁၉။ **ရုပ်မြင်သံကြားဇာတ်လမ်း မိုးသက်လေကိုခြွေတဲ့ဆောင်း (အပိုင်း-၁) (နေအောင်၊ ခင်သန်းနု၊ နိုင်းနိုင်း၊ အိန္ဒြာကျော်ဇင်၊ ပပဝင်းခင်၊ မြင့်မြင့်ခိုင်) (ဒါရိုက်တာ- စင်ရော်မောင်မောင်)**
- ၂၀။ နောက်တစ်နေ့အစီအစဉ်
- ၂၁။ အစီအစဉ်ပြီး၏။

✧ **ကျောဖုံးမှ**

ချောင်းမကြီးရေလှောင်တမံ (မြို့လှ) စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အဓိကလုပ်ငန်း ကဏ္ဍလေးရပ်ကို အကောင်အထည် ဖော် ဆောင်ရွက်လျက်ရှိသည်။

လုပ်ငန်းကဏ္ဍလေးရပ်

အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော အဓိကလုပ်ငန်းကဏ္ဍလေးရပ်မှာ (က)ပင်မတမံတည်ဆောက်ခြင်း၊ (ခ) ရေထုတ်ပြွန်နှင့် ရေထိန်းမျှော်စင်တည်ဆောက်ခြင်း၊ (ဂ) ရေပိုလွှဲ တည်ဆောက်ခြင်း၊ (ဃ)ရေသောက်ဧရိယာတူးမြောင်းစနစ် တည်ဆောက်ခြင်းတို့ ဖြစ်သည်။

ပင်မတမံ တည်ဆောက်ခြင်းလုပ်ငန်းကို တည်ဆောက်အကောင်အထည်ဖော်ရာတွင် တမံအမျိုးအစားမှာ မြေသားတမံ အမျိုးအစားဖြစ်၍ တမံအမြင့်မှာ ပေ၇၀ ရှိမည်ဖြစ်သည်။ ချောင်းမကြီး ရေလှောင်တမံ (မြို့လှ) တည်ဆောက်ရာတွင် ပင်မတမံနှင့် ကုန်းကြောတမံ ခြောက်ခု ပါဝင်တည်ဆောက်လျက်ရှိရာ ပင်မတမံ၏ အလျားမှာ ပေ ၃၆၀၀ ရှိ၍ ကုန်းကြောတမံခြောက်ခု၏ အလျားသည် ပေ၁၄၀၀ ရှိသည်။

အချိန်မီပြီးရန်

တမံတည်ဆောက်ခြင်း လုပ်ငန်းကို ၂၀၀၂ ခုနှစ် နိုဝင်ဘာလတွင် စတင်၍ ဆည်မြောင်းဦးစီးဌာနပိုင် ယန္တရားများဖြင့် တည်ဆောက်ခဲ့သည်။ နိုင်ငံတော်အတွင်း ဆည်မြောင်း တာတမံများကို ပြည်နယ်နှင့် တိုင်း ဒေသအလိုက် တစ်ပြိုင်နက်တည်း တည်ဆောက်လျက်ရှိသည့်အားလျော်စွာ စီမံချက်သတ်မှတ်ကာလအတွင်း အချိန်မီ ပြီးစီးစေရန်အတွက် ၂၀၀၃ခုနှစ် ဖေဖော်ဝါရီလတွင် ပြင်ပလုပ်ငန်းရှင် ဇာတိမာန်ကုမ္ပဏီနှင့် ဖော်လွင်ဦး ကုမ္ပဏီတို့အား တမံတည်ဆောက်ရာ၌ ငှားရမ်းတည်ဆောက်ခဲ့ရာ တမံတည်ဆောက်ခြင်းလုပ်ငန်း ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီ ဖြစ်သည်။

ရေထုတ်ပြွန်နှင့် ရေထိန်းမျှော်စင် တည်ဆောက်ခြင်းလုပ်ငန်းနှင့်ပတ်သက်၍ မြေကြီးလုပ်ငန်း ၁၀၀ရာခိုင်နှုန်းပြည့် ဆောင်ရွက်ပြီးစီးသွားပြီဖြစ်ပြီး ကွန်ကရစ်လုပ်ငန်းမှာ ၉၉ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်သည်။ တည်ဆောက်လျက်ရှိသော ရေထုတ်ပြွန်အမျိုးအစားမှာ သံကူကွန်ကရစ်အမျိုးအစားဖြစ်၍ ရေထုတ်ပြွန်၏ အရွယ်အစားမှာ အချင်း သုံးပေ သံကူကွန်ကရစ်ပိုက်ဖြစ်သည်။ ရေထုတ်ပြွန်၏ အလျားမှာ ပေ၂၃၀ရှိ၍ ရေထုတ်ပြွန်ဒီဇိုင်း ရေထုစီးနှုန်းမှာ တစ်စက္ကန့်လျှင် ကုဗပေ၅၀ စီးဆင်းမည်ဖြစ်သည်။

တတိယလုပ်ငန်းဖြစ်သော ရေပိုလွှဲ တည်ဆောက်ခြင်းလုပ်ငန်းမှာ မြေကြီးလုပ်ငန်း၊ ကွန်ကရစ် လုပ်ငန်း၊ ကျောက်ပန်းရန်လုပ်ငန်းများကို ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီ ဖြစ်သည်။ တည်ဆောက်ပြီးစီးသော ရေပိုလွှဲ အမျိုးအစားမှာ သံကူကွန်ကရစ်ဖြစ်၍ အကျယ် ပေ၃၀ရှိသည်။ ရေပိုလွှဲ ရေထုစီးနှုန်းမှာ တစ်စက္ကန့်လျှင် ကုဗပေ ၁၈၀၀ ရှိမည်ဖြစ်သည်။

ပျမ်းမျှမိုးရေချိန်

မြို့လှမြို့နယ်မှာ နှစ်စဉ်ပျမ်းမျှ မိုးရေချိန် ၅၅ လက်မရှိ၍ ချောင်းမကြီး ရေလှောင်တမံ (မြို့လှ)၏ ရေလှောင်ပမာဏသည် ဧက ပေ ၉၅၀၀ရှိမည်ဖြစ်သည်။ ကန်ရေသေ ရေလှောင်မည့် ပမာဏမှာ ဧကပေ ၁၅၀၀ ရှိမည်ဖြစ်ပြီး ကန်ရေပြည့်လျှင် ရေပြင်ကျယ် ဧရိယာ ၄၂၅ ပေရှိမည်ဖြစ်သည်။

ချောင်းမကြီး ရေလှောင်တမံ(မြို့လှ) စီမံကိန်းအရ ရေဆင်းဧရိယာမှာ ၁၀ ဒသမ ၁၃ စတုရန်းမိုင် ရှိမည်ဖြစ်၍ ရေသောက်စနစ်ပြီးစီးက စုစုပေါင်း စိုက်ပျိုးဧက ၃၀၀၀သို့ ရေပေးဝေပေးနိုင်မည်ဖြစ်သည်။ ချောင်းမကြီး (မြို့လှ) ရေလှောင်တမံ စီမံကိန်းကို ခန့်မှန်းခြေ ငွေကျပ် ၅၄၈သန်း အကုန်အကျခံ တည်ဆောက်နေခြင်းဖြစ်ရာ စိုက်ပျိုးသီးနှံများကို အောင်မြင်စွာ စိုက်ပျိုးထုတ်လုပ်နိုင်မည်ဖြစ်၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးကို များစွာ အထောက်အကူပြုမည့်စီမံကိန်းတစ်ခုဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။ ။ (ကြေးမုံ)

သားငါးဖွံ့ဖြိုး ပြည့်အကျိုး

မန္တလေးတိုင်း လယ်ဝေးမြို့နယ် ရန်အောင်မြင်ကျေးရွာအနီး ရန်အောင်မြင် ချောင်းပေါ်၌ တည်ဆောက်ခဲ့သော ရန်အောင်မြင်ရေလှောင်တမံ (ဝဲပုံ)**ကို ၂၀၀၁-၂၀၀၂ ခုနှစ်တွင် စတင်တည်ဆောက်အကောင်အထည် ဖော်ခဲ့သည်။ ရန်အောင်မြင်တမံ၏ အမြင့်မှာ ပင်မ တမံသည် ၆၃ပေရှိ၍ ကုန်းကြောတမံ ငါးခု၏ ပျမ်းမျှ အမြင့်မှာ ၁၈ပေရှိသည်။ ပင်မတမံ၏ အလျားမှာ ပေ ၄၀၆၀ဖြစ်ပြီး ကုန်းကြောတမံငါးခု၏ အလျားမှာ ပေ ၃၈၅၀ရှိသည်။**

တမံများအတွင်း ရေလှောင်ပမာဏမှာ ကန်ရေပြည့်သည့် ဧကပေ၁၀၅၀၀ ဖြစ်ပြီး ဆည်ရေသောက်ဧက ၃၀၀၀ ရှိ၍ သီးနှံစိုက် ဧရိယာ ဧက၂၈၃ ဒသမ ၆၁ သန်း ဖြစ်သည်။

ရန်အောင်မြင် ရေလှောင်တမံကို ခန့်မှန်းကုန်ကျငွေ ကျပ် ၄၆၄သန်း ကျော် အကုန်အကျခံ တည်ဆောက်ခဲ့ပြီး ၂၀၀၃ခုနှစ် ဇွန် ၂၄ရက်တွင် ဖွင့်လှစ်ခဲ့သည့် ၁၄၈ခုမြောက်ဆည် ဖြစ်သည်။

ဓာတ်ပုံ-အောင်မိုး(ကြေးမုံ)

ကလီထော်ရေလှောင်တမံ

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်ရေးနှင့် မွေးမြူရေးဇုန်သို့ ရေရရှိရေး လုပ်ငန်းများ ဆောင်ရွက်မည့်ကလီထော်ရေလှောင်တမံ(ယာပုံ)**ကို စိုက်ပျိုးမွေးမြူရေး အထူးဇုန်၏ မြောက်ဘက် ငါးမိုင်ခန့် အကွာတွင်ရှိ ကလီထော်ချောင်းပေါ်၌ မြေသားတမံဖြင့် တည်ဆောက်ထားသည်။**

ရေဆင်းဧရိယာအနေဖြင့် ၇ဒသမ ၆၈စတုရန်းမိုင်ရှိပြီး နှစ်စဉ် စီးဝင်ရေသည် ဧကပေ ၂၈၅၀၀ ရှိသည်။ ကန်ရေပြည့် ရေလှောင်ပမာဏမှာ ဧကပေ ၂၆၀၀၀ဖြစ်ပြီး ညောင်နှစ်ပင် ဟင်းသီးဟင်းရွက်ဇုန်မှ ဧက၉၀၀၀ ကို အကျိုးပြုမည်ဖြစ်သည်။

ရေလှောင်တမံကို ၂၀၀၁ ခုနှစ် နိုဝင်ဘာလတွင် စတင်ခဲ့၍ တမံအမြင့်မှာ ၆၅ပေရှိပြီး အလျား ပေ ၃၅၀၀ရှိသည်။ ကလီထော် ရေလှောင်တမံကို ငွေကျပ် သန်း ၄၀၀ကျော် အကုန်အကျခံ တည်ဆောက်ခဲ့ပြီး ၂၀၀၃ခုနှစ် ဖေဖော်ဝါရီ ၂၅ရက်က ဖွင့်လှစ်ခဲ့သော ၁၄၃ခုမြောက်ဆည် ဖြစ်သည်။

ဓာတ်ပုံ-အောင်မိုး(ကြေးမုံ)

ပဲခူးတိုင်း အုတ်ဖိုမြို့နယ်တွင် ၂၀၀၃ခုနှစ် မေလ ၂ရက်၌ ဖွင့်လှစ်ခဲ့သော ဂမုန်းရေလှောင်တမံ(ဝဲပုံ)**သည် ဂမုန်းချောင်းပေါ်တွင် တည်ဆောက်ထားသည်။ ဂမုန်းရေလှောင်တမံ၏ ရေဆင်းဧရိယာမှာ ၃၇စတုရန်းမိုင်ရှိပြီး လယ်ယာမြေ ဧရိယာဧက ၁၂၀၀၀သို့ ဆည်ရေပေးဝေနိုင်မည် ဖြစ်သည်။**

(ဆည်ရေသိုလှောင်မည့် ပင်မတမံမှာ မြေသားတမံအမျိုးအစားဖြစ်ပြီး တမံအမြင့်၁၁၆ပေ၊ ပင်မတမံအလျားမှာ ပေ ၄၄၀၀ရှိ၍ ကုန်းကြောတမံ ခြောက်ခုပါဝင်လျက် ကုန်းကြောတမံ အလျားမှာ ပေ၁၁၆၅၀ရှိသည်။ ဂမုန်းရေလှောင်တမံ စီမံကိန်းကို ခန့်မှန်းကုန်ကျငွေ ကျပ်၁၂၂၉သန်းကျော် အကုန်အကျခံ တည်ဆောက်ခဲ့၍ ၁၄၅ခုမြောက်ဆည် ဖြစ်သည်။)

ဓာတ်ပုံ-အောင်မိုး(ကြေးမုံ)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး ဟဲဟိုးဒေသအတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ လှည့်လည်ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇူလိုင် ၂

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင်၌ ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးသည် ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့် တပ်မတော်အရာရှိကြီးများ လိုက်ပါလျက် ဇူလိုင် ၁ရက် နံနက် ၇နာရီခွဲတွင် ဟဲဟိုးမြို့ နယ်မြေခံတပ်ရင်းခန်းမ၌ တပ်နယ်အရာရှိ၊ စစ်သည် မိသားစုဝင်များအား တွေ့ဆုံ၍ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးက လုပ်ငန်းလိုအပ်ချက်များ ဆွေးနွေးမှာကြားသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်က တပ်နယ်အတွင်း စိုက်ပျိုး၊မွေးမြူရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကိုရှင်းလင်းတင်ပြသည်။

ပေးအပ်ချီးမြှင့်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေး၊ တိုင်းမှူးနှင့် အဖွဲ့သည် တပ်ရင်းမိသားစုများ၏ စိုက်ပျိုးဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် ကြက်နှင့်ဝက် မွေးမြူထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ တစ်ပိုင်တစ်နိုင်မှသည် တစ်အုပ်တစ်မအဖြစ် တိုးချဲ့ဆောင်ရွက်ကြရေး ဆွေးနွေးမှာကြားကာ စံပြမွေးမြူနိုင်သောမိသားစုများအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးနှင့်အဖွဲ့သည် တပ်တွင်းမူလတန်းကြိုကျောင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေး၍ တိုင်းမှူးဗိုလ်ချုပ်ခင်မောင်မြင့်က မူကြိုကလေးငယ်များအတွက် အလှူငွေကျပ် သုံးသောင်း ပေးအပ်လှူဒါန်းသည်။

ဆွေးနွေးမှာကြား

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးနှင့်အဖွဲ့သည် အင်းခေါင်းကျေးရွာရှိ တပ်နယ်စိုက်ပျိုး မွေးမြူရေးခြံသို့ရောက်ရှိရာ ရှင်းလင်းဆောင်၌ စိုက်ပျိုးမွေးမြူရေးလုပ်ငန်း တာဝန်ခံက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို မြေပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးက လုပ်ငန်းများ အလေအလွင့် မရှိစေဘဲ တိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ရေး၊ နည်းပညာနှင့် ကျွမ်းကျင်မှုကို ဌာနဆိုင်ရာများက အကူအညီရယူပြီး မွေးမြူရေးလုပ်ငန်းကို အရှိန်အဟုန်မြှင့်ဆောင်ရွက်ကြရေး ဆွေးနွေးမှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေး၊ တိုင်းမှူးနှင့်အဖွဲ့သည် စိုက်ပျိုးမွေးမြူရေးခြံအတွင်း ဟိုင်းကိုင်းဥစားကြက်နှင့် ဆီမီး အသားတိုးဝက် မွေးမြူထားရှိမှု အခြေအနေများ၊ မြင်း၊ လားများ မွေးမြူထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးက လိုအပ်သည်များ မှာကြားသည်။

မျိုးပွားခြံ

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးသည် ဟဲဟိုးမြို့နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၏ မျိုးပွားခြံသို့ ရောက်ရှိရာ ရှင်းလင်းဆောင်၌ လက်ထောက်မန်နေဂျာ ဦးမောင်မောင်ထွန်းက မျိုးပွားခြံ ဧရိယာ ၁၇၅ ဧကအတွင်း စိုက်ပျိုးထားရှိမှု အခြေအနေများ၊ မျိုးကောင်းမျိုးသန့်များ၊ မျိုးပွားဖြန့်ဝေမှု အခြေအနေများနှင့် လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးက ဒေသအလိုက် ရာသီဥတုနှင့် ကိုက်ညီသည့် မျိုးများ၊ စမ်းသပ်စိုက်ပျိုးကြရေးနှင့် အရည်အသွေးမီ မျိုးကောင်းမျိုးသန့်၊ အာလူးနှင့် ဟင်းသီးဟင်းရွက်များကို တိုးတက် အောင်မြင်အောင် စိုက်ပျိုးထုတ်လုပ်ကြရေး မှာကြားကာ ခြံအတွင်း ပဲပုပ်၊ စပျစ်၊ လိမ္မော် စိုက်ပျိုးထားရှိမှုများကို လှည့်လည် ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ညွှန်ကြားဆောင်ရွက်ပေးသည်။

ရှင်းလင်းတင်ပြ

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးသည် တပ်နယ် လက်ပံပင်စိုက်ကွင်းသို့ ရောက်ရှိရာ ရှင်းလင်းဆောင်၌ စိုက်ပျိုးရေးတာဝန်ခံက ၂၀၀၂-၂၀၀၃ ခုနှစ်အတွင်း ပြောင်း၊ ပဲစင်းငုံ(သီးညှပ်) ဧက ၁၆၀၊ ယခင်နှစ် ပဲစင်းငုံလမိုင်းဧက ၉၀၊ပြောင်းနှင့် စပါးဧက ၂၀၀၊ ဆောင်းသီးနှံပန်းနှမ်းစိုက်ပျိုးရန် လျာထားဧက ၅၀ နှင့် စိုက်ပျိုးပြီး သီးနှံများ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြသည်။

စိုက်ပျိုးအောင်မြင်ရေး

ထို့နောက် ဒုတိယ ဗိုလ်ချုပ်ကြီး အောင်ထွေးက ပြောင်း စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းရေး ကြပ်မတ်ဆောင်ရွက်ရန်နှင့် စက်ယန္တရားများ အကျိုးရှိစွာ အသုံးပြုဆောင်ရွက်ရေး ဆွေးနွေးမှာကြားပြီး စိုက်ခင်းအတွင်း ပြောင်းစိုက်ပျိုးဖြစ်ထွန်းမှု အခြေအနေများနှင့် ဒေသခံတောင်သူများ၏ အာလူးစိုက်ပျိုးဖြစ်ထွန်းမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးသည် ဟဲဟိုးဒေသမှ ဌာနဆိုင်ရာများ၏ နွေစပါးစိုက်ခင်း၌ နွေစပါးဧက ၂၀စိုက်ပျိုးထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

သစ်တောပျိုးဥယျာဉ်

မွန်းလွဲပိုင်းတွင် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးနှင့်အဖွဲ့သည် ဟဲဟိုးမြို့ သစ်တောဦးစီးဌာန ပျိုးဥယျာဉ်သို့ ရောက်ရှိရာ ပြည်နယ်သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်မိုးက ပျိုးဥယျာဉ်အတွင်း ပျိုးပင်ပေါင်း သုံးသိန်းရှစ်သောင်းကျော် ပျိုးထောင်ထားရှိပြီး ရှမ်းပြည်နယ်တောင်ပိုင်း၌ သစ်ဆိမ့်ပင် သိန်း ၂၀ စိုက်ပျိုးရန် စီမံထားရှိမှု၊ သစ်တောပြုန်းတီးမှုမှ ကာကွယ်ရေးအတွက် စီမံဆောင်ရွက်မှု၊ အင်းလေးကန် စိမ်းလန်းစိုပြည်ရေးအတွက် ကော်မတီများ ဖွဲ့စည်းဆောင်ရွက်နေမှု၊ ပျိုးထောင်ထားသော အပင်များကို ဖြန့်ဝေ၍ စိုက်ပျိုးဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ကြည့်ရှုစစ်ဆေး

ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးက နှစ်ရှည်ပင်များကို နှစ်အလိုက် စိုက်ပျိုးရန် စီမံထားသည့်အတိုင်း ထိရောက်မှန်ကန်စွာ စိုက်ပျိုးကြရေး၊ အင်းလေးကန် အမြဲစိမ်းလန်းစိုပြည်ရေးအတွက် သတ်မှတ်ထားသော စည်းကမ်းချက်များအတိုင်း လိုက်နာဆောင်ရွက်ကြရေး မှာကြားကာ ပျိုးထောင်ထားသော ပျိုးပင်များအခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယ ဗိုလ်ချုပ်ကြီး အောင်ထွေးသည် ဟဲဟိုးမြို့မှ မြန်မာ့လေကြောင်းဖြင့် ပြန်လည်ထွက်ခွာလာရာ ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။

(သတင်းစဉ်)

သဒ္ဓမ္မပါလ ဓနုဖြူတိုက်သစ်ကျောင်း ခုနစ်ရက်တရားစခန်းနှင့် ဝါဆိုသင်္ကန်းဆက်ကပ်မည်

ရန်ကုန် ဇူလိုင် ၂

တောင်ဥက္ကလာပမြို့နယ်(၁၄/၂)ရပ်ကွက် ဇင်ယော်လမ်း သဒ္ဓမ္မပါလ ဓနုဖြူ တိုက်သစ်ကျောင်း၌ (၈)ကြိမ်မြောက် ဝိပဿနာခုနစ်ရက်တရားစခန်းကို ဇူလိုင် ၆ရက်မှ၁၃ရက် (ဝါဆိုလပြည့်နေ့)အထိ ဖွင့်လှစ်မည်ဖြစ်သည်။ ယင်းတရားစခန်းပွဲတွင် သစ္စာဒီပက ဆရာကြီးဦးကြည်၏မူအတိုင်း ကျောင်းတိုက်၏ ပဓာနနာယကကမ္မဋ္ဌာနာစရိယဆရာတော် ဦးသာသန(သာသနဓဇဓမ္မာစရိယ)က ဓမ္မာနုပဿနာ သတိပဋ္ဌာန် ဝိပဿနာတရားတော်များကို ဟောကြားပြသမည်ဖြစ်သည်။

တရားစခန်းဝင်လိုသူ ယောဂီများ ဇူလိုင် ၆ရက် ညနေ ၆နာရီအရောက် ကြွရောက်ကြရန်နှင့် ဝါဆိုလပြည့်နေ့တွင် ပင့်သံဃာတော်များနှင့် ကျောင်းတိုက်အတွင်းရှိ သံဃာတော်အရှင်သူမြတ်တို့အား ဝါဆိုသင်္ကန်းစုပေါင်းကပ်လှူပူဇော်ကြမည်ဖြစ်ကြောင်းသိရသည်။ (က-ပ)

ဝန်ကြီးဗိုလ်မှူးချုပ်သိန်းဇော် ဟိုတယ်များကြည့်ရှုစစ်ဆေး

ရန်ကုန် ဇူလိုင် ၂

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်သည် တာဝန်ရှိသူများလိုက်ပါလျက် ဇူလိုင် ၁ရက်နံနက်ပိုင်းတွင် ပုဂံ-ညောင်ဦးလေဆိပ် ခန်းမဆောင်၌ အကောက်ခွန်လွတ်အရောင်းဆိုင် ဖွင့်လှစ်မည့်နေရာကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် ဒေင်အုပ်စု ကုမ္ပဏီလီမိတက်၏ ဟိုတယ်တည်ဆောက်ရေးစီမံကိန်းမြေနေရာသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ဖြည့်စွက်မှာကြား

ဆက်လက်၍ ဝန်ကြီးသည် ပုဂံ နန်းမြင့်မျှော်စင်နှင့် ဟိုတယ် တည်ဆောက်ရေး စီမံကိန်းနေရာသို့ ရောက်ရှိပြီး ထူးထရေးဒင်းကုမ္ပဏီလီမိတက် ဒါရိုက်တာ ဦးသီဟက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

ကြည့်ရှုလေ့လာ

ထိုမှတစ်ဆင့် ဝန်ကြီးသည် သီရိပစ္စယာဟိုတယ်သို့ ရောက်ရှိပြီး တိုးချဲ့ဆောင် တည်ဆောက်ပြီးစီးမှု အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် ပုဂံရောဟိုတယ်သို့ရောက်ရှိပြီး စီမံကိန်းမန်နေဂျာ ဦးရဲထွန်းက ဟိုတယ်တိုးချဲ့ တည်ဆောက်မည့် စီမံကိန်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များကို မှာကြားပြီး မြစ်ကမ်းပါးတစ်လျှောက် ဟိုတယ် အဆောက်အအုံသစ်များ တည်ဆောက်နေမှု အခြေအနေကို ကြည့်ရှုလေ့လာသည်။

စစ်ဆေး

မွန်းလွဲပိုင်းတွင် ဝန်ကြီးသည် ပုဂံဟိုတယ်၏ တည်ဆောက်ဆဲအဆောင်များနှင့် သရပါဟိုတယ်တို့ကို ကြည့်ရှုစစ်ဆေးပြီး ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်သို့ ပြန်လည်ရောက်ရှိသည်။ (သတင်းစဉ်)

တိုင်းရင်းဆေးဆရာသင်တန်းခေါ်ယူသည့်ရက် တိုးမြှင့်

ရန်ကုန် ဇူလိုင် ၂

တိုင်းရင်းဆေးဆရာများကို အရည်အချင်းမြှင့်တင်ရန်အတွက် တိုင်းရင်းဆေးပညာဦးစီးဌာန ရန်ကုန်နှင့်မန္တလေးမြို့များ၌ တိုင်းရင်းဆေးဆရာ တစ်နှစ်သင်တန်းဖွင့်လှစ်ရန် သင်တန်းသား လျှောက်လွှာများကို ဇွန် ၃၀ ရက်အထိ နောက်ဆုံးထား၍ လျှောက်ထားနိုင်ကြောင်း ကြေညာခေါ်ယူခဲ့ရာမှ ယခုအခါ ကျယ်ပြန့်စွာသိရှိနိုင်ရေးအတွက် လျှောက်လွှာပိတ်မည့်ရက်ကို ဇူလိုင် ၃၁ ရက်အထိ ရက်တိုးမြှင့်လိုက်သည်။ ဝင်ခွင့် ရေးဖြေစာမေးပွဲ ဖြေဆိုရမည့်ရက်ကို တိုင်းရင်းဆေးပညာဦးစီးဌာန(ရန်ကုန်)နှင့် တိုင်းရင်းဆေးသိပ္ပံ(မန္တလေး)တို့၌ ဇူလိုင် ၃၁ ရက်မှစ၍ ဆက်သွယ်စုံစမ်းနိုင်ကြောင်းသိရသည်။ (ကြေးမုံ)

မန္တလေးအသင်း ဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန် ဇူလိုင် ၂

နှစ်စဉ်ကျင်းပမြဲဖြစ်သော မန္တလေးအသင်း(ရန်ကုန်)၏ ဝါဆိုသင်္ကန်းကပ်လှူပွဲကို ဇူလိုင်၂၇ရက် (တနင်္ဂနွေနေ့) မွန်းလွဲ၂နာရီတွင် ပန်းဘဲတန်း သိမ်တော်ကြီး ပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် အမှူးပြု သောသံဃာတော် ၁၀ပါးတို့အား ပင့်ဖိတ်၍ ပန်းဘဲတန်း ကုန်သည်လမ်းအသင်းတိုက် ရတနာပုံခန်းမဆောင်၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်များ၊ မန္တလေးအနွယ်ဝင်များ၊ အသင်းတိုက် ဖုန်း-၂၈၆၀၉၉သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၃-၇-၂၀၀၃ (ကြာသပတေးနေ့)

နံနက်ပိုင်း

- **၇:၀၀** ၁။ မြဝတီအဖွင့်
- **၇:၀၅** ၂။ အဖွင့်သီချင်း
- **၇:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၇:၂၀** ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- **၇:၃၀** ၅။ မြန်မာသံစဉ်ချိုနှာဝင်
- **၇:၄၀** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- **၇:၅၅** ၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
- **၈:၀၀** ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- **၈:၁၀** ၉။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
- **၈:၁၅** ၁၀။ အပိတ်နှုတ်ဆက်စကား
- **၈:၁၆** ၁၁။ ပြီးပါပြီ။

ညပိုင်း

- **၄:၀၀** ၁။ မြဝတီအဖွင့်
- **၄:၀၅** ၂။ အဖွင့်သီချင်း
- **၄:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၄:၂၀** ၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၄:၂၅** ၅။ မြန်မာသံစဉ်ချိုနှာဝင်
- **၄:၃၅** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- **၄:၄၅** ၇။ ရွှင်ကြည်ပြုံးစရာတေးကဗျာ
- **၄:၅၅** ၈။ မျိုးချစ်တပ်မတော်
- **၅:၀၀** ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်
  - (က) ပထမနှစ် (အင်္ဂလိပ်စာ)
  - (ခ) ပထမနှစ် (ဒဿနိကဗေဒ)
- **၅:၃၀** ၁၀။ မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုအစီအစဉ်
- **၅:၄၅** ၁၁။ သာယာသီကြွေးခေတ်ဆန်းတေး
- **၆:၀၀** ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- **၆:၁၀** ၁၃။ နိုင်ငံတကာသတင်း
- **၆:၂၀** ၁၄။ မိုးလေဝသသတင်း
- **၆:၂၅** ၁၅။ မြန်မာ့ရှုခင်း
- **၆:၄၀** ၁၆။ လျှပ်တစ်ပြက်ရိုက်ချက်
- **၇:၀၀** ၁၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း နှလုံးလှဆရာဝန် (အပိုင်း-၆)**
- **၈:၀၀** ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
  - ၁၉။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
  - ၂၀။ လျှပ်တစ်ပြက်ရိုက်ချက်
  - ၂၁။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း မိုးကြိုးကွန်ရက်နှင့်လျှပ်စီးဓား (အပိုင်း-၂၉)**
  - ၂၂။ သင့်အတွက်မနက်ဖြန်
  - ၂၃။ အပိတ်နှုတ်ဆက်စကား
  - ၂၄။ ပြီးပါပြီ။

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းသို့ အလှူငွေနှင့် ဆေးပစ္စည်းများ ပေးအပ်လှူဒါန်း

ရန်ကုန် ဇူလိုင် ၂

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းသို့ စေတနာရှင် အလှူရှင်များက အလှူငွေ၊ ဆေးပစ္စည်းများ၊ ဗလာစာအုပ်များနှင့် ကြိမ်ထည်လက်မှုပစ္စည်းများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် ပါရမီလမ်းနှင့် သံသုမာလမ်းထောင့်ရှိ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ညီ့ခန်း၌ ကျင်းပသည်။

တက်ရောက်

လှူဒါန်းပွဲ အခမ်းအနားသို့ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာ ဒေါ်တင်လင်းမြင့်နှင့် ဗဟိုအလုပ်အမှုဆောင်များ၊ အလှူရှင်များ တက်ရောက်ကြသည်။

ပေးအပ်လှူဒါန်း

အစီအစဉ်အရ အလှူရှင်များဖြစ်ကြသော ဂျပန်နိုင်ငံအခြေစိုက် Asian Ladies Friendship Society က ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဒေါက်တာအောင်နိုင်နှင့်ဇနီးတို့မှ တစ်ဆင့် ပေးပို့လှူဒါန်းသော အမေရိကန်ဒေါ်လာ ၆၆၉၄ ကို အလှူရှင်ကိုယ်စား တပ်မတော် ထောက်လှမ်းရေးဌာနချုပ်ရုံး ဒုတိယဌာနကြီးမှူး ဗိုလ်မှူးကြီးတင်ဦး **(အပေါ်ပုံ)**က လည်းကောင်း၊ ဩစတြေးလျနိုင်ငံဆိုင်ရာ မြန်မာသံမှူးကြီး ဦးကျော်အေးနှင့် ဇနီး ဒေါက်တာအေးမျိုးမျိုးတင့် မိသားစုက လှူဒါန်းသော ဆေးပစ္စည်းခုနစ်မျိုးကို အလှူရှင်ကိုယ်စား တပ်မတော် ထောက်လှမ်းရေးဌာနချုပ်ရုံးမှ စစ်ဦးစီးမှူး (ဒုတိယတန်း) ဗိုလ်မှူးမြင့်ဌေးက လည်းကောင်း၊ ထူးကျော်ကုမ္ပဏီလီမိတက်က ဗလာစာအုပ်ဒါဇင် ၁၀၀ နှင့် ကြိမ်ထည်လက်မှုပစ္စည်းများကို မန်နေဂျင်းဒါရိုက်တာ ဦးအောင်ဟိန်းက လည်းကောင်း ပေးအပ်လှူဒါန်းကြရာ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်ဝင်းရွှေက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။(သတင်းစဉ်)

မြန်မာအမျိုးသမီးများနေ့

၂၀၀၃ ခုနှစ်၊ ဇူလိုင်လ(၃)ရက်

မြန်မာပွဲတော် ၂၀၀၃ ပြပွဲ စင်ကာပူနိုင်ငံတွင် ကျင်းပရေး ညှိနှိုင်းစည်းဝေး

ရန်ကုန် ဇူလိုင် ၂

စင်ကာပူနိုင်ငံ၌ ၂၀၀၃ခုနှစ် စက်တင်ဘာ ၅ရက်မှ ၁၄ရက်အထိ ကျင်းပမည့် Myanmar Festival 2003 ပြပွဲကျင်းပရေး ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ ကန်တော်ကြီး ကရဝိက်နန်းတော်၌ ကျင်းပရာ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူ တက်ရောက်အားပေးသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်လတ်က အမှာစကားပြောကြားပြီး စင်ကာပူနိုင်ငံမှ Conference Exhibition Management Services Pte. Ltd (CEMS) ၏ မန်နေဂျင်းဒါရိုက်တာ Mr. Edward Liu က Myanmar Festival 2003 ပြပွဲကျင်းပရေးနှင့်စပ်လျဉ်း၍ လုပ်ငန်းစီမံချက်များကို ဗီဒီယိုဆလိုက်ဖြင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသော လုပ်ငန်းဆက်စပ်သည့် ဝန်ကြီးဌာနတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်းနှင့် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်းတို့မှ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ Myanmar Marketing Co., မှ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ Myanmar Airways International တို့၏ သိလိုသည့် မေးမြန်းချက်များကို CEMS ၏ မန်နေဂျင်းဒါရိုက်တာ Mr. Edward Liu က ပြန်လည်ရှင်းလင်းဖြေကြားသည်။

ဆွေးနွေး

ယင်းနောက် ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်လတ်က Myanmar Festival 2003 ပြပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်ရေး ဆွေးနွေးမှာကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

အမျိုးသမီးရေးရာ နှစ်လည်မဂ္ဂဇင်းထုတ်ဝေ

ရန်ကုန် ဇူလိုင် ၂

မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီက ဇူလိုင် ၃ရက်တွင် ကျရောက်သည့် မြန်မာအမျိုးသမီးများနေ့ကိုအထိမ်းအမှတ်ပြုကာ ဂုဏ်ပြုကြိုဆိုလျက် "အမျိုးသမီးရေးရာမဂ္ဂဇင်း-၂၀၀၃"ကို ထုတ်ဝေလိုက်သည်။ **(ယာပုံ)** ဤမဂ္ဂဇင်းကို ၁၉၉၉ခုနှစ်မှစ၍ နှစ်စဉ် မြန်မာအမျိုးသမီးများနေ့တွင် ထုတ်ဝေခဲ့ပြီး ယခုနှစ်တွင် ပဉ္စမအကြိမ်မြောက် ထုတ်ဝေခြင်းဖြစ်သည်။

အမျိုးသမီးရေးရာ မဂ္ဂဇင်းတွင် မျက်နှာဖုံးပုံ၌ အမျိုးသမီးရေးရာ ကော်မတီဝင်များ၏ စည်းရုံးရေးခရီးကို နောက်ခံပြုလျက် မြန်မာနိုင်ငံမှ အာရှ ဂုဏ်ရည်ပြုဆိုပ်ဆုရှင် ခိုင်ခိုင်မော်၏ ပုံဖြင့် သရုပ်ဖော်ထားသည်။

ယခုနှစ်မဂ္ဂဇင်းတွင် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီကို ၁၉၉၆ခုနှစ်တွင် နိုင်ငံတော်က ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သည်မှအစ ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုများ၊ တာဝန်ခွဲခြား အကောင်အထည်ဖော်မှုများ၊ ကွင်းဆင်းစည်းရုံးရေးခရီးများ၊ နိုင်ငံတကာအဆင့်တွင် တက်ရောက်ကျင်းပခဲ့သော ပြည်တွင်းပြည်ပ အစည်းအဝေးများ၊ လှုပ်ရှားမှုမှတ်တမ်းများကို ရောင်စုံဓာတ်ပုံမှတ်တမ်း၊ ဆောင်းပါးမှတ်တမ်းများဖြင့် ဖော်ပြထားသည်။

အမျိုးသမီးရေးရာ နှစ်လည်မဂ္ဂဇင်းအဖြစ် မြန်မာအမျိုးသမီးတို့၏ အစဉ်အလာနှင့် မျက်မှောက် လူမှုရေးတည်ဆောက်မှုတို့နှင့် ဆက်စပ်သော ဆောင်းပါးများ၊ ကဗျာများ၊ ကာတွန်းများ၊ ဝတ္ထုတိုရှည်များကို နာမည်ရ အမျိုးသမီး အမျိုးသား ကလောင်ရှင်၊ ပညာရှင်များ၏ လက်ရာဖြင့် သုတ-ရသ စုံလင်အောင် ဖော်ပြထားသည်။ (သတင်းစဉ်)



ဘယ်လာရုစ်သမ္မတနိုင်ငံ လွတ်လပ်ရေးနေ့တွင် သဝဏ်လွှာပေးပို့

ရန်ကုန် ဇူလိုင် ၃

၂၀၀၃ခုနှစ် ဇူလိုင် ၃ရက်နေ့တွင် ကျရောက်သော ဘယ်လာရုစ် သမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်ထံမှ ဘယ်လာရုစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ မီခေးလ်၊ မီခေးလ်လိုဗစ်ရှ်၊ ဗော့စ်တော့ဗ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

မြောင်းမြမြို့နယ်အသင်း(ရန်ကုန်) ဝါဆိုသင်္ကန်း ကပ်လှူပူဇော်ပွဲ

ရန်ကုန် ဇူလိုင် ၂

မြောင်းမြမြို့နယ်သူ၊ မြို့နယ်သားများ၊ အိမ်မဲမြို့နယ်သူ၊ မြို့နယ်သားများနှင့် ကျောင်းတိုက် ဝေယျာဝစ္စအဖွဲ့တို့ပူးပေါင်း၍ ရန်ကုန်မြို့ ဗဟန်းမြို့နယ် အာဇာနည်လမ်းရှိ ဘိအိုစီ ပိဋကတ်တိုက်၌ သံဃာတော်များအား ဝါဆိုလပြည့်နေ့၊ ဇူလိုင် ၁၃ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ဝါဆိုသင်္ကန်း ကပ်လှူပူဇော်မည်ဖြစ်သည်။

သင်္ကန်းတစ်စုံလျှင် ကျပ် ၂၀၀၀ဖြင့် ဆက်ကပ်လှူဒါန်းနိုင်ပြီး ဆွမ်း၊ ဆွမ်းဟင်းများ ချက်ပြုတ်ယူဆောင်၍ စုပေါင်းကပ်လှူကြမည် ဖြစ်သည်။

လှူဒါန်းလိုသူများသည် ဦးကျော်ဝင်း (ဥက္ကဋ္ဌ) ဖုန်း-၅၅၈၅၄၃၊ ဦးမျိုးကြည် (ဒုတိယဥက္ကဋ္ဌ)ဖုန်း-၅၇၈၆၃၈၊ ဦးသန့်ဇင် (ဒုတိယဥက္ကဋ္ဌ) ဖုန်း-၀၉ ၉၉-၂၂၁၉၇၊ ဦးလှဖေ (အတွင်းရေးမှူး) ဖုန်း-၇၀၅၈၅၈၊ ဦးအောင်တင် ဖုန်း-၂၅၁၃၂၃ နှင့် ဦးတင်သိန်း ဖုန်း-၂၄၆၉၃၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

7 Day News အတွဲ(၂)၊ အမှတ်(၁၅)ဖြန့်ချိ

ရန်ကုန် ဇူလိုင် ၂

ဟွန်းသံကင်းမဲ့ဇုန် (၃၁)မြို့နယ်အထိ တိုးချဲ့သွားမည်၊ မြန်မာအပါအဝင် မဲခေါင် ခြောက်နိုင်ငံကိုယ်စားပြု မဲခေါင်တက္ကသိုလ်ကို ဖနွမ်းပင်တွင် ဖွင့်လှစ်၊ အင်ကြင်းကျောက် တူးဖော်ခွင့်လိုင်စင်များထုတ်ပေး၊ ဂျပန်လူမျိုး မျက်စိခွဲစိတ်အထူးကု ဆရာဝန်ကြီး မြန်မာနိုင်ငံတွင် အခမဲ့ ခွဲစိတ်ကုသပေးမည် စသည့် ပြည်တွင်း သတင်းဦး သတင်းထူးများဖြင့် 7 Day News ဂျာနယ် အတွဲ(၂)၊ အမှတ်(၁၅) ထွက်ရှိလာသည်။

(ဝဲပုံ)

ဆီးကျိတ်ကင်ဆာ ကာကွယ်နိုင်သော ဆေးပေါ်ပြီ၊ အာရှတွင် အသက်အငယ်ဆုံး ပါရဂူဘွဲ့ရမည့် အိန္ဒိယ ဉာဏ်ကြီးရှင်ကလေး၊ ရေကူးကန်နှင့် ပန်းနာရောဂါ ဆက်စပ်မှုရှိနေ၊ နဂါးကြီးနှင့် အာသောက စကြာအပါအဝင် နိုင်ငံတကာမျက်မှောက်၊ ကျန်းမာရေး၊ သိပ္ပံနည်းပညာနှင့် သုံးသပ်ချက်ဆောင်းပါးများ ဝေဝေဆာဆာ ထည့်သွင်းထားကာ e-Empire Media House ဖုန်း-၇၀၃၈၁၃ က ဖြန့်ချိသည်။

(က-ပ)

မော်လမြိုင်အသင်း ဝါဆိုသင်္ကန်းကပ်မည်

ရန်ကုန် ဇူလိုင် ၂

မော်လမြိုင်အသင်း (ရန်ကုန်)၏ (၇၈)ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲကို ဝါဆိုလပြည့် (ဇူလိုင် ၁၃ ရက်)(တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် မော်လမြိုင်အသင်းတည်ရှိရာ ရွှေတိဂုံစေတီတော် အနောက်ဘက်မုခ် မော်လမြိုင်ဓမ္မာရုံ၌ သံဃာတော်အပါး ၅၀ အား နေ့ဆွမ်းဆက်ကပ်ပြီး ဝါဆိုသင်္ကန်း ကပ်လှူမည်ဖြစ်သည်။

အသင်းဝင်များနှင့် မြို့နယ်သူ၊ မြို့နယ်သားများ ကြွရောက်ကြပါရန်နှင့် သင်္ကန်းနှင့် အခြားလှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းနိုင်ရန် အတွက် အသင်းဥက္ကဋ္ဌ ဦးရွှေဘော် ဖုန်း-၅၄၁၇၅၅၊ ၅၄၂၂၀၄၊ အတွင်းရေးမှူး ဦးမောင်မောင်ဝင်း ဖုန်း-၂၈၅၇၅၀၊ ၂၈၇၄၄၉ နှင့် အသင်းဓမ္မာရုံ အုပ်ချုပ်ရေးမှူး ဦးကျော်ဝင်း ဖုန်း-၂၅၆၁၅၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

အထူးစီမံကိန်းကြီးများအဖြစ် ပြည်နယ်နှင့်တိုင်းဒေသအသီးသီး၌ တည်ဆောက်အကောင်အထည်ဖော်လျက်ရှိသည့် ရေလှောင်တမံများနှင့် မြစ်ရေတင်စီမံကိန်းများ















ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ မလေးရှားနိုင်ငံသို့ ထွက်ခွာ

ရန်ကုန် ဇူလိုင် ၂

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည်မလေးရှားနိုင်ငံ လန်ကာဝီကျွန်း၌ ကျင်းပမည့် (၂၁)ကြိမ်မြောက် အာဆီယံစွမ်းအင်ဝန်ကြီးများအစည်းအဝေး 21st ASEAN Ministers on Energy Meeting (21st AMEM) သို့ တက်ရောက်ရန် ယနေ့မွန်းလွဲ ၁၂နာရီခွဲတွင် လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။ **(ယာပုံ)**

မြန်မာကိုယ်စားလှယ်အဖွဲ့အား ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း၊ အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးတင်ဝင်း၊ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ထွန်း၊ စွမ်းအင်ဝန်ကြီးဌာနမှ

အပြည်ပြည်ဆိုင်ရာသမဝါယမနေ့

ရက်သတ္တပတ်အထူးဈေးရောင်းပွဲ

(၂၇ - ၆ - ၂၀၀၃) နေ့မှ (၅ - ၇ - ၂၀၀၃) နေ့ထိ

- ရန်ကုန်တိုင်းကျီအီးစီအသင်းချုပ်ကုန်တိုက် (မဟာဗန္ဓုလလမ်းနှင့် ပန်းဆိုးတန်းလမ်းထောင့်)
- ကျီအီးစီကုန်တိုက် (သိမ်ကြီးဈေးစီရုံမြေညီထပ်၊ အနောက်ရထားလမ်းမ)

မြန်မာနိုင်ငံ မူလမြေတိုင်းမှတ်တိုင် ဖွင့်ပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၂

သစ်တောရေးရာဝန်ကြီးဌာန မြေတိုင်းဦးစီးဌာန မြန်မာနိုင်ငံမူလမြေတိုင်းမှတ်တိုင် ဖွင့်ပွဲအခမ်းအနားကို ဇွန် ၂၆ ရက်နံနက် ၁၀နာရီက မင်္ဂလာဒုံမြို့နယ် ပြည်လမ်း မိုင်တိုင် (၁၆)အနီး ငွေယားတောင်ရှိ မြန်မာနိုင်ငံ မူလမြေတိုင်းမှတ်တိုင် (Initial Geodetic Station of Myanmar) ၌ကျင်းပရာ ရှေးဦးစွာ သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးသိုက်ထွန်းက မြန်မာနိုင်ငံမူလမြေတိုင်းမှတ်တိုင် (Initial Geodetic Station of Myanmar)ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။ **(အပေါ်ပုံ)**

ထို့နောက် ဒုတိယဝန်ကြီးအား မြေတိုင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်တင်က မြန်မာနိုင်ငံ၏ မူလမြေတိုင်းမှတ်တိုင် သမိုင်းကြောင်းကို ရှင်းလင်းတင်ပြရာတွင် မြန်မာနိုင်ငံလွတ်လပ်ရေးမရမီ အချိန်ကာလမှစတင်၍ ယနေ့တိုင် အသုံးပြုလျက်ရှိသော ကွန်တိုမြေပုံ (၁လက်မ=၁မိုင်၊ ၁လက်မ=၂မိုင်၊ ၁လက်မ=၄မိုင်)များကို ထုတ်လုပ်ရာတွင် မိမိတို့ကိုယ်ပိုင် Datum မရှိ၍ Indian Datum ကို အသုံးပြုခဲ့ရကြောင်း၊ ထို့ကြောင့် မြေပုံများ၏ တိကျမှန်ကန်မှု အားနည်းသည်ကို တွေ့ရှိခဲ့ရကြောင်း။

ယခုအခါ လုပ်ငန်းလိုအပ်ချက်အရ မြေတိုင်းဦးစီးဌာနသည် UTM (Universal Transverse Mercator Projection)မြေပုံအရိပ်ချစနစ်ကို အသုံးပြုပြီး မြန်မာနိုင်ငံ တစ်ဝန်းလုံးအတွက် ဒီဂျစ်တယ် ကွန်တိုမြေပုံများကို တိုင်းတာရေးဆွဲထုတ်လုပ်ရကြောင်း၊ ထိုသို့ UTMမြေပုံများကို တိုင်းတာရေးဆွဲထုတ်လုပ်ရာတွင် ကိုယ်ပိုင်မြန်မာ Datum တစ်ခုကို တည်ဆောက်ရန် လိုအပ်လာကြောင်း။

သို့ဖြစ်၍ မြန်မာ Datum တည်ဆောက်နိုင်ရေးအတွက် မြန်မာနိုင်ငံ၏ မူလစမှတ် မြေတိုင်းမှတ်တိုင် (Initial Station)ကို မင်္ဂလာဒုံမြို့နယ် ပြည်လမ်း မိုင်တိုင်(၁၆)အနီးရှိ ငွေယားမြေတိုင်းမှတ်တိုင်ကိုသတ်မှတ်၍ ဆောင်ရွက်ခဲ့ကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့ဝင်များသည် မြန်မာနိုင်ငံ၏ မူလမြေတိုင်းမှတ်တိုင်ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။ ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့ဝင်များသည် ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် သစ်ဆိမ့်ပင်များ စိုက်ပျိုးပေးကြသည်။ ယင်းနောက် မြေတိုင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်တင်က မြေတိုင်းဦးစီးဌာန မြန်မာနိုင်ငံမူလမြေတိုင်းမှတ်တိုင် ဆိုင်းဘုတ်ကို ငွေကြိုးဆွဲ၍ ဖွင့်လှစ်ပြီးအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

မြန်မာ့မွေးမြူရေးနှင့်ရေလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်လီမိတက် အမှတ်(၆၅၄/၆၆၆)၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့

မြန်မာ့မွေးမြူရေးနှင့်ရေလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်လီမိတက်၏ အဋ္ဌမအကြိမ် အထွေထွေအစည်းအဝေးကြီးကို အောက်ပါအတိုင်းကျင်းပမည်ဖြစ်ပါသည်။

(က) **နေ့ရက်** - ၂၂-၇-၂၀၀၃
(ခ) **အချိန်** - (၁၃း၀၀)နာရီ
(ဂ) **နေရာ** - ယုဇနဟိုတယ်(Ball Room)ခန်းမ၊ ရန်ကုန်မြို့။

ယင်းအစည်းအဝေး၏ အစီအစဉ်၊အစီရင်ခံစာများကို အစုရှယ်ယာရှင်များထံ ကြိုတင်ဝေငှပေးပို့ထားပြီးဖြစ်ကြောင်း အသိပေးအပ်ပါသည်။ ယင်းအစည်းအဝေးအတွက် အစုရှယ်ယာရှင်များထံသို့ ဖိတ်စာအချိန်မီ မရောက်ရှိပါက ဤကြော်ငြာကိုအကြောင်းပြု၍ အစည်းအဝေးသို့တက်ရောက်ပါရန် ကြေညာအပ်ပါသည်။

အစုရှယ်ယာများ လွှဲပြောင်းမှတ်တမ်းကို အထွေထွေအစည်းအဝေးကြီး ပြီးစီးသည်အထိ ယာယီရပ်ဆိုင်းထားမည်ဖြစ်ပါသည်။

ဦးဆောင်ညွှန်ကြားရေးမှူး။

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ည/၁၆၀၈၊အမျိုးအမည် မာဇဒါပေါ်တာကပ် အမျိုးအစား၊ပစ်ကပ်ယာဉ်အား ယာဉ်လက်ဝယ်ရှိသူ ဦးရွှေအေး [၁၂/ထတပ(နိုင်)၀၇၃၆၈၆] မှ မှတ်ပုံတင်ခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ယနေ့မှစ၍ ရက်ပေါင်း၃၀အတွင်း ကညနဦးစီးဌာန ရန်ကုန်မြောက်ပိုင်းခရိုင်ရုံး(အင်းစိန်)သို့ ဆက်သွယ်ဆောင်ရွက်ပါရန်။

က-ည-န၊ရန်ကုန်မြောက်ပိုင်းခရိုင်ရုံး၊(အင်းစိန်)။

ထိမ်းမြားမင်္ဂလာညည့်ခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မဟာမြိုင်လမ်း၊ခြံအမှတ်(၂၀/B)နေ
ဦးဟိုက်ကောင်း(ခ)ဦးစွန်လိုက်-ဒေါ်မြင့်မြင့်တို့၏သားငယ်၊
ဦးငွေသန်း-ဒေါ်သီတာတို့၏မောင်
မောင်အောင်နိုင် B.E (Mechanical)
နှင့်
မော်လမြိုင်မြို့၊ အထက်လမ်းမကြီး၊ အရေးပိုင်ကုန်းရပ်၊ ခြံအမှတ်(၅၈)နေ
ဦးဝိုင်ဖြိတ်(ခ) ဦးထွန်းလှ-ဒေါ်ကျင်အေး၊
ဦးအောင်မြင့်သိန်း-ဒေါ်သန်းသန်းရီတို့၏သမီးကြီး
မသိမ့်နန္ဒာအောင် B.C (Tech)

တို့၏၁၀-၆-၂၀၀၃(အင်္ဂါနေ့)တွင် မော်လမြိုင်မြို့ ငွေမိုးဟိုတယ်၌ မင်္ဂလာစေ့စပ်လက်စွပ်လဲလှယ်ပေးသော(စစစ)ဒုတိယညွှန်ကြားရေးမှူးဦးဖေစန်းနှင့်ဇနီး ဒေါ်သန်းသန်းမူ၊ မင်္ဂလာမော်ကွန်းတင်လက်မှတ် ရေးထိုးပေးသော မွန်ပြည်နယ်တရားသူကြီး ဦးကျော်ညွှန့်၊အသိသက်သေ ဦးချန်တိတ်နှင့်ဇနီး ရှေ့နေ ဒေါ်နွယ်နွယ်အောင်တို့အားလည်းကောင်း ကျေးဇူးတင်ရှိပါကြောင်းနှင့် ၂၈-၆-၂၀၀၃ စနေနေ့တွင် Yuzana Garden Hotel နှင့် Panda Hotel ၌ကျင်းပသော မင်္ဂလာညည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးသော ပညာရေးဝန်ကြီးဌာနဝန်ကြီး ဦးသန်းအောင်၏ဇနီး ဒေါ်ဝင်းရွှေ၊ မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးသောဗိုလ်မှူးချုပ်သိန်းငွေ (တပ်မတော်၊ ရေ)(ငြိမ်း)နှင့်ဇနီးဒေါ်ခင်ရွှေ၊ မင်္ဂလာစိန်လက်စွပ်ချီးမြှင့်ပေးသော မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌဦးဝင်းမြင့်နှင့်ဇနီး ဒေါ်မြင့်မြင့်သန်း၊ ကြွရောက်ချီးမြှင့်သော ဂုဏ်သရေရှိ လူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများ၊ မေတ္တာဖြင့်ပန်းကြဲပေးသောရုပ်ရှင်သရုပ်ဆောင်ဇင်ဇင်ဇော်မြင့်၊ မင်္ဂလာအောင်စံပယ်ပန်းကုံး ကိုင်ဆောင်ပေးသော မကေသွယ်စိုး၊ မင်္ဂလာစိန်လက်စွပ် ကိုင်ဆောင်ပေးသော မဝင်းလဲ့လဲ့ရွှေ၊ သတို့သားအရံမောင်နိုင်လင်းထွန်း၊ သတို့သမီးအရံ မခင်မိုးမိုးထွန်း၊ အခမ်းအနားမှူး ဦးဝင်းတင်နှင့် မခင်ခင်အေး၊ မိတ်ကပ် အောင်အောင်နှင့်ခင်စန်းဝင်း၊ ဝတ်စုံထိုင်ပေ၊ လဲ့လဲ့ဝင်း၊ခင်စန်းဝင်း၊ ဓာတ်ပုံနှင့်ဗီဒီယို ကိုမြဝင်း(Rays)၊ တေးဂီတ The Aces နှင့် ကမာရွတ် ကြန့်တိတ်ဘုံကျောင်းတီးဝိုင်း၊ Yuzana Gerden နှင့် Panda Hotel မန်နေဂျာနှင့်ဝန်ထမ်းများအား လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်အောင်နိုင်-မသိမ့်နန္ဒာအောင်။

(မြပုလဲခင်ကလောင်ခွဲ)
ပါးလ်ခင်ခင်
ကာရံမဲ့ကွက်လပ်ကလေး
လုံးချင်းဝတ္ထုသစ်၊ လှိုင်စာပေ
ထွက်ပြီ
ခွင့်ပြုချက်အမှတ်-၅၀၅/၂၀၀၃(၅)

ရွှေသမင်စာပေ
မြနန္ဒာ
ထွက်ပြီ
ရင်ခုန်ခြင်းမှတ်စု ...သို့မဟုတ်

ဒေးဗစ်ဘက်ဟမ်း ရီးယဲလ်မက်ဒရစ်ရောက်ပြီ

မက်ဒရစ် ဇူလိုင် ၂

အင်္ဂလိပ်ပရီမီယာလိဂ်ချန်ပီယံ မန်ချက်စတာယူနိုက်တက်အသင်းမှ ဒေးဗစ်ဘက်ဟမ်းသည် ယခုနှစ်ဘောလုံးရာသီတွင် ရီးယဲလ်မက်ဒရစ်အသင်းမှ ပါဝင်ကစားမည်ဖြစ်သည်။

အင်္ဂလန်အသင်း၏ခေါင်းဆောင်ဖြစ်သူ ဒေးဗစ်ဘက်ဟမ်းသည် ရီးယဲလ်မက်ဒရစ်အသင်းသို့ပေါင်စတာလင် ၂၅သန်းဖြင့် ပြောင်းရွှေ့ရောက်ရှိသွားသည်။စပိန်ကလပ်အသင်းတွင် လေးနှစ်တာ ပါဝင်ကစားရန် ဒေးဗစ်ဘက်ဟမ်းအား မိတ်ဆက်ပွဲအခမ်းအနားကို စပိန်ကလပ်အသင်း၌ ကျင်းပရာ ၂၅နိုင်ငံမှ သတင်းစာဆရာပေါင်း ၅၀၀ တက်ရောက်ကြသည်။ အသက်၂၈နှစ်အရွယ်ရှိ ဒေးဗစ်ဘက်ဟမ်းအား မန်ချက်စတာယူနိုက်တက်အသင်းမှ ရီးယဲလ်မက်ဒရစ်အသင်းသို့ ရောင်းချခဲ့ပြီး ရီးယဲလ်မက်ဒရစ်အသင်းတွင် ကျောနံပါတ်၂၃ကို ဒေးဗစ်ဘက်ဟမ်း ဝတ်ဆင်ကစားရမည်ဖြစ်သည်။ **(ယာပုံ) အင်တာနက်။**

နာရီ ဆိုလျှင် ..... ချယ်ရီဦး .....

(၁) [illegible]	TV	[illegible] TTN-14993 [illegible]
(၂) [illegible]	VCD	[illegible]
(၃) [illegible]	[illegible]	[illegible]
(၄) [illegible]	[illegible]	[illegible]
(၅) [illegible]	[illegible]	[illegible]

5% to 10% Discount

ရုပ်ရှင်ရည်ညွှန်းစာကြည့်တိုက်ထူထောင်ရန် စီစဉ်
ရုပ်ရှင်စာအုပ်စာတမ်းများ လှူဒါန်းကြရန် မေတ္တာရပ်ခံ

ရန်ကုန် ဇူလိုင် ၂

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးမှ ရုပ်ရှင်ပညာသည်များ ထာဝရအသုံးပြုနိုင်မည့် ရည်ညွှန်း စာကြည့်တိုက်တစ်ခု ထူထောင်ရန် စတင်ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

ပြင်ဆင်

ရုပ်ရှင်အစည်းအရုံး ဇာတ်ညွှန်းအလွှာမှ ဦးစီး၍ ဥက္ကဋ္ဌ ဦးချစ်သန်းမြင့်၊ အတွင်းရေးမှူး ဦးအေးကြူလေးတို့ ပါဝင်သော စာကြည့်တိုက်ဦးဆောင်ကော်မတီတစ်ရပ်ကို ဖွဲ့စည်းပြီးပြင်ဆင်မှုများ ပြုလုပ်လျက်ရှိသည်။ အဆိုပါစာကြည့်တိုက်တွင် ပြည်တွင်း၊ ပြည်ပ ရုပ်ရှင်ကျမ်းများ၊ ခေတ်ဟောင်း၊ ခေတ်သစ်မဂ္ဂဇင်း၊ ဂျာနယ်၊ သတင်းစာများထားရှိ မည်ဖြစ်ပြီး ရုပ်ရှင်နှင့်ပတ်သက်သော စာအုပ်များ ဦးစားပေးစုဆောင်းထားရှိသည်။

မေတ္တာရပ်ခံ

စာကြည့်တိုက်ကို အင်္ဂါနေ့နှင့်စနေနေ့များတွင် ဖွင့်လှစ်ပေးပြီး ရုပ်ရှင်သမားများသာမက ပြင်ပပုဂ္ဂိုလ်များပါလေ့လာနိုင်အောင်စီစဉ် ပေးမည်ဖြစ်သည်။ စေတနာရှင်များက ရုပ်ရှင်နှင့်ပတ်သက်သော စာအုပ်စာတမ်းများ လှူဒါန်းကြရန်လည်း မေတ္တာရပ်ခံသွားမည်ဟု သိရသည်။ **(ကြေးမုံ)**

မဟာအောင်ပွဲ

ရိုက်ကူးပြီးစီးနေပြီဖြစ်သော ဒါရိုက်တာကြည်ဖြူသျှင်၏ "ချစ်သောအရိမဒ္ဒနပူရ၏ မဟာအောင်ပွဲ" ဇာတ်ကားမှ လူမင်းနှင့်နန္ဒာလှိုင်။

ကျော်ကျော်နဲ့အူဝဲ ဗီဒီယိုဇာတ်ကား ဖြန့်ချိပြသရန်စီစဉ်

ရန်ကုန် ဇူလိုင် ၂

လပ်ကီးပဲလေ့ဗီဒီယိုမှ ဒါရိုက်တာ ကျော်ဇောလင်း ရိုက်ကူးသည့် **ကျော်ကျော်နဲ့အူဝဲ၊ အူဝဲနဲ့ ကျော်ကျော်** ဗီဒီယိုဇာတ်ကားရိုက်ကူးပြီးစီး၍ ဖြန့်ချိပြသရန် စီစဉ်လျက်ရှိသည့် မင်းမော်ကွန်း၊ အိန္ဒြာကျော်ဇင်တို့ ပါဝင်သရုပ်ဆောင်ကြသည်။ **(ကြေးမုံ)**

ကျော်ကျော်နဲ့အူဝဲ

"ကျော်ကျော်နဲ့အူဝဲ၊ အူဝဲနှင့် ကျော်ကျော်" ဗီဒီယိုဇာတ်ကားမှ မင်းမော်ကွန်းနှင့်အိန္ဒြာကျော်ဇင်။

နှစ်ယောက်မရှိဘူး

မကြာမီ ရုံတင်ပြသမည့် ဒါရိုက်တာ အိအိခိုင် ရိုက်ကူးသည့် "နှစ်ယောက်မရှိဘူး" ဇာတ်ကားမှ လွင်မိုးနှင့်ထွန်းအိန္ဒြာဗို။

"ချစ်သောအရိမဒ္ဒနပူရ၏ မဟာအောင်ပွဲ" ဇာတ်ကား ဆင်ဆာတင်ပြရန်စီစဉ်

ရန်ကုန် ဇူလိုင် ၂

မဟာထွန်းရုပ်ရှင်မှ ဇာတ်ညွှန်း ခင်လေးသိမ့်၊ ဒါရိုက်တာ ကြည်ဖြူသျှင်ရိုက်ကူးသည့် **ချစ်သောအရိမဒ္ဒနပူရ၏ မဟာအောင်ပွဲ** ဇာတ်ကားမှာ ရိုက်ကူးပြီးစီး၍ ဆင်ဆာအဖွဲ့သို့ တင်ပြရန် စီစဉ်လျက်ရှိသည်။

ထိုဇာတ်ကားတွင် နေအောင်၊ ခင်သီတာထွန်း၊ ကျော်သူ၊ လူမင်း၊ မေသန်းနု၊ နန္ဒာလှိုင်နှင့် သရုပ်ဆောင်များစွာ ပါဝင်ကြသည်။ **(ကြေးမုံ)**

မင်းဒင်လမ်းအမှိုက်ပုံရှင်းလင်းပြီး

စာတည်းမှူးခင်ဗျား–

၁၂-၆-၂၀၀၃ နေ့ထုတ် ကြေးမုံသတင်းစာပါ သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏမြို့ မီးဒုံ(၁)လမ်းနှင့် မင်းဒင်(၁)လမ်းကြား ရေမြောင်းဘေးရှိ **မင်းဒင်လမ်းအမှိုက်ပုံ သိမ်းဆည်းပေးပါ** ခေါင်းစဉ်နှင့်ပတ်သက်၍ ရှင်းလင်းဆောင်ရွက်ပြီးကြောင်းဖော်ပြပါသည်။ **ရန်ကုန်မြို့တော်စည်ပင်။**

မြရတနာဈေး ရှင်းလင်းဆောင်ရွက်ပေးပြီး

စာတည်းမှူးခင်ဗျား–

၂၈-၅-၂၀၀၃ နေ့ထုတ် ကြေးမုံသတင်းစာပါ မရမ်းကုန်းမြို့နယ် အမှတ်(၁)ရပ်ကွက်ရှိ **မြရတနာဈေးမှ မိလ္လာနံ့ရှင်းလင်းပေးပါ**ခေါင်းစဉ်နှင့် ပတ်သက်၍စိစစ်ဆောင်ရွက်ပြီးဖြစ်ပါကြောင်း ဖော်ပြပါသည်။

ရန်ကုန်မြို့တော်စည်ပင်။

ပြည်သူ့ထံမှ ပေးစာ

ဗိုးကုန်းဈေး အမြန်ပြီးရေး ဆောင်ရွက်ပေးပါ

စာတည်းမှူးခင်ဗျား–

ပဲခူးတိုင်း(အနောက်ပိုင်း) ဇီးကုန်းမြို့ဈေးကြီးအတွင်းရှိ အထည်ရုံကြီးမှာ သံပေါင်သံတိုင်များ၊ထုထဲသောအုတ်ထုကြီးများဖြင့်လည်းကောင်း၊ ကုန်ရုံကြီးလေးရုံမှာ ရှစ်ပတ်လည်ပျဉ်းကတိုးတိုင်ကြီးများဖြင့်လည်းကောင်း ခိုင်ခံ့စွာ ဆောက်လုပ်ထားပါသည်။ လွန်ခဲ့သော ခုနစ်နှစ်ခန့်က ထိုဈေးကြီးကိုဖြိုဖျက်၍ ခေတ်မီဈေးသစ်တည်ဆောက်ခဲ့ပါသည်။ ကန်ထရိုက်အသီးသီးပြောင်းလဲသွားသော်လည်း ယနေ့တိုင်ဈေးကြီးမပြီးသေးပါ။ ထို့ကြောင့် ဈေးကြီးကို ဈေးသူ၊ဈေးသားများကိုယ်တိုင် မွမ်းမံပြင်ဆင်နေရပါသည်။ ခုနစ်နှစ်ကြာနေသော ဈေးကြီး အမြန်ပြီးစီးရေးအတွက် ဆောင်ရွက်ပေးပါရန်တင်ပြပါသည်။

ဈေးသည်တစ်ဦး။

မာလာမြိုင်လမ်း မုန့်လုပ်ငန်းအညှော်နံ့မခံနိုင်

စာတည်းမှူးခင်ဗျား–

သဃ်န်းကျွန်းမြို့နယ် ၁၆/၃ ရပ်ကွက် မာလာမြိုင်လမ်းရှိ မုန့်လုပ်ငန်းမှ မုန့်ဖုတ်၍ ထွက်ရှိသော အညှော်နံ့ကြောင့် ပတ်ဝန်းကျင်ရှိ ကလေးသူငယ်နှင့် သက်ကြီးရွယ်အိုများ ကျန်းမာရေး ထိခိုက်စေပါသည်။ စွန့်ပစ်မုန့် အကျိုးအကြေများကြောင့် ကြွက်၊ ခြင်၊ ယင်ပေါများ၍ သွေးလွန်တုပ်ကွေးနှင့် ဝမ်းရောဂါဖြစ်နိုင်ပါသည်။ မုန့်ဖုတ်ရန် ထင်း၊ မီးသွေးသိုလှောင်ထားသောကြောင့် မီးဘေးအန္တရာယ် စိုးရိမ်ရပါသည်။ လူအင်အား အများအပြားဖြင့် မီးစက်မောင်း၍ နေ့ရောညပါ လုပ်ကိုင်မှုကြောင့် ဆူညံနေပါသည်။

သို့ပါ၍ လိုအပ်သလို စိစစ်ဆောင်ရွက်ပေးပါရန် စာတည်းမှူးမှတစ်ဆင့် တင်ပြပါသည်။

မာလာမြိုင်လမ်းသား။

ကျူးကျော်အဆောက်အအုံကြောင့် အမှိုက်များစုပုံ

စာတည်းမှူးရှင့်–

တာမွေမြို့နယ် တာမွေကြီး(က-ဂ) ရပ်ကွက် ၁၅၅ လမ်းနှင့် ၁၅၆ လမ်း နောက်ဖေးလမ်းကြားတွင် ကျူးကျော်အဆောက်အအုံ ဆောက်ထားခြင်း၊ အပေါ်ထပ် နေထိုင်သူများက အမှိုက်များကို လမ်းကြားအတွင်းသို့ စည်းကမ်းမဲ့ပစ်ချခြင်းကြောင့် အမှိုက်များစုပုံနေပါသည်။ နွေအခါ၌ မီးဘေးအန္တရာယ် စိုးရိမ်ရပြီး မိုးတွင်းအခါ၌လည်း ရေပုပ်များ၊ အနံ့ဆိုးများ အိမ်အတွင်းသို့ဝင်ခြင်းကြောင့် ကလေး၊ လူကြီးများ ကျန်းမာရေး လွန်စွာ ထိခိုက်နိုင်ပါသည်။

သို့ပါ၍ ဆိုင်ရာမှ စိစစ်ဆောင်ရွက်ပေးပါရန် စာတည်းမှူးမှ တစ်ဆင့် တင်ပြပါသည်။

၁၅၅လမ်းသူ။

ရပ်ကွက်အတွင်းမှ ကြက်ခြံပြောင်းရွှေ့ပေးပါ

စာတည်းမှူးခင်ဗျား–

ဒဂုံမြို့သစ်တောင်ပိုင်း (၇၀) ရပ်ကွက် လှော်ကား လမ်းမကြီးရှိ နေအိမ် တစ်အိမ်သည် ရပ်ကွက်အတွင်း ကြက်များ မွေးမြူလျက်ရှိပါသည်။ ထိုကြက်ခြံမှ အနံ့အသက်များသည် အနီးရှိအိမ်များမှ သက်ကြီးရွယ်အိုများအား ကျန်းမာရေး ထိခိုက်လျက်ရှိပါသည်။

သို့ပါ၍ ကြက်ခြံအား လူနေအိမ်များနှင့် ဝေးသောနေရာသို့ ပြောင်းရွှေ့ပေးပါရန် တင်ပြပါသည်။

အနံ့မခံနိုင်သူများ။

မိလ္လာအနံ့ဆိုး ဖယ်ရှားပေးစေချင်

စာတည်းမှူးခင်ဗျား–

မင်္ဂလာတောင်ညွန့် မြို့နယ် ၁၂၃လမ်း(အထက်)တွင်ရှိသော မိလ္လာအိုးမှရေများ လျှံထွက်ပြီး အနံ့ဆိုးများ ထွက်နေသည်မှာ ကြာခဲ့ပြီ ဖြစ်ပါသည်။ လမ်းတစ်လျှောက် ရေများလျှံထွက်စီးဆင်းနေပြီး လမ်းသွားလမ်းလာ ပြည်သူများနှင့် ပတ်ဝန်းကျင် နေအိမ်များမှာ ထိုအနံ့ဆိုးကို နေ့စဉ်ရှူရှိုက်နေရ၍ ကျန်းမာရေးထိခိုက်စေပါသည်။ သို့ဖြစ်၍ အမြန်ဆုံးပြုပြင်ပေးပါရန် တင်ပြပါသည်။

အနံ့ဆိုးရှူရှိုက်နေရသူများ။

ဝက်လက်ဈေး ရေမြောင်းများပြုပြင်ပေးစေလို

စာတည်းမှူးခင်ဗျား–

စစ်ကိုင်းတိုင်း ဝက်လက်မြို့ ဈေးအပြင်တွင်ရှိနေသော ရေမြောင်းများ လုံးဝရေစီးခြင်း မရှိပါ။ မြောင်းပေါ်သို့ ရေများ ရောက်ရှိသောအခါတွင် ဈေးသည်များ၏ ပစ္စည်းများ ပျက်စီးပြီး မိုးရွာသွန်းသည့်အခါ ဈေးဝင်းအတွင်းရေများဝပ်၍ဈေးဝယ်များလည်း အခက်အခဲတွေ့ကြရပါသည်။ ဈေးအတွင်း ရေစီးရေလာ ကောင်းမွန်ရန် ပျက်စီးနေသော ရေမြောင်းများ ပြုပြင်ပေးပါရန် စာတည်းမှူးမှတစ်ဆင့် တင်ပြပါသည်။ **ဆုံးရှုံးနစ်နာသူ။**

စည်းကမ်းမဲ့ မော်တော်ဆိုင်ကယ် အရေးယူပေးပါ

စာတည်းမှူးခင်ဗျား–

ဖြူးမြို့နယ် ဇေယျဝတီမြို့တွင် လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်များနှင့် ဂွန်ဒေါင်း ထော်လာဂျီများမှာ စည်းကမ်းမဲ့ မောင်းနှင်နေကြပါသည်။ နေ့စဉ်နှင့်အမျှ တိုက်ခိုက်မှုများ ရှိနေပါသည်။သို့ပါ၍ ပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းစွာသွားလာနိုင်ရေး အတွက် ရှင်းလင်းဆောင်ရွက်ပေးပါရန် တင်ပြ ပါသည်။ **မြို့သားတစ်ဦး။**

ကဏာန်းပုပ်နံ့ ပတ်ဝန်းကျင်မခံသာ

စာတည်းမှူးခင်ဗျား–

အင်းစိန်မြို့နယ် နံ့သာကုန်းရပ်ကွက် ရွှမ်းကုန်းလမ်းရှိ ခြံတစ်ခြံတွင် လုပ်ငန်းရှင်တစ်ဦးသည်ကဏာန်းများကို နိုင်ငံခြားသို့တင်ပို့သည့်လုပ်ငန်းလုပ်ကိုင်နေပါသည်။ ထိုလုပ်ငန်းမှထွက်သော အပုပ်နံ့များသည် ပတ်ဝန်းကျင်နေ ရပ်ကွက်ပြည်သူများ၏ ကျန်းမာရေးကိုထိခိုက်စေပါသည်။ သို့ပါ၍ သက်ဆိုင်ရာက စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြပါသည်။ **ကျန်းမာရေးထိခိုက်သူ။**

ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်ပေးပါ

စာတည်းမှူးခင်ဗျား–

ညောင်လေးပင်မြို့နယ် ပိန်းဇလုပ်ကျေးရွာအုပ်စုရှိ ဘူတာ (၁) လမ်း၊ မင်းလမ်း၊ ဦးမြတ်ထွန်းအောင်လမ်းနှင့် အချို့ရပ်ကွက်များတွင် ရေစီးရေလာ ကောင်းမွန်စေရေးအတွက် ရေနုတ်မြောင်းများ ရှိပါသည်။

ယခုအခါ ထိုရေနုတ်မြောင်းများကို နေအိမ်များက ပိတ်ဆို့ထားကြပြီး စည်းမဲ့ကမ်းမဲ့ အမှိုက်များ စွန့်ပစ်မှုများကြောင့် ရေမြောင်းများ ရေစီးရေလာ ပိတ်ဆို့ကာ ရေများဝပ်နေပါသည်။

သို့ပါ၍ လိုအပ်သလို ဆောင်ရွက်ပေးပါရန် စာတည်းမှူးမှတစ်ဆင့် တင်ပြပါသည်။

အမြင်မတော်သူတစ်ဦး။

လက်ထပ်မင်္ဂလာကျေးဇူးတင်လွှာ

မြစ်ကြီးနားမြို့နေ ဦးဝင်းမောင်နှင့်(ဒေါ်သောင်းသောင်းရင်)
တို့၏တစ်ဦးတည်းသောသား
ဗိုလ်ကြီးဥက္ကာ
B.Sc(D.S.A), D.C.Sc,M.A.Sc (Computer Engg:)
နှင့်
ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဓမ္မစိန္တာလမ်း၊ အမှတ်(၂၆)နေ
ဦးဝင်းထွင်(ပုသိမ်-မုန့်စက်ရုံ)နှင့်ဒေါ်မြမြဦး
တို့၏သမီးဦး
မစောစုမြိုင် B.Sc(Zoology)

တို့၏ ၂၉-၆-၂၀၀၃ရက် Yuzana Garden Hotel၌ ကျင်းပသော မင်္ဂလာဧည့်ခံပွဲတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးသောအမှတ်(၂)စစ်ဒေသမှူး၊ ရန်ကုန်တပ်နယ်မှူး၊ တပ်မတော်မှတ်တမ်းရုံးတပ်မှူး ဗိုလ်မှူးချုပ်မျိုးမြင့်နှင့်ဇနီး ဒေါက်တာဒေါ်သီသီအေး(ဌာနမှူး-ရောဂါရှာဖွေရေးဌာန၊ ဗဟိုအမျိုးသမီးဆေးရုံကြီး)အားလည်းကောင်း၊ မင်္ဂလာလက်ထပ်လက်စွပ်ဆင်မြန်းပေးသော ဗိုလ်မှူးကြီး ဝင်းနောင်နှင့်ဇနီး ဒေါ်လဲ့လဲ့သွင်အားလည်းကောင်း၊ မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးသော ရှေ့နေချုပ်ရုံး ညွှန်ကြားရေးမှူး ဒေါ်ကျင်စန်းအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ်ဆောင်ရွက်ပေးသော ဦးသိန်းလှမော်၊ မင်္ဂလာအခါတော်ပေးသီဆိုပေးသော တေးသံရှင် ရတနာဦးအားလည်းကောင်း၊ တေးသံသာဖြင့် ဖျော်ဖြေပေးသော Evening Star တေးဂီတအဖွဲ့အားလည်းကောင်း၊ မိတ်ကပ်အလှပြင်ပေးသော အောင်အောင် (တောင်ကြီး)နှင့်အဖွဲ့၊ ဗီဒီယိုဓာတ်ပုံဖြင့် မှတ်တမ်းတင်ပေးသော စိုင်းဘုန်းထူးနှင့်အဖွဲ့၊ ဓာတ်ပုံဝါဝါဝင်း (ပတ္တမြား)နှင့်အဖွဲ့အားလည်းကောင်း၊ မင်္ဂလာပန်းကြဲပေးသော မအေးမြသီတာ၊ မင်္ဂလာအောင်စံပယ် ပန်းကုံးကိုင်ဆောင်ပေးသော မအိရွှေဇင်၊ လက်ထပ်လက်စွပ်ကိုင်ဆောင်ပေးသော မအေးမြတ်နွယ်အားလည်းကောင်း၊ သတို့သားအရံ ဗိုလ်ကြီးကိုကိုမောင်နှင့် ဗိုလ်ကြီးမျိုးထွဋ်ဝင်း၊ သတို့သမီးအရံ မမျိုးမြတ်စန္ဒီနှင့် မဆွေဆွေငြိမ်းတို့အားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်အားပေးကြသော တပ်မတော်အရာရှိကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများအားလည်းကောင်း၊ ဂုဏ်သရေရှိလူကြီးမင်းများ၊ နှစ်ဖက်သောမိဘဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာညစာစားပွဲ ဖြစ်မြောက်ရေးအတွက် ကူညီပံ့ပိုးပေးသော ကောင်းဟိန်းစားသောက်ဆိုင်မိသားစု (ပုဇွန်တောင်)အားလည်းကောင်း၊ မင်္ဂလာပွဲ ဖြစ်မြောက်အောင်မြင်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသူများအားလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်ဗိုလ်ကြီးဥက္ကာ-မစောစုမြိုင်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သတ္တုတွင်းဝန်ကြီးဌာန
မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း
သတင်းကြေညာချက်
ရန်ကုန်မြို့၊ ၁၃၆၅ခုနှစ်၊ နယုန်လပြည့်ကျော် ၅ရက်
(၂၀၀၃ခုနှစ်၊ ဇွန်လ ၁၉ရက်)

၁။ နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲကို ၂၀၀၃ခုနှစ်၊ အောက်တိုဘာလတွင် ကျင်းပမည်ဖြစ်၍ ရတနာပြပွဲတွင် ကျောက်မျက်ရတနာများ တင်ပြရောင်းချလိုသူများသည် ၂၀၀၃ခုနှစ်၊ ဇွန်လ(၂၄)ရက်မှ ဩဂုတ်လ(၃၁)ရက်အတွင်း မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)နှင့်ဆက်သွယ်၍ ကျောက်မျက်ရတနာများစစ်ဆေးခြင်း၊ အခြေခံရောင်းဈေးညှိနှိုင်းသတ်မှတ်ခြင်းများကို ဆောင်ရွက်နိုင်ပါသည်။

၂။ နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် တင်ပြရောင်းချမည့် ကျောက်မျက်ရတနာများအား မိမိတို့အစီအစဉ်ဖြင့် မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)သို့သယ်ဆောင်ရာတွင် အခက်အခဲရှိပါက မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်) ရန်ကုန်မြို့၊ ကျောက်မျက်တူးဖော်ရေးဌာန(မိုးကုတ်)၊ ကျောက်စိမ်းတူးဖော်ရေးဌာန(လုံးခင်း)၊ ရှေ့တန်းမြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းမိုင်းရှူး/လွိုင်ဆောင်ထောက်နှင့် မန္တလေး၊ မြစ်ကြီးနား၊ ခန္တီးမြို့များတွင် အခြေပြုသည့် စခန်းရုံးများနှင့် ဆက်သွယ်စုံစမ်းဆောင်ရွက်နိုင်သည်။

၃။ ၎င်းအပြင် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသည် နိုင်ငံတော်အကျိုး၊ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအကျိုးအတွက် ရတနာပြပွဲများမကျင်းပသည့်ကြားကာလများတွင် ကျောက်မျက်ရတနာများ ရောင်းဝယ်ခြင်းဆောင်ရွက်သည့် ဂိုတီစီစနစ်ဖြင့် ပုဂ္ဂလိကပိုင် ကျောက်မျက်ရတနာများရောင်းဝယ်ခြင်းနှင့် ပြည်ပတင်ပို့ခြင်းများကို သက်ဆိုင်ရာလုပ်ငန်း/ဌာနများနှင့် ပူးပေါင်းညှိနှိုင်း၍ သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်လျက်ရှိပါသည်။ သို့ဖြစ်၍ ဂိုတီစီစနစ်ဖြင့် ကျောက်မျက်ရတနာများ ရောင်းချလိုသည့် ကျောက်မျက် ရတနာလုပ်ငန်းရှင်များအနေဖြင့် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)နှင့် ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဦးဆောင်ညွှန်ကြားရေးမှူး
မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း။

အမည်ပြောင်းခြင်း

ဦးသန်းရွှေ၏သားများဖြစ်ကြသော ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးကျောင်း ဆဋ္ဌမတန်း(B)မှ မောင်ကျော်သက်ထွန်းအား ကျော်ကျော်ထွန်းဟုလည်းကောင်း၊ စတုတ္ထတန်း(G)မှ မောင်အောင်လိုင်ထွဋ်အား ကျော်လိုင်ထွဋ်ဟုလည်းကောင်း ယနေ့မှစ၍ ပြောင်းလဲခေါ်ဆိုပါရန်။

မောင်ကျော်ကျော်ထွန်း
မောင်ကျော်လိုင်ထွဋ်။

အမည်ပြောင်းခြင်း

ဦးသန်းထွန်းဦး၏သမီး အထက(၂) ပုဇွန်တောင် တတိယတန်းမှ မအေဥ္စလီအား မမေသူသူခိုင်ဟု အမည်ပြောင်းလဲခေါ်ပါရန်။

မမေသူသူခိုင်။

ဖခင်အမည်မှန်

သဃ်န်းကျွန်းမြို့နယ်၊ အထက(၄) ဒသမတန်း(A)မှ မမိုးမိုးအေး၏ ဖခင်အမည်မှန်သည် ဦးကျော်သိန်း (HLG-၀၀၄၀၁၀)ဖြစ်ပါကြောင်း။

ဦးကျော်သိန်း(HLG-၀၀၄၀၁၀)

အမည်ပြောင်းခြင်း

စစ်ကိုင်းတိုင်း၊ ချပ်သင်းမြို့၊ သာစည်ရပ်နေ(ဦးတင်အောင်ဝင်း)-ဒေါ်ခင်စန်းတင့်တို့၏သားမောင်ရာဇာအောင် (အထက-ချပ်သင်း)အား မောင်လှိုင်ဝင်းခန့်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်လှိုင်ဝင်းခန့်။**

အမည်ပြောင်းခြင်း

ဦးသက်ကိုကို၏သမီး အထက(၂) သန်လျင်၊ စတုတ္ထတန်း(B)မှ မယွန်းသက်စံကိုကိုအား မအိမ့်မျက်ခြယ်ဟု ပြောင်းလဲခေါ်ပါရန်။

မအိမ့်မျက်ခြယ်။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်တိုင်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၇ဘီ၊ မြေကွက်အမှတ် ၂၁၆ အေ ၏ တောင်ဘက်အကွက် ဧရိယာ (၀ဒသမ ၀၆၃)ဧကရှိ(အစိုးရမြေ)၊ အမှတ်၉၆၊ အထက်ပုဇွန်တောင်လမ်း၊ တောင်လုံးပြန်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်ဟု ခေါ်တွင်သော မြေကွက်ကို ဒုတိယဗိုလ်မှူးကြီး သန်းမြင့်(ငြိမ်း)+၅ အား မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ နှစ်(၆၀)မြေငှားစာချုပ် ထုတ်ပေးမည်ဖြစ်ပါ၍ ကန့်ကွက်ရန်ရှိပါက ကြော်ငြာသည့်နေ့မှစ၍ (နှစ်ပတ်အတွင်း)ဤဌာနသို့လာရောက်၍ သက်ဆိုင်ရာ စာရွက်စာတမ်း အထောက်အထားများ တင်ပြ၍ ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန
ဗိုလ်ချုပ်အောင်ဆန်းလမ်း၊
ရန်ကုန်မြို့။

ဘားအံမြို့နယ်အသင်း(ရန်ကုန်)ဖွဲ့စည်းရန်ထပ်မံနှိုးဆော်ခြင်း

ဘားအံမြို့နယ်အသင်း(ရန်ကုန်)ဖွဲ့စည်းရန်ရှိပါသဖြင့် ရန်ကုန်မြို့နှင့်အဝေးရောက်ဘားအံမြို့နယ်သူ၊ မြို့နယ်သားများ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များထံ တစ်နည်းနည်းဖြင့် ဆက်သွယ်ကြပါရန် ထပ်မံနှိုးဆော်အပ်ပါသည်။

၁။ ဆရာဦးလွန်းဟန် ၂၉၀၄၈၀	၁၃။ ဦးစောလှချစ် ၅၀၀၅၀၀
၂။ ဗိုလ်မှူးအောင်ဆန်း(ရေ/ငြိမ်း) ၂၀၁၄၂၀	၁၄။ ဦးကြည်ဝင်း ၅၇၉၂၉၁
၃။ ဗိုလ်ကြီးစောလှထွန်းမြိုင်(ငြိမ်း) ၃၇၀၈၉၇	၁၅။ ဒေါ်ခင်ဝင်း ၅၃၇၁၂၇
၄။ ဦးစောတင်ဝင်း ၅၇၉၄၀၆	၁၆။ ဒေါ်စောစောဝင်း ၂၂၄၉၄၇
၅။ ဦးအောင်ကျော်ဦး ၀၉ ၅၀ ၁၆၉၂၂	၁၇။ ဦးကျော်ညွန့် ၀၉ ၅၀ ၁၈၃၃၅
၆။ ဦးတင်မောင်ဝင်း ၂၂၉၅၆၉	၁၈။ ဦးမောင်လှ ၅၄၁၂၉၂
၇။ ဦးသန်းရွှေ ၅၄၈၂၀၉	၁၉။ ဦးလှထွန်း ၅၄၁၃၂၁
၈။ ဒေါက်တာဉာဏ်သိန်း ၀၉၅၀၁၀၁၄၃	၂၀။ ဒေါ်အေးသန်း ၅၆၆၆၅၈
၉။ ဒေါ်သီတာအေး ၅၆၀၅၄၇	၂၁။ ဒေါ်ခင်လေး(ဒေါ်မီရင်း)၇၀၆၀၁၄
၁၀။ ဦးစံလှအေး ၀၉ ၅၀ ၁၄၆၄၂	၂၂။ ဒေါက်တာခင်ဝင်းကြူ ၅၂၆၄၀၉
၁၁။ ဦးတင်စိုး ၆၅၁၅၆၅	၂၃။ ဦးချစ်ဖေ ၅၇၈၇၄၄
၁၂။ ဒေါ်နန်းတင်တင်ဝေ ၂၈၇၂၅၂	၂၄။ ဒေါ်မီးမီး ၂၄၅၅၆၂

ဖြစ်မြောက်ရေးအဖွဲ့။

ခေတ္တစပ်ကြောင်းလမ်းပြီးစီးခြင်း

မန္တလေးမြို့၊ အမရဌာနီအနောက်ပွဲစားဝင်းနေ
ဦးတင်လှိုင်-(ဒေါ်တင်ငွေ)တို့၏သား
မောင်သိန်းဇော်
(သိန်းဇော်လေအေးစက်၊ ရေခဲသေတ္တာ၊ ကားလေအေးစက်ပြုပြင်ရေး)
နှင့်
ရှမ်းပြည်နယ်မြောက်ပိုင်း၊ သီပေါမြို့၊ ပန်းထိမ်တောင်ရပ်နေ
ဦးစိန်ဝင်း(ကျန်းမာရေးဦးစီးဌာန)-ဒေါ်နန်းကြင်ရွှေ
(ကုန်သွယ်လယ်ယာ)တို့၏သမီး၊ ဦးစိုင်းအောင်ရွှေဦး-
ဒေါ်နန်းမိမိအောင်၊ ကျိုင်းတုံမြို့၊ နောင်တုန်ရပ်နေ
ဦးစိုင်းနေဝင်းကိုကို-ဒေါ်နန်းယုံ(အိမ်တွင်းမှုကျောင်းအုပ်)
တို့၏ညီမ
မနန်းခင်ဆင့်လှိုင်း (ခ) မိဆိုး

တို့သည် ၂၇-၆-၂၀၀၃နေ့တွင် သီပေါမြို့နေအိမ်၌ နှစ်ဖက်သောမိဘဆွေမျိုးများနှင့် ဂုဏ်သရေရှိ လူကြီးများရှေ့မှောက်တွင် ခေတ္တစပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်သိန်းဇော်-နန်းခင်ဆင့်လှိုင်း။

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံး ကိုဒဥပဒေအမိန့်-၅၊ နည်းဥပဒေ ၁ နှင့် ၅)
မကွေးမြို့နယ်တရားမရုံး၌
၂၀၀၃ခုနှစ် တရားမကြီးအမှုအမှတ်-၉

ဦးကံထွန်း **နှင့်** ဦးစန်းနိုင်(ခ)ဦးစန်းလှိုင်(ယခုလိပ်စာမသိ)
(ယခင်) ပတ္တမြားလမ်း (၁)ရပ်
ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်း။

တရားလို **တရားခံ**

ဦးစန်းနိုင်(ခ)ဦးစန်းလှိုင်(ဆောက်လုပ်ရေးကန်ထရိုက်) (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ ဦးကံထွန်းက ကုန်ဖိုးကြွေးကျန် ကျပ်၄၈၂၆၆၀/-ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရှုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၀၃ခုနှစ် ဇူလိုင်လ ၁၃ရက်(၁၃၆၅ခုနှစ် ဝါဆိုလဆန်း ၁၃ရက်)နေ့ မွန်းမတည့်မီ ၁၀နာရီအချိန်တွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုကကြည့်ရှုလိုသည်များနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၀၃ခုနှစ် ဇွန်လ ၂၃ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဒေါ်မြအေး(တ/၂၂၅၆)
တွဲဖက်မြို့နယ်တရားသူကြီး
မကွေးမြို့နယ်တရားရုံး။

ကုန်အမှတ်တံဆိပ်သတိပေးချက်

ဆွစ်ဇာလန်နိုင်ငံ၊ နီချာတဲလ်၂၀၀၀၊ကွေး ဂျွန်ရေးနောက်(ဒ်)၃၊ (Quai Jeanrenaud 3, 2000 Neuchatel, Switzerland)တွင် ဆွစ်ဇာလန်တရားဥပဒေနှင့်အညီ တည်ထောင်ထားသော ဖီးလစ်မော်ရစ် ပရော့ဒက်(စ်) အက်(စ်)အေ (Philip Morris Product S.A)သည် ထုတ်လုပ်ခြင်းနှင့် ကုန်သွယ်မှုပြုခြင်းများကို ပြုလုပ်၍ အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်၏ တစ်ဦးတည်းအကြွင်းမဲ့ ပိုင်ရှင်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

(မှတ်ပုံတင်အမှတ် ၄/၁၅၈၉/၂၀၀၁)(မှတ်ပုံတင်အမှတ်၄/၁၈၈၀/၂၀၀၃)

(မှတ်ပုံတင်အမှတ် ၄/၁၅၉၂/၂၀၀၁)(မှတ်ပုံတင်အမှတ်၄/၁၈၈၂/၂၀၀၃)

(မှတ်ပုံတင်အမှတ် ၄/၁၅၉၇/၂၀၀၁)(မှတ်ပုံတင်အမှတ်၄/၁၈၈၃/၂၀၀၃)

အထက်ပါကုန်အမှတ်တံဆိပ်(၃)ခုကို
"စီးကရက်များ"နှင့်စပ်လျဉ်း၍ အသုံးပြုလျက်ရှိပါသည်။

BLUE & WHITE

(မှတ်ပုံတင်အမှတ် ၄/၁၅၉၅/၂၀၀၁)(မှတ်ပုံတင်အမှတ်၄/၁၈၈၁/၂၀၀၃)

RED & WHITE

(မှတ်ပုံတင်အမှတ် ၄/၁၅၇၂/၂၀၀၁)(မှတ်ပုံတင်အမှတ်၄/၁၈၈၄/၂၀၀၃)

VISCOUNT

(မှတ်ပုံတင်အမှတ် ၄/၁၅၇၈/၂၀၀၁)(မှတ်ပုံတင်အမှတ်၄/၁၈၈၇/၂၀၀၃)

အထက်ပါကုန်အမှတ်တံဆိပ်(၃)ခုကို
"ဆေးရွက်ကြီး ကုန်ကြမ်း(သို့)ပြုပြင်ပြီး ဆေးကုန်ချောများ"တို့နှင့် စပ်လျဉ်း၍ အသုံးပြုလျက်ရှိပါသည်။

VIRGINIA SLIMS

(မှတ်ပုံတင်အမှတ် ၄/၁၅၈၀/၂၀၀၁)(မှတ်ပုံတင်အမှတ်၄/၁၈၈၆/၂၀၀၃)

SARATOGA

(မှတ်ပုံတင်အမှတ် ၄/၁၅၈၁/၂၀၀၁)(မှတ်ပုံတင်အမှတ်၄/၁၈၈၅/၂၀၀၃)

အထက်ပါကုန်အမှတ်တံဆိပ်(၂)ခုကို
"ဆေးရွက်ကြီး ကုန်ကြမ်း(သို့)ချော၊ ဆေးလိပ်သောက်ရာတွင် အသုံးပြုသော ပစ္စည်းများနှင့် မီးခြစ်များ"နှင့်စပ်လျဉ်း၍ အသုံးပြုလျက်ရှိပါသည်။

အထက်ပါကုန်အမှတ်တံဆိပ်များကို ပိုင်ရှင်၏ ခွင့်ပြုချက်မရရှိဘဲ အသုံးပြုခြင်း၊ သို့တည်းမဟုတ် ပိုင်ရှင်၏ ပိုင်ဆိုင်ခွင့်အဝဝများကို ကျူးလွန်ဖောက်ဖျက်ခြင်းများ တွေ့ရှိပါက ထိုသို့ ကျူးလွန်သူအား တရားဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း သတိပေးအပ်ပါသည်။

ဦးကြည်ဝင်း (ဝါဏိဇ္ဇ ဝိဇ္ဇာ၊ ဥပဒေ ဝိဇ္ဇာ)
(Philip Morris Product S.A)
၏ လွှဲအပ်ညွှန်ကြားချက်အရ
ဖုန်း-၃၇၂၄၁၆၊
စာတိုက်သေတ္တာ အမှတ်(၂၆)၊ ရန်ကုန်မြို့။
နေ့စွဲ ၃-၇-၂၀၀၃



MINN ANAWRAHTA GROUP CO., LTD

(PARAMI GROUP)

	Male	Female	Post
1. Supervisor (Any Graduate)	1	1	2
2. Assistant Supervisor (Any Graduate)	1	1	2
3. Junior Asst Supervisor	1	2	3

(25-B)

Modern Furniture

Yan Aung

Master Ace
85 (Model)

ရွှေတောင်ပြီး – ရွှေလီ

* တောင်ပြီး – ရွှေလီ (စား/ငြိမ်း – ၈ရက် ၄၅၀၀၀ိ/-)

* တောင်ပြီး – မုံရွာ၊ စစ်ကိုင်း (စား/ငြိမ်း – ၆ရက် ၃၀၀၀၀ိ/-)

၅-၈-၂၀၀၃ ညထွက်မည်။

ကိုနန္ဒ–အမှတ်(၁၅၀)၊ အနော်ရထာလမ်း၊ ၄၇–လမ်းထိပ်။ ဖုန်း–၀၁–၂၀၁၃၀၀၊ ၂၀၃၅၇၀။

ကျေးဇူးဆပ်ပါမည်

ကျွန်တော် ဝင်းထိန်၏ နိုင်ငံကူးလက်မှတ်စာအုပ်(၄၄၃၃၃၃) အိမ်ထောင်စုစာရင်း၊ မှတ်ပုံတင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါလိပ်စာအတိုင်းပေးပို့ပါရန်။

ဖုန်း–၅၃၅၄၈၈၊ ၆၉၉၈၁၄ အမှတ်(၆၆၉)၊ ဘုမ္မာ(၃)လမ်း၊ (၅)ရပ်ကွက်၊ မ/ဥက္ကလာပ။

ကျေးဇူးဆပ်ပါမည်

ကျွန်တော်သိန်းထိုက်၏ နိုင်ငံကူးလက်မှတ်စာအုပ်(၄၄၆၀၆၆) မှတ်ပုံတင်၊ အိမ်ထောင်စုစာရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါလိပ်စာအတိုင်း ပေးပို့ပါရန်။

ဖုန်း–၅၇၁၅၀၂ ၇၉(ဃ)၊ အနော်ရထာလမ်း၊ ကြီးပွားရေးရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်။

သက်ဆိုင်သူများ ကန့်ကွက်လိုက မြေပုံကူး(တစ်လ) အမည်ပြောင်း/ဂရန်(နှစ်ပတ်) အတွင်း ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

စဉ်	လျှောက်ထားသူ အမည်	မှတ်ပုံတင်	လိပ်စာ	လျှောက်ထားသည့် မြို့နယ်	မြေတိုင်း	မြေကွက်	မြေအမည်ပေါက်	လျှောက်ထားသည့် အကြောင်းအရာ
၁။	ဒေါ်စုစုဝင်း	၁၂/ကမရ (နိုင်) ၀၂၇၅၉၅	(၉၉–B)၊ ဓမ္မစေတီလမ်း၊ ကမာရွတ်	စမ်းချောင်း	၂၉ ဒီ	၄၇၅ B/၂–က	ဒေါ်ခင်စု + ၁	အမည်ပြောင်း
၂။	ဒေါ်မြင့်မြင့်သိန်း + ၁	၁၂/အလန (နိုင်) ၀၂၈၂၁၁	(၁၃)၊ နံ့သာလမ်း၊ ဌာနာရပ်ကွက်	အလုံ	၂၃ I	၁၁၃	ဒေါ်သန်းတင် + ၂	အမည်ပြောင်း
၃။	ဦးချို	၁၂/အလန (နိုင်) ၀၂၈၁၅၆	(၁၆)၊ နံ့သာလမ်း၊ ဌာနာရပ်ကွက်	အလုံ	၂၃ I	၁၅၃	ဦးအေးမောင်	အမည်ပြောင်း
၄။	ဒေါ်ရွှေမြ	၁၂/လသန (နိုင်) ၀၀၆၇၅၈	(၆၄)၊ ကမ်းနားလမ်း	လမ်းမတော်	၂၂ W²	V ၄၄ နှင့် ၄၆	မြို့တော်စည်ပင်သာယာရေး ကော်မတီ	အမည်ပြောင်း
၅။	တော့ရက်ကြီး(ခ)တင်တင်လှ	၁၂/လသန (နိုင်) ၀၀၇၃၆၉	(၆/A)၊ ရွှေတောင်ကြားရိပ်သာလမ်း၊ ဗဟန်း	ဗဟန်း	၃၆ ရေ	၉၅–စီ / ၆–အေ²	ဦးလှထွန်း	အမည်ပြောင်း
၆။	ဦးသန်းလွင်	၁၂/ဗဟန (နိုင်) ၀၀၉၂၈၆	(၂၆–ချ)၊ ရွှေတောင်ကြား(၁)လမ်း၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ ဗဟန်း	ဗဟန်း	၃၆ ရေ	၁၁၂ / ၄၅²	ဦးသူရိန် + ၁	အမည်ပြောင်း
၇။	ဒေါ်မြင့်မြင့်သိန်း	၇/ဒုခ (နိုင်) ၀၆၃၇၃၄	(၄၄၅)၊ (၁၄) ရပ်ကွက်၊ အင်းစိန်အရှေ့ပိုင်း	အင်းအရှေ့	၁၄	၄၄၅	ဒေါ်တင်အေး	ဂရန်သစ်
၈။	ဒေါ်အေးလတ်လတ်	၁၀/မဒန (နိုင်) ၀၀၆၂၂၂	(၁၂–ဒီ)၊ ရွှေတောင်ကြားလမ်း၊ ရွှေတောင်ကြား(၂)ရပ်ကွက်၊ ဗဟန်း	ဗဟန်း	၃၀ ဘီ	၄၀၃ B / ၁–A²	ဒေါ်မမမတင်	အမည်ပြောင်း
၉။	ဦးချစ်မောင်	MYA – ၀၁၈၆၈၀	တိုက်(၂၈)၊ အခန်း(၃၀၅)၊ မြိုင်တောစံအိမ်ယာ၊ မရမ်းကုန်း	အင်းစိန်	၇(A)	၄၂/က	ဦးစောစီလီ + ၁	ဂရန်စုံ
၁၀။	ဦးထင်ပေါ်	၁၂/တတတ (နိုင်) ၀၀၈၀၆၁	(၁/က)၊ ကံဘဲ့လမ်း၊ (၆)ရပ်ကွက်၊ ရန်ကင်း	ရန်ကင်း	၈၆ ကံဘဲ့	၂ A	မခင်ခင်တင့် + ၄	အမည်ပြောင်း
၁၁။	ဦးအရိန်း	၁၂/လမန (နည်) ၀၀၀၁၇၀	(၁၆၅)၊ (၄၀) ရပ်ကွက်၊ အုံမြောက်	အုံမြောက်	၄၀	၁၆၅	ဦးမြစိန်	ဂရန်သစ်
၁၂။	ဒေါ်ခင်ထားဦး	၁၀/ကထန (နိုင်) ၀၂၅၃၀၂	(၇)၊ ကျောက်မြောင်း၊ တာမွေ	အုံမြောက်	၃၆	၉၅၉	ဦးမင်းကျော်သူ	ဂရန်သစ်
၁၃။	ဒေါ်ခင်ထားဦး	၁၀/ကထန (နိုင်) ၀၂၅၃၀၂	(၇)၊ ကျောက်မြောင်း၊ တာမွေ	အုံမြောက်	၃၆	၉၆၀	ဒေါ်မြဝင်း	ဂရန်သစ်
၁၄။	ဒေါ်မလာလွင်	၁၃/တယန (နိုင်) ၀၁၄၉၅၉	(၁၅၀)၊ ဗညားဒလလမ်း၊ မင်္ဂလာတောင်ညွန့်	အုံမြောက်	၅၁	၁၁/၄၊ ၅၊ ၆၊ ၇၊ ၈	ဦးတင်ထွန်း	ဂရန်သစ်
၁၅။	ဒေါ်အုန်းရီမြင့် (ဘီးလစ်)	၁၄/ဗမန(နိုင်)၀၆၁၈၇၅	၄၇၊ ကျိတ်တန်းလမ်း	ကြည့်မြင်တိုင်	၂၆A²	V ၁၇၅	ဒေါ်စု	မြေပုံကူး
၁၆။	ဦးမြဝင်း + ၅	၁၂/စခန(နိုင်)၀၀၄၆၅၀	(၄၄)၊ ဇလွန်လမ်း	စမ်းချောင်း	၂၀C²	၁၀၄	ဦးယုံဆိုင်၊ ဒေါ်သန်း	မြေပုံကူး
၁၇။	ဒေါ်နို့ နွဲ့ဝင်း	၁၂/ကမရ(နိုင်)၀၃၅၇၅၁	၂၀၆၊ ၃၇ ရပ်ကွက်၊ အုံမြောက်	အုံမြောက်	၃၇	၂၀၆	ဦးလှသန်း	ဂရန်သစ်
၁၈။	ဦးသောင်း + ၂	၁၂/လမတ(နိုင်)၀၁၁၅၀၅	၁၁၉၊ ဘုန်းကြီးလမ်း	လမ်းမတော်	၂၀ဒိုင် ?	V – ၅၇	ဦးသောင်း + ၁	အမည်ပြောင်း
၁၉။	ဦးတင်မောင်(ခ)လီးခုရုံး	၁/ဝမန(နည်)၀၀၀၁၆၆	(၂၂၀/A)၊ သစ္စာလမ်း	ရန်ကင်း	၃၄ ကံဘဲ့	၁၀/ဃ²	ဒေါ်ခင်ခင်စု	အမည်ပြောင်း
၂၀။	ဒေါ်သန်းသန်းမြင့်	၁၂/လမတ(နိုင်)၀၂၃၀၀၅	(၃၃)၊ ဦးလူနီလမ်း	စမ်းချောင်း	၂၇A²	၇၂ ဘိတ်ချ်	ဦးအုန်းလွင်၊ ဒေါ်မြူ	အမည်ပြောင်း
၂၁။	ဦးသောင်းဝင်း	၁၂/စခန(နိုင်)၀၂၉၀၃၆	(၂၆)၊ ဓမ္မလမ်း၊ စမ်းချောင်း	စမ်းချောင်း	၂၇B	၃၄Y /၁	ဦးသောင်းဝင်း + ၁	အမည်ပြောင်း

ဌာနမှူး မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ရောင်းမည်

အသုံးပြုနေသော ကွန်ပျူတာများ အမြန်ရောင်းမည်။

No(108)၊ (၃၈)လမ်း၊ ကျောက်တံတား။

ကျေးဇူးဆပ်ပါမည်

ကျွန်တော်မိုးကြည်၏ နိုင်ငံကူးလက်မှတ်စာအုပ်(၄၁၀၈၇၅) မှတ်ပုံတင်၊ အိမ်ထောင်စုစာရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါလိပ်စာအတိုင်း ပို့ပေးပါရန်။

ဖုန်း–၅၇၁၅၀၂ ၇၉(ဃ)၊ အနော်ရထာလမ်း၊ ကြီးပွားရေးရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်။

ကန့်ကွက်နိုင်ပါသည်

က/၅၀၁၅ နှင့် က/၅၀၅၅ လက်ဝယ်ပိုင်ဆိုင်သူ ဦးမြင့်သိန်း[၉/မထလ(နိုင်)၁၁၈၆၇၃]က အမည်ပြောင်း လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာတွင် ပါသည့်ရက်မှ (၁၅)ရက်အတွင်း ကညန၊ ခရိုင်ရုံး မိတ္ထီလာသို့ ဆက်သွယ် ကန့်ကွက်နိုင်ပါကြောင်း။

ကညန၊ (ခရိုင်ရုံး)မိတ္ထီလာမြို့။

အလိုရှိသည်

(ပြည်တွင်း၌သာခန့်ထားရန်)

၁။ Business Development Manager **ကျား/မ (၁) ဦး**
(စီးပွားရေးဘွဲ့တစ်ခုခု)

၂။ Management Trainees **ကျား/မ (၁၀) ဦး**
မကြာမီက Business Admin, Marketing, Finance, Engineering and Human Resources ဘွဲ့ / ဒီပလိုမာရရှိပြီး အသက်(၃၅)နှစ်အောက်၊ ကွန်ပျူတာတတ်ကျွမ်းသူများကို ဦးစားပေးမည်။
(ဘာသာရပ်တစ်ခုလျှင် နှစ်ဦးစီ)

၃။ Sales Supervisor **ကျား/မ (၃) ဦး**
ဘွဲ့တစ်ခုခုရရှိရမည်။ အစားအစာနှင့်အချိုရည်လုပ်ငန်း အတွေ့အကြုံ (၅)နှစ်ရှိပြီး အသက်(၃၅)နှစ်အောက်ဖြစ်ရမည်။

၄။ Salesman **ကျား (၁၂) ဦး**
(၁၀)တန်းအောင်၊ ယာဉ်မောင်းလိုင်စင်သက်တမ်း အနည်းဆုံး (၃)နှစ်၊ အသက်(၃၅)နှစ်အောက်။

၅။ Accountant **ကျား/မ (၄) ဦး**
B.Com/ LCCI (III)၊ အသက်(၃၅)နှစ်အောက်။

၆။ Branch Cashier / Accountant **ကျား/မ (၁) ဦး**
B.Com/ B.Sc၊ အသက်(၃၅)နှစ်အောက်။

၇။ Production Manager **ကျား/မ (၃) ဦး**
B.E(M.P)

၈။ Maintenance Engineer **ကျား (၄) ဦး**
B.E(M.P)

၉။ Electrical Engineer **ကျား (၂) ဦး**
B.E(E.P)

၁၀။ Fleet Manager **ကျား (၃) ဦး**
B.E(M.P) / (Auto)

၁၁။ Q.C Manager **ကျား/မ (၁) ဦး**
B.Sc / M.Sc (Chemistry)

အမှတ်စဉ် (၁)နှင့်(၇)မှ (၁၁)အထိ ရာထူးများအတွက် ဆိုင်ရာဘာသာရပ်တွင် အနည်းဆုံးလုပ်ငန်းအတွေ့အကြုံ(၅)နှစ်ရှိပြီး အသက်(၄၅)နှစ်အောက်ရှိရမည်။

၁၂။ Quality Control Crew **ကျား (၅) ဦး**
B.Sc(Chemistry) ၊ အသက်(၃၅)နှစ်အောက်။

အထက်ပါအရည်အချင်းနှင့် ပြည့်စုံသူများသည် ဤကြော်ငြာပါသည့်နေ့မှစ၍ နှစ်ပတ်အတွင်း ကိုယ်ရေးမှတ်တမ်း၊ ဓာတ်ပုံနှစ်ပုံ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ရပ်ကွက်နှင့် ရဲစခန်းထောက်ခံစာ၊ ပညာအရည်အချင်းထောက်ခံစာမိတ္တူနှင့် လိုအပ်သောစာရွက်စာတမ်းများ ပူးတွဲလျက် M.G.S Beverages Co., Ltd. အမှတ်(၇/၈)၊ ဗဟိုစည်ရိပ်သာ၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့သို့ ပေးပို့လျှောက်ထားနိုင်ပါသည်။

---

12 July.
Hotel, Restaurant, AC Bus ......6 Aug.
Ph: 378547, 254250

THREE STAR

AIR-CON ရေခဲသေတ္တာ
တပ်ဆင်၊ ပြုပြင်၊ ရောင်းဝယ်ရေး
အိမ်အရောက် ဆောင်ရွက်ပေးသည်။
Ph: 705784
ဇီဇဝါအဆင့်မြင့်အိမ်ရာ(၂)၊ မြင်သာဈေးအနီး၊
သံသုမာလမ်း၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး၊ သယ်ယူပို့ဆောင်ရေးဌာနရှိ ပြုပြင်သုံးစွဲမရတော့သည့်လုပ်ငန်းသုံးပစ္စည်းများ၊ စက်အပိုပစ္စည်းများ၊ သံတိုသံစများကို တင်ဒါစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်။
၂။ တင်ဒါပေးသွင်းမှုကို ၁၇-၇-၂၀၀၃ရက် ၁၇:၀၀နာရီတိတိတွင် ပိတ်မည်ဖြစ်ပါသည်။
၃။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး(သယ်ယူပို့ဆောင်ရေးဌာန)ဖုန်း-၂၄၆၃၃၈၊ ၂၄၆၃၄၀၊ ၂၅၀၁၃၆၊ ၂၄၆၃၃၂တွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့။

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်နှင်းဝေ အသက်(၇၆)နှစ်

အငြိမ်းစားဆရာမကြီး အထက(၂)၊ မန္တလေးမြို့

သူငယ်ချင်း ထွန်းလင်းအောင် (95/96, YIT, BE Mechanical) (ခေတ္တ-U.S.A)၏မိခင် ဒေါ်နှင်းဝေ ၂၉-၆-၂၀၀၃နေ့တွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်ထပ်တူဝမ်းနည်းကြေကွဲရပါကြောင်း။

မျိုးသန့်၊ နေထွန်းဝင်း၊ ရှောက်ပိန်၊ ပေါက်ကြီး၊ ဘိုတော၊ မင်းမင်း၊ ကျော်စွာ၊ အောင်အောင်၊ ဂျာလီ၊ မျိုးမြင့်ဝင်း၊ ခိုင်လင်း၊ စန်းဝင်း၊ သိန်းမင်းဆွေ။

ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံးကိုဒ်ဥပဒေအမိန့်-၂၁၊ နည်း-၆၆)
ရန်ကုန်တိုင်းတရားရုံး
၂၀၀၃ခုနှစ်၊ တရားမဇာရီမှုအမှတ်-၆၈

ဒေါ်တင်ရွှေ	**နှင့် ဦးလှိုင်စိန်(ခ)ဦးမိုး**
အမှတ်-၉၉၈၊ မိဂသီ(၁၈)လမ်း၊ ၁၂ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ရန်ကုန်မြို့။	အမှတ်-၅၁၁/ခ၊ ၁၃လမ်း ၁၁ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
တရားနိုင်	**တရားရှုံး**

ရန်ကုန်တိုင်းတရားရုံး၊ တရားမကြီးမှုအမှတ်-၂၄၄/၂၀၀၂တွင် ၂၉-၁-၂၀၀၃ရက်နေ့စွဲပါ အနိုင်ဒီကရီကို အတည်ပြုဆောင်ရွက်နိုင်ရန်အတွက် အောက်ပါပစ္စည်းများကို ၂၀၀၃ခုနှစ် ဩဂုတ်လ(၁၁)ရက်နေ့ နံနက်(၁၀)နာရီတွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။ ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်ကိုယ်စားလှယ်အဖြစ်သော်လည်းကောင်း၊ လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

လေလံတင်ရောင်းချမည့်စည်းကမ်းချက်များ

၁။ ပစ္စည်းစာရင်းတွင် ဖော်ပြထားသော အချက်အလက်များမှာ တရားနိုင်က တရားရုံးထံမှ သိရှိရသမျှ တရားရုံးသို့ တင်ပြချက်အရဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်း တစ်ခုခုတို့ပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူမည်မဟုတ်ပါ။
၂။ လေလံတင်ရောင်းချသည့်စနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်ပါသည်။
၃။ ဈေးနှုန်းအမြင့်ဆုံးပေးဝယ်သူအား လေလံဆွဲဝယ်ယူသူအဖြစ်သတ်မှတ်မည်။ သို့သော်အမြင့်ဆုံးပေးသည့်ဈေးနှုန်းမှာ ရောင်းချသည့်ပစ္စည်းအတွက် လက်ခံရန်မသင့်ကြောင်းရောင်းချသူအရာရှိက ထင်မြင်လျှင်လက်မခံဘဲ ငြင်းပယ်ပိုင်ခွင့်ရှိသည်။
၄။ လေလံတင်ရောင်းပြီး မရွှေ့မပြောင်းနိုင်သောပစ္စည်းအတွက် လေလံဆွဲဝယ်ယူသူက ငွေကျပ်၁၀၀လျှင် ၂၅ကျပ်ကို လေလံဆွဲဝယ်ယူပြီးသည်နှင့်တစ်ပြိုင်နက် နေ့ချင်းပေးသွင်းရမည်။ ထိုသို့ပေးသွင်းခြင်းမပြုလျှင် တစ်ဖန်ပြန်လည်လေလံရောင်းချလိမ့်မည်။
၅။ လေလံဝယ်ယူသူများသည် ရောင်းချသည့်အရာရှိက သတ်မှတ်ထားသည့်စပေါ်ကို တင်သွင်းမှသာ လေလံဆွဲဝယ်ယူခွင့်ရရှိမည်။
၆။ လေလံတင်ရောင်းချခြင်းကို ရောင်းချသူအရာရှိက ရွှေ့ပြောင်းဆောင်ရွက်ခွင့်ရှိသည်။
၇။ လေလံဆွဲဝယ်ယူရရှိသူသည်(၂၅)ရာခိုင်နှုန်း နေ့ချင်းပေးသွင်းပြီးနောက် ကျန်ငွေများကို လေလံတင်ရောင်းချသည့်နေ့ကိုပယ်၍ (၁၅)ရက်မြောက်သည့်နေ့တွင် တရားရုံးသို့ အပြေအလည်ပေးသွင်းရမည်။
၈။ လေလံကျန်ငွေများကို အထက်ပါနေ့ရက်များတွင် ပေးသွင်းဆောင်ရွက်ရန် ပျက်ကွက်ပါက ပစ္စည်းကိုတစ်ဖန်လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းထားသည့်လေလံငွေများကို ဘဏ္ဍာအဖြစ်သိမ်းဆည်းခြင်းခံရမည်။
၉။ လေလံဆွဲဝယ်ယူရရှိသူအား ရုံးတော်မှလေလံတင်ရောင်းချသည့်ပစ္စည်းကို လက်ရောက်ပေးအပ်မည်။

၂၀၀၃ခုနှစ် ဇွန်လ(၃၀)ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ လေလံတင်ရောင်းချရန် ကြော်ငြာကို ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

အောင်ဝင်း
တွဲဖက်တိုင်းတရားသူကြီး(၉)
ရန်ကုန်တိုင်းတရားရုံး။

လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း

(က)မရွှေ့မပြောင်းနိုင်သောပစ္စည်း-ရန်ကုန်တိုင်း၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၁၊ မြေကွက်အမှတ်-၅၁၁/ခ ဂရန်မြေကွက် (ပေ၂၀xပေ၆၀)မြေပေါ်ရှိ ဆောက်လုပ်ထားသော(၃)ပင်(၂)ခန်း၊ ပျဉ်ခင်း၊ ထရံကာ၊ သွပ်မိုးတစ်ထပ်အိမ်အဆောက်အအုံ၊ အမှတ်-၅၁၁/ခ၊ ၁၃လမ်း (၁၁)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊
ကြမ်းခင်းဈေးတန်ဖိုး ကျပ်(၄၅)သိန်း (၄၅၀၀၀၀၀ိ/-)
(ခ)ရွှေ့ပြောင်းနိုင်သောပစ္စည်းစာရင်း
(၁) ဗီရို(၂)လုံး၊ တစ်လုံးလျှင်၁၅၀၀၀ိ/-နှုန်းဖြင့်(၂)လုံးပေါင်း၃၀၀၀၀ိ/-
(၂) စားပွဲကုလားထိုင်(၁)စုံ၊ ၂၀၀၀၀ိ/-ကျပ်
(၃) ရေဒီယို(၁)လုံး-၅၀၀၀ိ/-ကျပ်
(၄) စက်ဘီး(၁)စီး ၃၀၀၀၀ိ/-ကျပ်
(၅) အိုးခွက်၊ ပန်းကန် ၁၅၀၀၀ိ/-ကျပ်

ကြမ်းခင်းဈေးတန်ဖိုး-၁၀၀၀၀၀ိ/-

အမည်ပြောင်းခြင်း

ဦးအောင်သိန်း-ဒေါ်သန်းသန်းနိုင်တို့၏သမီး မချောစုဇော် (ပဉ္စမတန်း၊ မြန်အောင်၊ အထက)အား ယနေ့မှစ၍ မယမင်းအောင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

မယမင်းအောင်။

ကျေးဇူးဆပ်ပါမည်

ကျွန်တော် မောင်အောင်ညီညီ၏ နိုင်ငံကူးလက်မှတ်အမှတ် (PP-371627)မှာ ပျောက်ဆုံးသွားပါ၍ တွေ့ရှိက အကြောင်းကြားပါ။ **တိုက်(၆)၊ အခန်း(၂၃)၊ ရွှေဂုံရိပ်မွန်အိမ်ရာ၊ ကိုယ့်မင်းကိုယ့်ချင်းလမ်း၊ ဗဟန်းမြို့နယ်။**

ဝန်ထမ်းအလိုရှိသည်

(ပြည်တွင်း၌သာခန့်ထားရန်)

ရန်ကုန်ဂေါက်အသင်းရုံးအဖွဲ့တွင် တာဝန်ထမ်းဆောင်ရန်အတွက် ငွေစာရင်း ဝန်ထမ်း(၂)ဦး၊ Club House ဝန်ထမ်း(၂)ဦး၊ စုစုပေါင်း ဝန်ထမ်း (၄)ဦး အလိုရှိပါသည်။ ငွေစာရင်းဌာနအတွက် B.Com;/ R.A/D.A/CPA/LCCI ဘွဲ့ရသူများနှင့် အတွေ့အကြုံ ရှိသူများကို ဦးစားပေးမည်။ လုပ်ငန်းကျွမ်းကျင်မှုနှင့် အတွေ့အကြုံအပေါ်မူတည်ပြီး လစာကို သတ်မှတ်မည်။

လျှောက်ထားလိုသူများသည် အလုပ်သမားမှတ်ပုံတင် မိတ္တူ၊ ဘွဲ့ရလက်မှတ်မိတ္တူများ၊ အထောက်အထား အပြည့်အစုံကို ပူးတွဲပြီး ၂၅-၇-၂၀၀၃နေ့ နောက်ဆုံးထားပြီး (အထွေထွေမန်နေဂျာ၊ ရန်ကုန်ဂေါက်အသင်း)ထံသို့ လိပ်မူပြီး လျှောက်ထားနိုင်သည်။

အမြန်ရောင်းမည်

(ညှိနှိုင်းဈေး)

ပိုင်ရှင်ကိုယ်တိုင်
ရွှေဂုံတိုင်၊ စာတိုက်ကုန်း၊
ယုဇနတာဝါ၊ (၁၄)လွှာ၊
အကျယ် (1815)sqft ၊
Hall Type.
Tel: 707372, 707373, 662191.

ဦးသာခိုးအောင်(စစ်တွေ)

အငြိမ်းစားမြို့ပိုင်ကြီး

အသက်(၉၅)နှစ်

စစ်တွေမြို့ ဘောင်းဒွတ်သားစုရပ်နေ (ဦးသာထွန်းဦး-ဒေါ်နှင်းဆီဦး)တို့၏သား၊(ဦးနီထွန်းအောင်-ဒေါ်လှမြညို)တို့၏သားမက်၊ (ဦးဦးရွှေသာ-တိုင်းစိုက်ပျိုးရေးဝန်)၏ညီ၊(ဒေါ်မစိန်)၊ (ဒေါ်မပု)၊ (ဒေါ်မကျော့)၊ (ဒေါ်စိန်သာ)တို့၏မောင်၊ (ဒေါ်စောနု)၊ (ဦးစောလှ)၊ ဒုတိယဗိုလ်မှူးကြီးဒေါက်တာအောင်ဖံ (ငြိမ်း)၊ (ဒေါ်နော်နော်-ဆရာမ)၊ (ဒေါ်အိမ်စိုး-စာတိုက်မှူး)တို့၏အစ်ကိုသည် ၁-၇-၂၀၀၃ရက် နံနက် ၀၁:၃၅ နာရီတွင် ကွယ်လွန်ပါသဖြင့် ၃-၇-၂၀၀၃(ကြာသပတေး)နေ့ မွန်းလွဲ ၁ နာရီတွင် စစ်တွေမြို့၊ အာကျိပ်တော်ကုန်းသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်ဖြစ်ကြောင်း။

ကျန်ရစ်သူညီငယ်။

ဦးကျော်အောင်

(ကျုံတာရွာ)

ဗဟိုသုတေသန(ငြိမ်း)

အသက်(၆၃)နှစ်

ရန်ကုန်တိုင်း၊ တောင်ဥက္ကလာပမြို့နယ်(၇)ရပ်ကွက်၊ ရာဇသူရလမ်း၊ အမှတ်၁၀၅၅နေ (ဦးထွန်းရင်)-ဒေါ်အမာကျင်တို့၏သားကြီး၊ ဒေါ်ဝင်းမြင့်၏ခင်ပွန်း၊ မမူမူချို၊ မောင်တင်အောင်မျိုးတို့၏မွေးသဖခင်၊ မောင်သက်ထူးစံ၊ မောင်သက်ထူးဇော်တို့၏အဘိုးသည် ၂၉-၆-၂၀၀၃ရက်တွင် ကွယ်လွန်၍ ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီး ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

မှန်ကန် ခိုင်မာ ယုနီကာလာ

unicolor®

ဈေးနှုန်းချိုသာစွာဖြင့် ဖြန့်ဖြူးရောင်းချပေးနေပါသည်။

ဝန်ထမ်းအမြန်အလိုရှိသည်

(ပြည်တွင်း၌သာ ခန့်ထားရန်)

၁။ Marketing **ကျား၊ မ (၅) ဦး**
B.Sc- Physics (or) B.Sc- Chemistry (or) B.A- English (or) B.Com (or) B.E (Chemical/ Mechanical) ဘွဲ့ရရှိသူဖြစ်ရမည်။
အမျိုးသားများ ယာဉ်မောင်းလိုင်စင်ရှိသူအား ဦးစားပေးမည်။

၂။ Marketing Co.ordinator **မ (၁) ဦး**
မည်သည့်ဘွဲ့ရမဆို လျှောက်ထားနိုင်သည်။

၃။ Production Engineer **ကျား (၂) ဦး**
B.E(Chemical/ Mechanical)or A.G.T.I (E.P/M.P) ဒီပလိုမာ/ဘွဲ့ရရှိသူဖြစ်ရမည်။
အမှတ်စဉ်(၁)နှင့်(၂)အတွက် အင်္ဂလိပ်စာ အရေး၊ အပြော ကျွမ်းကျင်ရမည်။
အသက်(၂၃-၃၂)နှစ်အတွင်းဖြစ်ပြီး ရုပ်ရည်ပြေပြစ်ရမည်။ ဆက်ဆံရေးကောင်းမွန်ရမည်။
လုပ်ငန်းအတွေ့အကြုံရှိသူဖြစ်ပါက အသက်ကိုလျှော့ပေါ့စဉ်းစားပေးမည်ဖြစ်သည်။
Computer (Words & Excel)ကို ကျွမ်းကျင်စွာ အသုံးပြုနိုင်သူဖြစ်ရမည်။
အမှတ်စဉ်(၃)အတွက်Production Team အား Leader လုပ်ဆောင်နိုင်သောအရည်အချင်းရှိသူဖြစ်ရမည်။
အသက်(၂၈-၃၅)နှစ်အတွင်းဖြစ်ရမည်။ ၂၄နာရီအဆိုင်းတာဝန်ထမ်းဆောင်နိုင်ရမည်။
လုပ်ငန်းအတွေ့အကြုံရှိသူအားဦးစားပေးမည်။
အမှတ်စဉ်အားလုံးအတွက် Ferry စီစဉ်ပေးမည်။ ညှိနှိုင်းလစာပေးမည်။

အထက်ပါအရည်အချင်းပြည့်မီသူများသည် ပညာအရည်အချင်းဆိုင်ရာအထောက်အထား၊ CV၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်းထောက်ခံစာ၊ ရဲစခန်းထောက်ခံစာ၊ မှတ်ပုံတင်နှင့်အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ဓာတ်ပုံ(၁)ပုံနှင့်အတူ ကြော်ငြာပါသည့်နေ့မှ (၁၈-၇-၂၀၀၃)ရက်နေ့ နောက်ဆုံးထား၍ အမှတ်၁၁၅/၁၁၇၊ မြေညီထပ်၊ လသာလမ်း(အပေါ်ဘလောက်)ရှိ Smile World Co.,Ltd.သို့ လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။

ဝမ်းနည်းကြေကွဲခြင်း

သီတဂူလုပ်ဖော်ကိုင်ဖက် သီတဂူသာသနာပြုအဖွဲ့ အထက်မြန်မာပြည် ဒုတိယဥက္ကဋ္ဌ၊ သီတဂူရေအလှူအထူးတာဝန်ခံစိတ္တာသုခဦးတင်ဦးသည် ၂၆-၆-၂၀၀၃ရက်နံနက်က ကွယ်လွန်ကြောင်းကြားသိရပါသည်။ စိတ္တာသုခ ဦးတင်ဦးသည် သီတဂူဆရာတော်စီမံသည့်သီတဂူရေအလှူတော်လုပ်ငန်းကိုစတင်သည်မှ ကွယ်လွန်သည်အထိ၂၅နှစ်ခန့်မျှ မရပ်မနားမညည်းမညူ ဆောင်ရွက်ခဲ့သော သီတဂူ၏သဒ္ဓါဝီရိယအားကောင်းသော ကပ္ပိယကောင်းတစ်ယောက်၊ တောင်ရိုး ပျော်သူတော်စင်တို့၏ သာသနာ့ကျေးကျွန်တစ်ယောက်ဖြစ်ပါသည်။ သူ၏ နှစ်ပေါင်းများစွာ ပြုထားခဲ့သမျှ ကောင်းမှုများ၊ အထူးသဖြင့် သူတော်စင်ပေါင်း ၉၀၀၀ကျော်အား သူဆောင်ရွက်အားထုတ်ပေးခဲ့သည့် ရေအလှူတော် ကုသိုလ်တော်များသည် အရိပ်ပမာ သူ၏နောက်မှ လိုက်ပါသွားခဲ့ပြီဟု သီတဂူအဖွဲ့သား အားလုံးတို့က ယုံကြည်ပါသည်။ သို့သော် နှစ်ပေါင်း၂၅နှစ်မျှ တွဲဖက်ခဲ့ရသော သာသနာပြုဖက်လုပ်ဖော်ကိုင်ဖက်တစ်ယောက်နှင့် ခွဲခွာခဲ့ကြရသည့်အတွက်ကြောင့် လည်းကောင်း၊ သီတဂူသာသနာပြုလုပ်ငန်းမှာ အားကိုးရသော ကပ္ပိယကာရက သာသနာ့လုပ်သားကောင်းတစ်ယောက်ဆုံးရှုံးခဲ့ရသည့်အတွက် လည်းကောင်း၊ သီတဂူဦးဆောင်သံဃအဖွဲ့၊ သီတဂူကပ္ပိယကာရကအဖွဲ့၊ သီတဂူအဖွဲ့ဝင်အားလုံးတို့ နှမြောတသ ဝမ်းနည်းသံဝေဂယူရပါကြောင်း၊ သီတဂူဦးတင်ဦးတစ်ယောက် ဘဝကောင်းကို ကေန်ရ၍ ကိုယ်စိတ်ချမ်းသာရှိပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သလိုက်ပါသည်။ ကောင်းရာသုဂတိလားရောက်ပါစေ။

သီတဂူဦးဆောင်သံဃအဖွဲ့၊
သီတဂူကပ္ပိယကာရကအဖွဲ့၊
သီတဂူသာသနာပြုအဖွဲ့၊
ရန်ကုန်+စစ်ကိုင်း။

၁၃၅၄ခုနှစ်၊ ဝါဆိုလပြည့်နေ့
(၁၉၉၃ ခုနှစ်၊ ဇူလိုင်လ ၃ ရက်)တွင်
ဘဝတစ်ပါးပြောင်းသွားရှာသော

"ဖခင်ကြီး ဦးရင်ဝင်း"

(၁၀)နှစ်ပြည့် အထိမ်းအမှတ်

အနန္တ ဂိုဏ်း၊ ပမာနိုင်လည်း၊ တုန့်နှင်းမမြင်၊ မွေးဖခင်–
ဖခင်မေတ္တာ၊ ကရုဏာဖြင့်၊
ကောင်းစွာစောင့်ရှောက်၊ လူလာမြောက်၍
ခုလောက်ထည်ဝါ၊ ဤလူ့ရွာ၌
စည်ဖြာတတ်ထယ်ခဲ့ပါသည်။
သားသမီးအကျိုး၊ ဘိုးထက်တိုးအောင်၊ သယ်ပိုးအစဉ်၊ အိုဖခင်
အသင်နှစ်ခွာ၊ ခုအခါလျှင်
သချာကိုစစ်၊ ရေတွက်လစ်သော်
ဆယ်နှစ်တိုင်ပေ တိုင်ခဲ့ပြီ။
ဆယ်နှစ်တိုင်သာ၊ ကာလကြာလည်း
ဘယ်ခါမေ့ဘူး၊ မြတ်ကျေးဇူးကို
အထူးသိမြင်၊ စိတ်အစဉ်ဖြင့်
ကြည်ရွှင်ပြုလာ၊ များပြားစွာသည့်
ဖြာဖြာပုည၊ ကုသလကို
မွေးဖမြင်စေ၊ တောင်းဆုရွေ၏။
မွေးဖေ အမျှ ရစေသော်။
မွေးဖေ ဘဝ လှစေသော်။
မွေးဖေ အမတ ရစေသော်။

သား– ဦးစန်းတင်အောင်		**သား– ဦးစိုးသိမ်း**	
ဒေါ်ရီရီအေး		**Dr.ဒေါ်ခင်အုန်းရီ**	
သမီး– ဒေါ်ဆွေဆွေဝင်း		**သမီး– Dr. ဒေါ်ချိုချိုခင်**	
ဦးမောင်မောင်တင်		**Dr. ဦးမင်းတင်သောင်း**	

ဦးမောင်ကလေး(သထုံ)
အသက်(၈၈)နှစ်

သထုံမြို့နေ (ဦးသန်း–ဒေါ်သိန်း)တို့၏ သား၊ (ဒေါ်အေးကြိုင်)၏ခင်ပွန်း၊ (ဦးကိုကို)၊ (ဦးမောင်မောင်ကြီး)တို့၏ညီ၊ ဦးခင်မောင်ဦး–ဒေါ်ရွှေမိ၊ ဦးမျိုးထွန်းဇော် (မြန်မာ့ဆားလုပ်ငန်း)–ဒေါ်ခင်လေးနွယ်၊ ဦးခင်ထွေး–ဒေါ်ခင်လေးသွယ်၊ ဦးထိန်လင်း–ဒေါ်အေးစန္ဒာ၊ ဦးတင်ဝင်း၊ ဦးသန့်စင်–ဒေါ်စမ်းအေး၊ ဦးသန်းဝင်း–ဒေါ်မြအေးတို့၏ ဖခင်၊ မြေး၁၇ယောက်၊ မြစ်လေးယောက်တို့၏ အဘိုးသည် ၁-၇-၂၀၀၃ရက်တွင် ဒဂုံမြို့သစ်မြောက်ပိုင်း၊ငွေစင်လမ်း၊ အမှတ်(၁၁၀၉)၊ (၄၄) ရပ်ကွက် နေအိမ်တွင် ကွယ်လွန်ပါ၍ ၃-၇-၂၀၀၃(ကြာသပတေးနေ့)မွန်းလွဲ၁ နာရီတွင် အထက်ပါနေအိမ်မှ ထားဝယ်ချောင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဘုရား၊ ကျောင်း၊သိမ်၊ရဟန်းဒါယကာကြီး
ဦးဉာဏ်ရင်(၇၅)နှစ်
ဉာဏ်ရင် စက်မှုလက်မှု
ကျောက်တန်းမြို့နယ်အသင်း
ရာသက်ပန်အသင်းဝင်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းရပ်ကွက်၊ ကျားကွက်သစ်လမ်း၊ အမှတ်(၆)နေ ဒေါ်သန်းရင်၏ ခင်ပွန်း၊ (ဒဂုံ၊ စက်မှုဇုန်၊၂)နေ ဦးအုံးမြင့်–ဒေါ်နီ၊ ဗဟန်း၊ အောင်ချမ်းသာအိမ်ရာနေ ဦးညွန့်ဝေ–ဒေါ်မြင့်မြင့်သူ၊ ဦးအောင်မင်း–ဒေါ်ခင်စန်းဝေ၊ ဦးခင်မောင်အုန်း–ဒေါ်ခင်နှင်းဝေ၊ ဒေါ်ခင်နန်းဝေတို့၏ ဖခင်၊ မြေး ၁၂ယောက်တို့၏အဘိုး ဦးဉာဏ်ရင်သည် ၂-၇-၂၀၀၃ရက်တွင် ကွယ်လွန်ပါ၍ ၄-၇-၂၀၀၃(သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (စက်မှုဇုန် ၂နှင့် အောင်ချမ်းသာအိမ်ရာမှ ကားများ နံနက် ၁၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

မြန်မာ့မီးရထားအငြိမ်းစားများအသင်း
ဦးမောင်သိန်း(ခ)ဦးအုန်းလှိုင်
အသက်(၆၄)နှစ်

အသင်းဝင်အမှတ်–၁၇၇၈ ဦးမောင်သိန်း အလုပ်ထိန်းစက်မှုသည် ၂၉-၆-၂၀၀၃ ရက်တွင် ကွယ်လွန်ပါ၍ ၃-၇-၂၀၀၃ရက် မွန်းလွဲ ၁နာရီတွင် သန်လျင်သြောင်သုံးပင်ရွာနေအိမ်မှ သြောင်သုံးပင်ပဒိုစမ်းသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။အသင်းဝင်များ လိုက်ပါပို့ဆောင်ကြပါရန်။ အမှုဆောင်အဖွဲ့။

ရဟန်းဒါယကာ
ဦးလှမိုး (၃၈)နှစ်

ရန်ကုန်မြို့နေဦးမောင်စော–ဒေါ်သင်းကြည်၊ (ဦးမောင်မောင်ချစ်–ဒေါ်သိန်းကြည်)တို့၏မြေး၊အမှတ်(၇၃)မြောင်းကြီးလမ်း၊ ရေကျော်နေ ဒေါက်တာ ဦးစိုးကြည် (အကျဉ်းဦးစီး၊ ငြိမ်း)– (ဒေါ်ဖိလစ်သန်းတင်)တို့၏ ချစ်လှစွာသောသားငယ်၊ ဦးဇော်အောင်၏ ညီ၊ ဦးအောင်ခိုင်ဆွေ (ခေတ္တ–DUBAI) –ဒေါ်ဥမ္မာစိုးကြည်၊ ဦးစောသန်း (2/0 Interocean Co.Ltd) – ဒေါ်သန္တာစိုးကြည်တို့၏ ချစ်လှစွာသောအစ်ကို၊ မရွှေယမင်းဦး (VIII၊ထ–၁၊ဗိုလ်တထောင်)၊ မဆုရတီ (KG၊ထ–၄၊ပုဇွန်တောင်)တို့၏ ချစ်လှစွာသောဘကြီးသည် ၂-၇-၂၀၀၃ (ဗုဒ္ဓဟူးနေ့) ညနေ ၄:၅၅ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်ပါ၍ ၃-၇-၂၀၀၃ ရက် နံနက်၁၀နာရီတွင် နေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ကိုအောင်ဖြိုးကျော်(၃၃)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အမှတ်(၈)ရပ်ကွက်၊ ပြည်ရိပ်မွန်အိမ်ရာ၊ တိုက်အမှတ်(၇)၊အခန်း(၂၆)နေ ဒေါ်သန်းရှင် [ကျောင်းအုပ်ဆရာမကြီး၊ ငြိမ်း၊ အထက(၂)၊ ကြည့်မြင်တိုင်]တို့၏သား၊ ဦးပိန်ချွန်း–ဒေါ်မိုမိုကြည်၊ ဒေါ်မိုးပပကျော် (ထ၊ခွဲ၊ နတ်စင်ကုန်း၊ ကော့မှူး)၊ ဦးမိုးသက်ကျော် – ဒေါ်လဲ့လဲ့လွင်တို့၏ ညီမောင်၊ မသူသူအောင်၏ခင်ပွန်း၊ တူ၊တူမငါးယောက်တို့၏ ဦးလေးသည် ၁-၇-၂၀၀၃ရက်တွင် ကွယ်လွန်ပါ၍ ၃-၇-၂၀၀၃ရက် မွန်းလွဲ၂နာရီတွင် ရန်ကုန်ဆေးရုံကြီးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများမွန်းတည့်၁၂ နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ကိုသန့်ဇော်ဌေး(၂၄)နှစ်

(ဦးဘသိန်း – ဒေါ်ဝင်းစိန်၊မင်းရွာ)၊ (ဦးဘလှ)–ဒေါ်မမလေးတို့၏ ချစ်လှစွာသောမြေး၊ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သပြေကုန်းရပ်ကွက် အမှတ်(၂၂)၊ (၁၂၄)လမ်းနေ ဦးဌေးလှ–ဒေါ်ခင်အုံးမြင့်(ဘိုမ)တို့၏ ချစ်လှစွာသောသား၊ ဦးတင်အောင်လှ–ဒေါ်ခင်လေးလှိုင်၊ (ဦးစိန်မြင့်)–ဒေါ်သန်းသန်းရီ၊ ဦးကြီးမြင့်၊ (ဦးစိုးတင့်)၊ ဒေါ်သီဂီ၊ ဦးဝင်းမောင်–ဒေါ်လဲ့လဲ့ဝင်းတို့၏ ချစ်လှစွာသောတူ၊(ကိုသန့်ဇင်ဌေး)၊ ကိုအောင်ကိုညွှန့်–မအေးအေးမူ၊ ကိုဇော်လင်းဌေး–မခင်စန္ဒာတို့၏ ချစ်လှစွာသော ညီ/မောင်၊ မသဇင်ဌေး၏ ချစ်လှစွာသော အစ်ကို၊ မောင်အောင်ကောင်းမြတ်၊ မောင်ဝေယံဖြိုးအောင်၊ မောင်မင်းခန့်ကိုတို့၏ ချစ်လှစွာသောဦးလေး ကိုသန့်ဇော်ဌေးသည် ၂-၇-၂၀၀၃ရက်တွင် အောင်ဇေအထူးကုဆေးခန်း၌ ကွယ်လွန်ပါ၍ ၄-၇-၂၀၀၃(သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန် သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၁၁:၃၀နာရီ တွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

သထုံအသင်း
ဦးမောင်ကလေး(၈၈)နှစ်

ရန်ကုန်တိုင်း၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ အမှတ်(၁၁၀၉)၊ ရွှေစင်လမ်း၊ (၄၄) ရပ်ကွက်နေ ရာသက်ပန်အသင်းဝင် ဒေါ်ခင်လေးနွယ်၊ ဦးထိန်လင်းတို့၏ ဖခင်သည် ၁-၇-၂၀၀၃ရက်တွင် ကွယ်လွန်ပါ၍ ၃-၇-၂၀၀၃ရက် မွန်းလွဲ ၁၂:၄၅နာရီတွင် မြောက်ဒဂုံသုသာန်သို့ အသင်းဝင်များပို့ဆောင်ကြပါရန်။ အမှုဆောင်အဖွဲ့။

ရဟန်းမကြီး
ဒေါ်ယုံ(ခ)ဒေါ်ဘေထုံ
အသက်(၈၂)နှစ်
(ဆကာကြီး)

ရန်ကုန်တိုင်း၊ မြောက်ဥက္ကလာပမြို့နယ်၊(ဆ)ရပ်ကွက်၊ခေမာသီ(၂၁)လမ်း၊ အမှတ်(၄၄)နေ (ဦးဘိုးဆင့်–ဒေါ်ငါး)၊ ဦးဘိုးကြည်–ဒေါ်အေးရင်တို့၏ သမီး၊ ဦးစိုးတင့်၏ဇနီး၊ ဦးဆန်းမောင်–ဒေါ်ကြူကြူခင်၊ ဦးစိုးမင်း–ဒေါ်ခင်မြင့်သန်း၊ ဦးကျော်စိုး–ဒေါ်လှမြင့်၊ ဦးမြင့်စိုး–ဒေါ်စန်းယုမော်(ခ)မမော်၊ ဦးလှစိုး–ဒေါ်သန်းအေး(ခ)မမီးမီး၊ ဦးမောင်မောင်စိုး–ဒေါ်တင်တင်ဝင်းတို့၏ ကျေးဇူးရှင်မွေးသမိခင်၊ မောင်ကိုကိုမောင်၊ မနန္ဒာမောင်၊ မြေး၁၇ယောက်တို့၏ အဘွားသည် ၁-၇-၂၀၀၃ရက်တွင် ကွယ်လွန်ပါ၍ ၃-၇-၂၀၀၃ရက် ညနေ ၃:၃၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်းဒါယိကာမကြီး
ဒေါ်သန်းနွဲ့ (၅၉)နှစ်
(ခရမ်း)

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ နတ်စင်လမ်း၊အမှတ်(၅)နေ (ဦးစံအေး–ဒေါ်အေးမေ)တို့၏ သမီး၊ (ဦးသိန်းမောင်–ဒေါ်သန်းခင်)၊ (ဒေါ်ညွန့်ရီ)တို့၏ညီမ၊ ဦးအေးကို၏ ဇနီး၊ ဦးချစ်ကိုကို (အကောက်ခွန်)–ဒေါ်ချိုချိုဦး၊ ဦးသန်းဇော်(အစိုးရအဖွဲ့ရုံး) – ဒေါ်ခင်ရူပါအေး (အထက–၃၊ တာမွေ)၊ ဦးညီညီလတ် (Uniteam Shipping)–ဒေါ်ခင်မာသိန်း (MPPE)၊ ဦးမျိုးသန့်တို့၏ မိခင်၊ မဘုန်းမြတ်သရဖီ၊မောင်သော်ဘုန်းမြတ်တို့၏အဘွားသည် ၂-၇-၂၀၀၃ရက် နံနက် ၇နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်ပါ၍ ၄-၇-၂၀၀၃(သောကြာနေ့) မွန်းလွဲ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းတည့်၁၂နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးစိုးအောင်(၅၉)နှစ်
(ဦးစီးအရာရှိ၊သမဝါယမရုံးချုပ်)

အမှတ်(၃၆)၊မုဝ်လမ်း၊ မြို့မကွက်သစ်၊ ၂/က၊ စံပြရပ်ကွက်၊ မင်္ဂလာဒုံမြို့နေ ဒေါ်ယဉ်ယဉ်နွဲ့၏ခင်ပွန်း၊ ပဲခူးတိုင်း၊ သြောင်လေးပင်မြို့နေ (ဦးကြိုင်–ဒေါ်မြကြီး)တို့၏သားထွေး၊ ပဲခူးမြို့နေ (ဦးသိန်းမောင်–ဒေါ်အေးကြည်)တို့၏ သားသမက်၊ ဦးစိန်မြင့်(မန်နေဂျာ၊ ကုန်သွယ်လယ်ယာ၊ငြိမ်း) – ဒေါ်မြသန်း၊(ဦးချစ်လှိုင်)–ဒေါ်မြင့်မြင့်ကြိုင်၊ ဦးကျော်ငြိမ်း–ဒေါ်အုန်းမြင့်၊ (ဦးကြည်လွင်၊ မန္တလေးတိုင်းမင်းကြီး၊ ငြိမ်း)–ဒေါ်ညိုညိုဝင်း၊ ဒေါ်ယဉ်ယဉ်မြင့်၊ (ဗိုလ်ခင်မောင်ကြည်)၊ (ဦးခင်မောင်နု)၊ (ဦးစောဦး)–ဒေါ်ယဉ်ယဉ်တင့်တို့၏ ညီ/ မောင်၊ ဦးခင်မောင်ဆန်း၊ ဦးခင်မောင်ညို–ဒေါ်ခင်ခင်ကြီးတို့၏ အစ်ကိုသည်၁-၇- ၂၀၀၃ရက်တွင် ကွယ်လွန်ပါ၍ ၃-၇-၂၀၀၃(ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးစွန်ဒရွှန်း(ခ)ဦးမောင်မောင်
အသက်(၄၉)နှစ်
ကျောက်ဆူးတံဆိပ်
(ကျောက်ကျောနှင့် မျှော့ချောင်း)

အမှတ်(၃၅)၊(၆၂)လမ်း၊ဗိုလ်တထောင်မြို့နယ်နေ (ဦးသူရဆာမိ)–ဒေါ်ပါပါတို့၏ သား၊ မောင်ကျော်မျိုးဦး(ခ)ရာဂျာ၊ မနီလာဝင်း(ခ)နီလာ၊ မမာလာဝင်း(ခ)အန်ဂါလယ်တို့၏ ဖခင်၊ [ဒေါ်အန်ဂျလာ(ခ) ဒေါ်ထားထားနွယ်]၏ ခင်ပွန်း (ကျောက်ဆူးတံဆိပ် ကျောက်ကျောနှင့်မျှော့ချောင်း) ဦးစွန်ဒရွှန်း(ခ)ဦးမောင်မောင်သည် ၁-၇-၂၀၀၃ရက်တွင် ကွယ်လွန်ပါ၍ ၃-၇-၂၀၀၃ရက်မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဒေါ်အန်ဂျလာ(ခ)
ဒေါ်ထားထားနွယ်(၄၄)နှစ်
ကျောက်ဆူးတံဆိပ်
(ကျောက်ကျောနှင့်မျှော့ချောင်း)

အမှတ်(၃၅)၊(၆၂)လမ်းဗိုလ်တထောင်မြို့နယ်နေ(ဦးဂျေသောမက်စ်)–ဒေါ်ထရေဇာတို့၏ သမီး၊ မောင်ကျော်မျိုးဦး(ခ) ရာဂျာ၊ မနီလာဝင်း(ခ)နီလာ၊ မမာလာဝင်း(ခ)အန်ဂါလယ်တို့၏ မွေးသမိခင် ဦးစွန်ဒရွှန်(ခ)ဦးမောင်မောင်(ကျောက်ဆူးတံဆိပ် ကျောက်ကျောနှင့်မျှော့ချောင်း)၏ ဇနီး ဒေါ်အန်ဂျလာ(ခ)ဒေါ်ထားထားနွယ်သည် ၁-၇-၂၀၀၃ရက်တွင် ကွယ်လွန်ပါ၍ ၃-၇-၂၀၀၃ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဦးသောင်းဟန်(၇၇)နှစ်
(တိုက်ကြီး၊တော်ခရမ်းကျေးရွာ)

ရန်ကုန်တိုင်း၊ တိုက်ကြီးမြို့နယ်၊ တော်ခရမ်းကျေးရွာနေ (ဦးမောင်မှိန်–ဒေါ်သိန်းကြင်)တို့၏ သား၊ ဦးသောင်းတင်–ဒေါ်စိန်တင့်၊ ဦးမြငြိမ်း–ဒေါ်စိန်သန်း၊ ဦးမြသောင်း–ဒေါ်လှဆင့်၊ ဦးစိုးလှိုင်–ဒေါ်စောရင်၊ ဦးလှမြင့်–ဒေါ်မြင့်မြင့်၊ (၅)ရပ်ကွက်၊ စီမံကိန်း(၂)နေ (ဦးသိန်းအောင်)–ဒေါ်သန်းနွဲ့တို့၏ အစ်ကို၊ ရန်ကုန်တိုင်း၊ သဃ်္ဃန်းကျွန်းမြို့နယ်၊စီမံကိန်း(၂)၊ ရပ်ကွက်(၅)၊ အမှတ်(၂၁၆) သခင်ဖိုးလှကြီးလမ်းနေ ဦးသန်းဝင်း–ဒေါ်ကြည်ကြည်မြင့်၊ ဦးသန်းအေး–ဒေါ်မြင့်မြင့်ဝင်း၊ ဦးသောင်းအေး–ဒေါ်သန်းတိုး၊ ဦးဌေးလွင်–ဒေါ်ရီသန်း၊ ဦးအောင်ခိုင်သိန်း–ဒေါ်မူမူချို၊ ဦးခင်မောင်သိန်း–မနွယ်ခိုင်၊ ဦးမြင့်လှိုင်–မမိခိုင်၊ ဦးမြင့်နိုင်–မမိစန်း၊ ကိုကျော်ကြီး–မတင်တင်ညိုတို့၏ မွေးသဖခင်၊ ဒေါ်ရင်ကြည်၏ ခင်ပွန်း၊မြေး၂၈ယောက်၊ မြစ်လေးယောက်တို့၏အဘိုးဦးသောင်းဟန်သည် ၃၀-၆-၂၀၀၃ရက်တွင် ကွယ်လွန်ပါ၍ ၄-၇-၂၀၀၃(သောကြာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှ ကားများ မွန်းလွဲ၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးတင်လှ (၇၂)နှစ်
မန်နေဂျာ(ငြိမ်း)၊ မေဖလားဝါးဘဏ်
မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ အမှတ်(၁၆၅)၊ အလုံလမ်းနေ ဒေါ်ထားကြည် (လဝက၊ငြိမ်း)၏ ခင်ပွန်း၊ ဦးသန်း နိုင် (3rd Engineer. Miraco Marine Co., Ltd)–ဒေါ်နုနုဝေ၊ ဦးဇော်ဝင်း–ဒေါ်မြတ်မြတ်မွန်(လ/ထ၊ မေဖလားဝါးဘဏ်) တို့၏ ဖခင်၊ မောင်စွမ်းရည်နိုင်(အထက–၆၊ အလုံ)၏ ချစ်လှစွာသော အဘိုးသည် ၂၇-၆-၂၀၀၃ရက်တွင် အကယ်ဒမီဆေးခန်း၌ ကွယ်လွန်ပါ၍ ၁-၇-၂၀၀၃ (အင်္ဂါနေ့) ညနေ ၃ နာရီတွင် ထိန်ပင်သုသာန်၌ သဂြိုဟ်ပြီးဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဆည်မြောင်းဝန်ထမ်းဟောင်းများအသင်း
ဦးတင်အောင်(၆၆)နှစ်
ဒုလက်ထောက်ဦးစီးမှူး(ငြိမ်း)
ဆည်မြောင်း
(ပြည်)

ပြည်မြို့၊ တောင်နဝင်းဆည်မြောင်း၊ စက်မှုလိုင်း၊ ခေတ္တရာမြို့သစ်နေ ဒေါ်ကြင်နု၏ခင်ပွန်း ဦးတင်အောင် ရာသက်ပန်အသင်းဝင်အမှတ်(၈၇၆)သည် ၃၀-၆-၂၀၀၃ရက်တွင် ကွယ်လွန်ပါ၍ ၂-၇-၂၀၀၃ရက်တွင် ရွှေလက်ပံသုသာန်၌ သဂြိုဟ်ပြီးစီးပါကြောင်း အသင်းဝင်များအား သိစေအပ်ပါသည်။ အမှုဆောင်အဖွဲ့။

ဦးစန်းမြင့် အသက်(၆၀)
မီးရထား(တိုင်း/ကြေးချက်)
(ရေကျော်)

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ရေကျော်၊ အမှတ်(၈)၊ ဝတ်ကျောင်းလမ်းနေ (ဆရာကြီးဦးသိန်းဖေ–ဒေါ်အေးကျင်)တို့၏သားကြီး၊ (ဦးထွန်းရင်–ဒေါ်လှမြင့်)တို့၏သားသမက်၊ (ဒေါ်အုန်းကြည်၊မီးခြစ်စက်ရုံအမှတ်–၂)၏ခင်ပွန်း၊ ဦးဦးမြင့်–ဒေါ်ပြုံးရီ(တ/ဒဂုံ)၊ဒေါ်ရီလေးမာ၊ ဦးချစ်ကို(အထက–၄၊ပုဇွန်တောင်)၊ (ဦးမောင်စိုး)၊ ဦးသိန်းဟန်၊ ဦးလမင်း–ဒေါ်စန်းစန်းထွေး(ရွှေပြည်သာ)တို့၏ အစ်ကိုကြီး၊ တူ၊တူမ၁၀ယောက်တို့၏ ဘကြီးသည် ၁-၇-၂၀၀၃(အင်္ဂါနေ့) ညနေ ၈:၄၅နာရီတွင် ကွယ်လွန်ပါ၍ ၃-၇-၂၀၀၃(ကြာသပတေးနေ့)နံနက်၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အထက်ပါနေအိမ်မှ ကားများ နံနက်၈:၄၅နာရီ ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်းဒါယိကာမကြီး
ဒေါ်ကြည်ကြည်သိန်း(ခ)
ဒေါ်သက် (၄၇)နှစ်

ရန်ကုန်မြို့၊ တိုက်(၇)၊ (၆)လွှာ၊ မန္တလေးလမ်း၊ ကန်တော်ကလေး၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ ဦးကံညွန့် (ဆလရ၊ အငြိမ်းစား)–ဒေါ်တင်ကြည်တို့၏ သမီးကြီး၊ ဦးဘအုန်း–ဒေါ်သန်းတို့၏ ချွေးမ၊ ဦးမြင့်စိုး၏ဇနီး၊ ဦးတင်ရီ–ဒေါ်တင်တင်သိန်း၊ ဦးစစ်နိုင်–မစန်းဌေး၊ မောင်ကျော်မင်းမင်း–မစိုးစိုး၊ မောင်ကျော်စွာ–မမျိုးမျိုးတို့၏ အစ်မကြီး၊ မောင်ဝင်းနိုင်–မသီသီအေး၊ မစပ္ပာယ်၊မခင်မာချို၊ မောင်ထူးအောင်၊ မဇာခြည်လင်းတို့၏ မိခင်၊ ဖြိုးရတနာ၏ အဘွား၊ တူ၊တူမ ခုနစ်ယောက်တို့၏ ကြီးကြီးသည် ၂-၇-၂၀၀၃ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီ တွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်ပါ၍ ၄-၇-၂၀၀၃(သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁:၃၀ နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
သာသနဓဇသိရီပဝရ ဓမ္မာစရိယ၊ ဒုတိယနာယက စာချဆရာတော်
ပါဠိတက္ကသိုလ် သြောင်တုန်းကျောင်းတိုက်၊ ဗဟန်း
ဓမ္မသိဂီကျောင်းဆရာတော်
ပျဉ်းမနား–ရွှေဗဟိုလ်၊ တပ်ကုန်း–အောင်ဇေယျ၊ မတ္တရာ–ရေနံ့သာ
ရွှေမင်းရွာ–ရွှေပဲခူး၊ မဟာရန်ကုန် အစရှိသော သာသနာပြုဌာနများ၏
သြဝါဒါစရိယ ဆရာတော် ဖြစ်တော်မူသော

ဘဒ္ဒန္တ စိတြ
သိက္ခာတော်(၅၂)ဝါ၊ သက်တော်(၇၂)နှစ်

ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ ပါဠိတက္ကသိုလ် သြောင်တုန်းကျောင်းတိုက် ဒုတိယနာယက စာချဆရာတော် ဘဒ္ဒန္တစိတြသည် ၁၃၆၅ခုနှစ် နယုန်လပြည့်ကျော် ၁၂ ရက်၂၆-၆-၂၀၀၃ (ကြာသပတေးနေ့) နံနက် ၈:၃၀နာရီတွင် ဗဟန်းမြို့ ပါဠိတက္ကသိုလ်သြောင်တုန်းကျောင်းတိုက် ဓမ္မသိဂီကျောင်း၌ ဘဝနတ်ထံပျံလွန်တော်မူသွားပါ၍ ၁၃၆၅ခုနှစ် ဝါဆိုလဆန်း ၂ရက် ၃၀-၆-၂၀၀၃(တနင်္လာနေ့) နံနက် ၈:၃၀နာရီတွင် ရန်ကုန်တိုင်း၊ သုံးခွမြို့နယ် မင်းရွာ ရွာလယ်ကျောင်းကြီးသို့ ပင့်ဆောင်ပြီးဖြစ်ပါ၍၁၃၆၅ခုနှစ်ဝါဆိုလဆန်း ၆ရက်၊ ၄-၇-၂၀၀၃(သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် အန္တိမဈာပနကျင်းပပူဇော်မည်ဖြစ်ပါကြောင်း။ တပည့်ဒါယကာ၊ ဒါယိကာမများ။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
တိုင်းဝိနည်းဓိုရ်၊ မဟာဂန္ထဝါစက ပဏ္ဍိတ
မင်္ဂလာမဏ္ဍိုင်ကျောင်းတိုက်ကြီး၏ ပဓာနနာယကဆရာတော်

ဘဒ္ဒန္တ ဂုဏာဿရ (မဟာဒွါရ)
သိက္ခာတော် (၄၅)ဝါ၊ သက်တော် (၆၅)နှစ်

ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ ရွှေနံ့သာရပ်ကွက်၊ အာဇာနည်လမ်း၊ အမှတ်(၅၇)၊ မင်္ဂလာမဏ္ဍိုင်ကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက တိုင်းဝိနည်းဓိုရ် မဟာဂန္ထဝါစကပဏ္ဍိတ၊ သာသနဓဇ ဓမ္မာစရိယဆရာတော် ဘဒ္ဒန္တ ဂုဏာဿရ (မဟာဒွါရ)သည် ၁၃၆၅ခု၊ ဝါဆိုလဆန်း(၁)ရက် ၂၉-၆-၂၀၀၃ (တနင်္ဂနွေနေ့)တွင် ဒေးဒရဲမြို့၌ ဘဝနတ်ထံပျံလွန်တော်မူသွားပါ၍ ၁၃၆၅ခု၊ ဝါဆိုလဆန်း (၇)ရက်၊ စနေနေ့ (၅-၇-၂၀၀၃)မွန်းတည့်၁၂နာရီတွင် ဒေးဒရဲမြို့၊ ချောင်းဖျားကျေးရွာ၊ မဟာဗောဓိရာမ ကျောင်းတိုက်၌ အန္တိမအဂ္ဂိဈာပနကျင်းပမည်ဖြစ်ပါ၍ ရပ်ဝေးရပ်နီးရှိ တပည့်ဒါယကာ၊ ဒါယိကာမတို့အား အကြောင်းကြားသိစေအပ်ပါသည်။ ဈာပနကော်မတီ။

ဒေးဒရဲမြို့နယ်အသင်း (ရန်ကုန်)၏ သြဝါဒါစရိယဆရာတော် အန္တိမဈာပနသို့ ရန်ကုန်မြို့မှ ဒေးဒရဲမြို့နယ်အသင်းသူ၊ အသင်းသားများ ၅-၇-၂၀၀၃ရက်တွင် လိုက်ပါပို့ဆောင်နိုင်ကြရန် ယင်းနေ့နံနက် ၇:၃၀နာရီတွင် ဒလမြို့ဆိပ်ကမ်းမှ ကားများနေ့ချင်းပြန် စီစဉ်ထားပါသည်။ အမှုဆောင်အဖွဲ့

ဒေးဒရဲမြို့နယ်အသင်း (ရန်ကုန်)။

အလ္လာသျှင်မြတ်အမိန့်တော်ခံခြင်း
ဒေါ်ပို(၉၆)နှစ်

ပြင်ဦးလွင်မြို့၊ (၆)ရပ်ကွက်နေ (ဟာဂျီ ဦးသန်းညွှန့်)၏ ဇနီး၊ ဦးခင်မောင်သန်း (အခွန်ဦးစီးမှူး–ငြိမ်း)–ဒေါ်ဝါ၊ဦးခင်မောင်စန်း (ဆလက–စာရင်းကိုင်၊ငြိမ်း)–(ဒေါ်မိမိ–ငြိမ်း)တို့၏ မိခင်၊ဗိုလ်မှူးမင်းသွင်–ဒေါက်တာတင်တင်အေး၊ကိုမင်းဒင် (ခေတ္တ–မလေးရှား)၊ကိုမင်းသန့်၊ မနွယ်နီသန်း၊ မနွယ်ဝါအောင် (ကွန်ပျူတာဆရာမ)၊ ကိုလှိုင်မျိုးမင်း (ကွန်ပျူတာလုပ်ငန်း)တို့၏ အဘွားသည် ၂၇-၆-၂၀၀၃ရက် နံနက် ၃နာရီတွင် ကွယ်လွန်အနိစ္စရောက်ပြီဖြစ်၍ ယင်းနေ့တွင် ပြင်ဦးလွင်မြို့ ကုန်းဘောသုသာန်၌ သဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဘုရား၊ ကျောင်း၊ ရဟန်းဒါယကာကြီး
ဦးမောင်ခင် (၈၄)နှစ်
(ဝါးခယ်မ)

(ဦးထွန်းမြိုင်–ဒေါ်မမကြီး)တို့၏ သား (ဦးဘိုးမြ–ဒေါ်ဖွားကြီး)၏ သားမက်၊ ဝါးခယ်မမြို့၊ အမှတ်(၄)၊ ကမ်းနားလမ်း၊ ဆေးရုံရပ်နေ မြနန်းသိဂီ ဆေးတိုက်ပိုင်ရှင် ဒေါ်ကြည်၏ ခင်ပွန်း၊ (ဦးသွင်)–ဒေါ်တင်တင်ဦး၏ အစ်ကိုကြီး၊ ဒေါ်ခင်ဆွေမြ၊ ဦးသန်းနိုင် (မြဘယဆေး)–ဒေါ်ခင်မာဦး (ဈေး–အမက)၊ ရန်ကုန်မြို့နေ ဦးဇေယျမောင် (ဦးစီးအရာရှိ၊ ငြိမ်း၊ ရေလုပ်ငန်း)– ဒေါ်ခင်ဆွေရီ (တရားရုံးချုပ်ရှေ့နေ)၊ ဒေါ်ကြူကြူဆွေတို့၏ ဖခင်၊ ကိုအုပ်ဖြိုးဟိန်း (မြေစာရင်း၊ ဝါးခယ်မ)၊မရီသဲမောင် (Ley Choon Co; S'pore)၊မဝင်းလဲ့ရွှေရည် (ဒုသမတန်း၊ အထက–၁)တို့၏ ချစ်လှစွာသော အဘိုးသည် ၂-၇-၂၀၀၃(ဗုဒ္ဓဟူးနေ့) ည ၇:၁၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၄-၇-၂၀၀၃(သောကြာနေ့) မွန်းတည့် ၁၂ နာရီတွင် ဝါးခယ်မ သုသာန်သို့ ပို့ဆောင် သဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဦးကျော်မြင့်(ခ)
အောင်ကောင်းလီ
အသက်(၄၇)နှစ်

ရန်ကုန်မြို့၊ လသာမြို့နယ်၊ အမှတ်(၆၆)၊ လသာလမ်းနေ (ဦးအန်ဟုတ်ဆိုင်)–ဒေါ်တန်ကင်အိန်းတို့၏သားထွေး၊ (ဦးအန်ကုအင်)–ဒေါ်အခွန်း၊ ဦးအန်ကုဝါ–ဒေါ်ရွှေကြူ၊ ဒေါ်အောင်ဝေဝေ–ဦးအခိန်၊ ဒေါ်အောင်ဘီဘီ၊ဦးကျော်မိုး–ဒေါ်လှလှတို့၏ ညီ/မောင်၊ဒေါ်ကြူကြူ–ဦးချစ်ဝေ၏ အစ်ကို၊တူ/တူမ ၁၇ယောက်တို့၏ ဦးလေး ဦးကျော်မြင့်သည် ၃၀-၆-၂၀၀၃ရက်တွင် ကွယ်လွန်ပါ၍ ၂-၇-၂၀၀၃ရက်တွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဦးကော့အင်း(ခ)
ဦးအောင်ကြည် (၈၁)နှစ်
(ဒေါ်ခင်စောရွှေဆိုင်)
(တောင်ငူ)

တောင်ငူမြို့၊ ဗိုလ်မှူးဖိုးကွန်းလမ်းနေ ရွှေကုန်သည်(ဒေါ်ခင်စော)၏ ခင်ပွန်း၊ ဦးလှထွန်း–ဒေါ်ဝင်း၊ ဒေါက်တာစိုးဟန်–ဒေါက်တာဒေါ်နုနုဝင်း၊ ဦးရဲဝင်း–ဒေါ်စမ်းစမ်းမြင့်၊ ဒေါ်အေးအေးစန်းတို့၏ ဖခင်၊ မြေး ၁၁ယောက်၊ မြစ်လေးယောက်တို့၏ အဘိုးဦးကော့အင်းသည် ၁-၇-၂၀၀၃ ရက် ညနေ ၄နာရီတွင် ကွယ်လွန်ပါ၍ ၃-၇-၂၀၀၃(ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် တောင်ငူမြို့ အနောက်သုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ရဟန်းဒါယကာ
ဦးလှမိုး(၃၈)နှစ်

ရန်ကုန်မြို့နေ ဦးမောင်စော [ဗိုလ်ကြီး (ငြိမ်း) လုပ်ငန်းစစ်ဆေးရေးအရာရှိ (ရပ်ရှင်)]–ဒေါ်သင်းကြည်တို့၏ မြေး၊ ဦးသန်းထွန်း–ဒေါ်မာရီ၊ (Dr.အဲလ်ဘတ်အောင်ကျော်)၊ ဦးစံမင်း–ဒေါ်ထရီဇာ၊ Dr.သိန်းလင်း–ဒေါ်ရီရီမြင့်၊ ဒေါ်ခင်ခင်မြင့် (စာရင်းကိုင်–၂၊ ရုပ်ရှင်လုပ်ငန်း)၊ ဒေါ်တင်တင်ဝင်း(English Tour Guide)၊ Captသိန်းအေး (Mariner Co., Ltd.)–ဒေါ်မြင့်မြင့်စိန်၊ ဦးမျိုးမြင့် (3/E Uniteam)–ဒေါ်တင်အေး၊ ဒေါ်အေးအေးသင်း(ထ–၂၊သဃ်္ဃန်းကျွန်း)၊ဦးမျိုးတင့် (Haisoon Co., Ltd.)– ဒေါ်ကြည်ကြည်မြင့်(ခေတ္တ– Australia)၊ ဦးစံလှမြင့် (3/E Uniteam)– ဒေါ်မြမြသင်း (သရုပ်ပြသတ္တဗေဒဌာန၊ ငြိမ်း)တို့၏ တူသည် ၂-၇-၂၀၀၃(ဗုဒ္ဓဟူးနေ့) ညနေ ၄:၅၅နာရီတွင် ကွယ်လွန်ပါ၍ ၃-၇-၂၀၀၃ရက် နံနက် ၁၀နာရီတွင် အမှတ်(၇၃) မြောင်းကြီး လမ်း၊ရေကျော်နေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ရဟန်းအမ
ဒေါ်မမြတင် (၇၃)နှစ်
မြောက်ဦးမြို့နယ်
မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း
(ဥက္ကဋ္ဌဟောင်း)

ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ်၊ပုဇွန်ဖေရွာ (ဦးစိန်လုံး–ဒေါ်မသိန်းမြ)တို့၏ သမီး၊ ရန်ကုန်မြို့၊ အမှတ်(၉၂၇) ကျောင်းကုန်း(၃)လမ်းသွယ်၊(၇)ရပ်ကွက်၊ လှိုင်မြို့နယ်နေ ဦးကျော်ထွန်း (ကျောင်းအုပ်–ငြိမ်း)၏ ချစ်လှစွာသောဇနီး၊ ဦးစစ်လှိုင်၊ ဦးဦးစစ်လှိုင်၊ ဦးစံရွှေမောင် (ဆပ်ပြာစက်ရုံအမှတ်–၂) – ဒေါ်စိန်စိန်အေး၊ တကကစာရေးမြင့်အေး–ဒေါ်နုနုအေး၊ မောင်တင်အောင်တို့၏ ချစ်လှစွာသောမွေးသမိခင်၊အောင်နိုင်ထွန်း(ခေတ္တ – မလေးရှား)၊ ကျော်သန်းနိုင်၊ ကောင်းစံရွှေ၊ ကောင်းပြည့်စံတို့၏အဘွားရှင်သည် ၁-၇-၂၀၀၃ ရက်တွင် ကွယ်လွန်သွားပါ၍ ၃-၇-၂၀၀၃ ရက် ညနေ ၃နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှ ကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးချစ်ထွန်း(၇၁)နှစ်
ဥက္ကလာပစေတီ ဂေါပကအဖွဲ့ဝင်နှင့်
ဟောမဝန်ဈေး ဥက္ကဋ္ဌ
(ပုသိမ်မြို့)

ရန်ကုန်မြို့၊အမှတ်(၃၁၂)၊ ရတနာလမ်း၊ (၁၁)ရပ်ကွက် တောင်ဥက္ကလာပမြို့နယ်နေ ဒေါ်အုန်းသန့်၏ ခင်ပွန်း၊ (ဦးကျော်ဝင်း–ဒေါ်တင်လှိုင်)၊ (ဦးကျော်ရင်) ဒေါ်စန်းရီ၊ ဦးအုန်းမြင့်– ဒေါ်ခင်ရီတို့၏ အစ်ကို၊ ဦးစိုးလွင်–ဒေါ်ရီရီဌေး (မင်္ဂလာဈေး)၊ ဒေါ်ယဉ်ယဉ်နွဲ့၊ဦးသန်းဇော်၊ ဦးဌေးအောင်–ဒေါ်ခင်သီဂီ(မြို့နယ်ဦးစီးမှူး၊ မြို့/အိုး၊စစ်တွေမြို့)၊ ဦးဇော်သောင်း(ဗဟိုစာရင်းအင်းအဖွဲ့)၊ဦးအောင်မိုးလွင်–ဒေါ်ကြည်ကြည်ဟန်၊ ဒေါ်နွယ်နီစိုး (အေးချမ်းသာမှုကြို)တို့၏ ဖခင်၊ မြေး ငါးယောက်၏ အဘိုးသည် ၂-၇-၂၀၀၃ရက်တွင် ကွယ်လွန်ပါ၍ ၄-၇-၂၀၀၃ (သောကြာနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ ညနေ ၃:၁၅ နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး
ဒေါ်ခင်တင့် (၈၆)နှစ်
(မန္တလေး)

မန္တလေးမြို့၊ (၃၁)လမ်း၊ (၈၂x၈၃) လမ်းကြားနေဝဏ္ဏကျော်ထင်(ဒေါ်သြဘာသောင်း)တို့၏သမီး၊ချွေးမ၊တင့်ဆန်းပုံနှိပ်တိုက်ပိုင်ရှင်(ဦးလစ်ပသန်း)၏ ဇနီး၊ ဦးစိန်ဝင်း(ဦးစီးအရာရှိ၊ စုံစမ်းရေး၊ စစစ၊ ပဲခူးတိုင်း၊တောင်ငူမြို့) –ဒေါ်ပိုက် ပိုက်၊ (ဦးလှဘော်) (ဆိုင်မန်နေဂျာ၊ မြန်မာ့ရေနံ)–ဒေါ်အမာရီ၊ (ဦးစိုးဝင်း)–ဒေါ်ဌေးဌေး၊ ဦးဝင်းသူ(လ/ထ ကထိက၊ ရူပဗေဒဌာန)၊ ဦးသိန်းဌေး–ဒေါ်သီတာဝင်းတို့၏ ချစ်လှစွာသော မိခင်၊ မြေး ၁၁ ယောက်တို့၏ အဘွား၊ မြစ်လေးယောက်တို့၏ ဘွားဘွားကြီးသည် ၁-၇-၂၀၀၃ ရက်တွင် ကွယ်လွန်ပါ၍ ၃-၇-၂၀၀၃ (ကြာသပတေးနေ့) နံနက် ၁၀ နာရီတွင် အထက်ပါနေအိမ်မှ ကြာနီကန်သုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဦးကော့အင်း(ခ)ဦးအောင်ကြည်
အသက်(၈၁)နှစ်
(ဒေါ်ခင်စောရွှေဆိုင်)
(တောင်ငူ)

တောင်ငူမြို့၊ ဗိုလ်မှူးဖိုးကွန်းလမ်းနေ ရွှေကုန်သည်(ဒေါ်ခင်စော)၏ ခင်ပွန်း၊ ဦးမောင်မောင်လွင် (ရဲဝင်းတွင်ခုံ)–ဒေါ်စပယ်၊ ဦးခင်မောင်ဝင်း(တောင်ထိပ်ပန်းစားသောက်ဆိုင်)–ဒေါက်တာအေးမြဝင်း(လ/ထ ဆရာဝန်၊ တောင်ငူပြည်သူ့ဆေးရုံ)၊ ဦးမိုးနိုင်(ဒီပါထွန်းတွင်ခုံ)၊ မငြိမ်းငြိမ်းအိ၊ မဝင်းဝင်းထွန်း(ပဉ္စမနှစ်၊ မြို့ပြ၊ ပြည်စက်မှု)၊ မောင်ဆွေလင်း(Final Part II၊ ဆေး–၂)၊ မောင်ဆွေကျင်း(Final Part I)၊မောင်ဆွေချမ်း(2nd M.B.B.S၊ ဆေး–၂)၊ မောင်ရဲလင်း(4th BDS ရန်ကုန်)၊ မဝင်းဝင်းသွယ်(2nd M.B,.B.S ဆေး–၂)၊ မောင်ရဲထွေး(နဝမတန်း–က၊ အထက–၁၊ တောင်ငူ)တို့၏ အဘိုး၊ မြစ်လေးယောက်တို့၏ ဘိုးဘိုးကြီး ဦးကော့အင်းသည် ၁-၇-၂၀၀၃ ရက်တွင် ကွယ်လွန်သွားပါ၍ ၃-၇-၂၀၀၃ (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် တောင်ငူမြို့ အနောက်သုသာန်သို့ ပို့ဆောင် ဂူသွင်းသဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဦးမောင်မောင်အေး (၄၈)နှစ်
B.Sc (Maths)
ဌာနစုမှူး၊ နိုင်ငံတော်သမ္မတရုံး

(ဦးလှမောင်–ဒေါ်မြတင်)တို့၏ သား၊ ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်နေ (ဦးထွန်းတင်)–ဒေါ်စန်းကြည်တို့၏ သားသမက်၊ ရန်ကုန်မြို့၊ ဒဂုံမြို့နယ် သမ္မတအိမ်တော်ဝင်းနေ ဒေါ်သန်းဌေး၏ ခင်ပွန်း၊ မောင်ဖြိုးဝေထွန်း(ပ–နှစ်စီးပွားစီမံ)၊ မောင်ဇေယျာမျိုးမင်း(X အထက–၄၊အလုံ)၊ မောင်ဒီပါလွင်(VIII အထက–၄၊ အလုံ)တို့၏ ဖခင် ဦးမောင်မောင်အေးသည် ၁-၇-၂၀၀၃ရက် နံနက် ၀၀:၁၃ နာရီတွင် သဃ်္ဃန်းကျွန်းစံပြဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၃-၇-၂၀၀၃ (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင် သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၁၁:၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ၅၂လမ်း၊ အမှတ်–၇၇၊ (မဟာဗန္ဓုလလမ်းထောင့်) ကြေးမုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာ အမှတ်–၁၁၈၈၊ကြေးနန်းလိပ်စာကြေးမုံ၊စာတည်းမှူး၂၉၁၈၃၂၊စာတည်းများ၂၉၂၈၃၂၊ သတင်းထောက်မှူး၂၉၂၈၃၃၊ မန်နေဂျာ၂၉၁၈၃၃၊ စီမံ/ငွေစာရင်း၂၉၁၄၅၄၊ ဖြန့်ချိရေး ၂၉၂၈၃၀၊ ကြော်ငြာ၂၉၉၄၂၇၊ ပုံနှိပ်၂၉၂၈၃၁။ R/184

မြန်မာနိုင်ငံတွင် ရေကိုလိုအပ်သည့်အချိန်၊ လိုအပ်သည့်အတိုင်းအတာအထိရရှိနိုင်ပြီး သီးနှံများအချိန်ကာလမရွေးစိုက်နိုင် ပဲခူးတိုင်းရေတာရှည်မြို့နယ်တွင် ချောင်းမကြီးတမံ (မြို့လှ)စီမံကိန်းအကောင်အထည်ဖော် တည်ဆောက်နေ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆည်ရေသောက်စနစ်တွင် ကြံစိုက်ပျိုးခြင်းဖြင့် သကြားစက် ကုန်ကြမ်းဖူလုံရေး ထောက်ကူမည်

ရန်ကုန် ဇူလိုင် ၂

လူနေမှုဘဝ စားသောက်မှုဖူလုံရေးအတွက် မြန်မာနိုင်ငံတွင် ရေကိုလိုအပ်သည့်အချိန်၊ လိုအပ်သည့် အတိုင်းအတာအထိ ရရှိနိုင်ပြီး သီးနှံများကို အချိန်ကာလမရွေး စိုက်ပျိုးနိုင်ပြီဖြစ်သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက စိုက်ပျိုးရေရရှိရေးနှင့် စပ်လျဉ်း၍ လယ်ယာစိုက်ပျိုးမှုတွင် စိုက်ပျိုးရေရရှိရေးနှင့် ပတ်သက်၍ လမ်းညွှန်မိန့်ကြားခဲ့ရာတွင် **စိုက်ပျိုးမှုမှာ လယ်မြေကောတိုးတက်လာရေးအတွက် စိုက်ပျိုးရေရရှိရေးကို တိုးမြှင့်အကောင်အထည်ဖော်ခဲ့ကြောင်း၊ ဆည်မြောင်းတာတမံများတည်ဆောက်ပေးခြင်း၊ ရေဝေရေလဲဒေသမှ စီးဆင်းသည့်ရေများကို အပြည့်အဝသိုလှောင်အသုံးချရေးစီမံဆောင်ရွက်ပေးပြီး မြစ်ချောင်းများမှရေကို ရေစက်ဖြင့် စုပ်တင်ပေးခြင်းတို့ကို အကောင်အထည်ဖော်ပေးခဲ့ကြောင်း**ဖြင့် ပြောကြားခဲ့သည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရသည် နိုင်ငံတော်ကို အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးတည်ချက်များ ချမှတ်ဆောင်ရွက်လျက်ရှိရာတွင်စီးပွားရေးဦးတည်ချက်လေးရပ်အနက် စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်လာအောင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်၏စီးပွားရေးတိုးတက်စေရန်နှင့် ဒေသဖွံ့ဖြိုးရေးအတွက် ရေသယံဇာတ၊ မြေသယံဇာတများကို ဖော်ထုတ်အသုံးပြုရန် စဉ်ဆက်မပြတ်စူးစမ်းလေ့လာလျက်ရှိရာ ပဲခူးတိုင်း ရေတာရှည်မြို့နယ်တွင် ချောင်းမကြီးရေလှောင်တမံ (မြို့လှ)စီမံကိန်းမှာ တည်ဆောက်အကောင်အထည်ဖော်ဆောင်ရွက်သွားရန် သင့်လျော်သော စီမံကိန်းတစ်ခုဖြစ်သည့်အတွက် လုပ်ငန်းများ ဆောင်ရွက်နေပြီဖြစ်သည်။

အထောက်အကူပြုရန်

ချောင်းမကြီးရေလှောင်တမံ (မြို့လှ)စီမံကိန်း ဆောင်ရွက်ခြင်းဖြင့် ပဲခူးတိုင်း ရေတာရှည်မြို့နယ်အတွင်းရှိ မြေဧရိယာဧက ၃၀၀၀ဝခန့်သို့ ဆည်ရေပေးဝေစိုက်ပျိုးနိုင်မည်ဖြစ်သည့်အတွက် ဒေသအတွင်း ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုရန်နှင့် ဆည်ရေသောက်စနစ်တွင် ကြံစိုက်ပျိုးခြင်းဖြင့် တောင်ဇင်အေးနှင့် မြို့လှသကြားစက်ကုန်ကြမ်းဖူလုံရေးကိုလည်း အထောက်အကူပြုရန် ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။

ချောင်းမကြီး ရေလှောင်တမံ (မြို့လှ)စီမံကိန်းသည် ပဲခူးတိုင်း ရေတာရှည်မြို့နယ်အတွင်း မြို့လှမြို့မှ လေးမိုင်ခန့်အကွာတွင်တည်ရှိပြီး ချောင်းမကြီးချောင်းကိုပိတ်၍ ၂၀၀၂-၂၀၀၃ ခုနှစ်တွင် စတင်ဆောင်ရွက်နေပြီဖြစ်သည်။

ကွင်းဆင်းလေ့လာ

ချောင်းမကြီးရေလှောင်တမံ (မြို့လှ)စီမံကိန်းနှင့်ပတ်သက်၍ ကြေးမုံသတင်းအဖွဲ့သည် လွန်ခဲ့သောဇွန် ၁၀ ရက်က စီမံကိန်းတည်ရှိရာ မြို့လှမြို့နှင့် လေးမိုင်ခန့်အကွာတွင်ရှိ ချောင်းမကြီးရေလှောင်တမံ(မြို့လှ) တည်ဆောက်ရေးလုပ်ငန်းသို့ ကွင်းဆင်းလေ့လာခဲ့ကြသည်။

ကြေးမုံသတင်းအဖွဲ့အား လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်အောင်က ရှင်းလင်းဆောင်တွင် စီမံကိန်းဆိုင်ရာများနှင့် ပတ်သက်၍ ပုံစံကားချပ်များဖြင့် ရှင်းလင်းပြောပြသည်။ **စာမျက်နှာ ၁၀ ကော်လံ ၁ သို့** ✧

ကွင်းဆင်းလေ့လာရေးသားသူ-ကျော်စိန်
ဓာတ်ပုံမှတ်တမ်း-အောင်မိုး

ရေထုတ်ပြွန်

ရေတာရှည်မြို့နယ် ချောင်းမကြီးရေလှောင်တမံ(မြို့လှ) တွင် တည်ဆောက်လျက်ရှိသောရေထုတ်ပြွန်ကို အပြီးသတ် အချောလုပ်ငန်းဆောင်ရွက်လျက်ရှိသည်ကို တွေ့ရစဉ်။ (ဓာတ်ပုံ-အောင်မိုး)



ချောင်းမကြီးရေလှောင်တမံ(မြို့လှ)

ရေတာရှည်မြို့နယ် ချောင်းမကြီးရေလှောင်တမံ (မြို့လှ) ရေထုတ်ပြွန်မှ ထုတ်လွှတ်သောရေများကို ရေသောက်ဧရိယာသို့ ရေမြောင်းဖြင့် ရေသွယ်ပေးရန် ဆောင်ရွက်ထားသည်ကို ဤသို့ တွေ့ရသည်။ (ဓာတ်ပုံ-အောင်မိုး)